www.burmeseclassic.com



# ဆရာတို့ကိုသာလွမ်း

BURMESE CLASSIC

## ချစ်ဦးညို

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## တို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

❖ ❖ ❖

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

❖ ❖ ❖

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

❖ ❖ ❖

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

❖ ❖ ❖

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ချစ်ဦးညို

# ဆရာတို့ကိုသာ...လွမ်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❖ ၅၀၀၇၅၂၀၇၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၅၀၀၈၅၀၀၈၁၀

ထုတ်ဝေသူ ❖ ဦးနေမျိုး (နေမျိုးစာပဒေသာ)
၁/သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ❖ ဦးသိန်းလွင် (မြဲ-၀၅၃၆၆)
ရွှေဟင်္သာပုံနှိပ်တိုက်၊
အမှတ် (၃၁)၊ ဦးရွှေဂွန်းလမ်း၊
ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။

တွန်မျှတာစာစီ ❖ နရဏီ (☎-၃၈၉၇၉၃)

ပြီးစီးသည့်လ ❖ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

ပုံနှိပ်ခြင်း ❖ ဒုတိယအကြိမ်

ဖြန့်ချိရေး ❖ စာပေခရီးသွားများ စာပေ
၄၃၃(C)၊ ၃-လွှာ၊ ဗမ္မာရုံလမ်း၊
(၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
📱-၀၉၅၄၀၃၃၆၉၊ ၀၉၅၄၁၅၃၀၉

အုပ်ရေ ❖ ၅၀၀

တန်ဖိုး ❖ ၁၅၀၀ ကျပ်

၈၀၈.၈၃
ချစ်ဦးညို
ဆရာတို့ကိုသာ.......လွမ်း / ချစ်ဦးညို။ — ရန်ကုန်၊
နေမျိုးစာပဒေသာ၊ ဒုတိယအကြိမ်၊ ၂၀၁၀။
၁၅၆ -စာ၊ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ။
(၁) ဆရာတို့ကိုသာ.......လွမ်း

## မာတိကာ

၁။ စာရေးသူ ချစ်ဦးညို ၇
၂။ အလွမ်းအမှာစာ ၁၀
၃။ ဒုတိယအကြိမ်ထုတ်ဝေခြင်းအတွက် စာရေးသူ၏အမှာစာ ၁၃
၄။ ဆရာတို့ကိုသာ...လွမ်း ၁၅
၅။ ဟောပြောပွဲ ခေါင်းဆောင်ကောင်း (သို့မဟုတ်)ဆရာမင်းကျော် ၂၈
၆။ ချစ်သောဆရာမြ (သို့မဟုတ်) မြသန်းတင့် ၃၁
၇။ ပကာသနီကျမ်း
(သို့မဟုတ်) ဆရာကြီး(ဦး)ဆန်းထွန်း [မန်းတက္ကသိုလ်] ၄၇
၈။ မထူးခြားလျှင် ဘာမှမလုပ်ချင်သူ
(သို့မဟုတ်) အထောက်တော်လှအောင် ၆၉
၉။ ခပ်ကြမ်းကြမ်းလေး ပျော်တတ်သူ
(သို့မဟုတ်) ဆရာသော်တာဆွေ ၇၁
၁၀။ တကယ်ပြည့်သူချစ်သော အနုပညာသည်
(သို့မဟုတ်) မြတ်လေး ၈၅
၁၁။ ဂီတဖြင့် စာပေဟံခါးဖွင့်သူ (သို့မဟုတ်) ဝင်းဦး ၉၉
၁၂။ အကဲဒမစ် အနုပညာသမား
(သို့မဟုတ်) တက္ကသိုလ်ဘုန်းနိုင် ၁၁၁
၁၃။ ဝေဒနာကို စွမ်းအင်အဖြစ်သို့အောင်မြင်လှပစွာကူးပြောင်းယူခြင်း
(သို့မဟုတ်) စန္ဒရားချစ်ဆွေ ၁၂၈
၁၄။ ထွက်သက်ဝင်သက်တိုင်းမှာ ဂီတဖြင့် ရှင်သန်(ပေါက်မြောက်)သူ
(သို့မဟုတ်) ဂီတလုလင်မောင်ကိုကို ၁၃၇
၁၅။ အနုတွေအလှတွေနဲ့ သုတေသနစာရေးဆရာ
(သို့မဟုတ်) ငြိမ်းကျော် ၁၄၇

www.burmeseclassic.com

# ချစ်ဦးညို

စာရေးဆရာ ချစ်ဦးညိုကို ၁၉၄၈ ဒီဇင်ဘာ၃၀တွင် မန္တလေးမြို့၌ အဖ ဦးရွှေဒေါင်းညို၊ အမိဒေါ်စိန်ရင်တို့မှ ဖွားမြင်သည်။ မွေးချင်း ၇ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်စွာဖြစ်သည်၊ မန္တလေးမြို့၊ နန်းတော်ရှေ့၊ မတ္တရာတိုက် မူလတန်းကျောင်းတွင် အခြေခံပညာ ဆည်းပူးခဲ့ပြီး ၁၉၅၆တွင် မန္တလေးမြို့ ဝက်စလီကျောင်းနှင့် ဘီ.ဘီအိုအေကျောင်းများ၌ အလယ်တန်း တက်ရောက်ခဲ့သည်။ မန္တလေး အထက(၁)မှ ဆယ်တန်းအောင်ခဲ့ပြီး ၁၉၆၂တွင် မန္တလေးတက္ကသိုလ်၌ ဥပစာ ဝိဇ္ဇာ(က)တန်း တက်ရောက်သည်။ ၁၉၆၃-၆၈တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ ဒဿနိကဗေဒအဓိကဖြင့် တက်ရောက်ပြီး ၁၉၆၈တွင် ဂုဏ်ထူးသုံးဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ မဟာဝိဇ္ဇာ ဆက်လက် တက်ရောက်ခဲ့သည်။

၁၉၇၀မှစ၍ လုပ်သားများကောလိပ်၊ စစ်တွေကောလိပ်၊ ဗဟိုသမဝါယမ သင်တန်းကျောင်းတို့တွင် နည်းပြဆရာအဖြစ် အမှုထမ်းခဲ့ကာ ၁၉၇၅တွင် အမှုထမ်းဘဝကို စွန့်လွှတ်ပြီးနောက် ဇာတ်အဖွဲ့ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ၊ ကျူရှင်ဆရာအဖြစ်ကျင်လည်ခဲ့သည်၊

www.burmeseclassic.com



၁၉၇၀ အောက်တိုဘာလထုတ် မိုးဝေစာပေမဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်စာမူအဖြစ် 'ရန်ကုန်မြို့အလယ်' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ မိုးဝေစာပေမဂ္ဂဇင်းနှင့်ရှုမဝရုပ်စုံမဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ဘာသာပြန်များ ရေးသားခဲ့သည်။ ပထမဆုံး လုံးချင်းဝတ္ထုမှာ "လက်ဒ္ဒီပချစ်သူ" (၁၉၇၇) ဖြစ်ပြီး သူ၏ အထင်ရှားဆုံးဝတ္ထုလည်း ဖြစ်သည်။ သူ၏အခြားထင်ရှားသောဝတ္ထုများမှာ "ချစ်သောပါဒကေရီ"(၁၉၇၉)၊ "နှင်းကေသရာချစ်တဲ့သူရဲကောင်း"(၁၉၇၉)၊ "သုဝဏ္ဏဘူမိ ဝေဒနာ" (၁၉၈၀)၊ "ခုနစ်အိမ်တန်းက မဂ္ဂျမ်းဘုံ" (၁၉၈၁)၊ "တိမ်တိမ်တွေဖုံးပါလို့ အုန်းခြိမ့်ခြိမ့်ညံ"(၁၉၈၃)(၂၀၀၄)၊ "ရွှေတိုက်စိုး"(၁၉၈၆)၊ "ရတနာ့ဂီရိအကျဉ်းသား"(၁၉၈၉)၊ "မဏိစန္ဒာဥဒါန်း"(၁၉၉၁)၊ "ဘဒ္ဒါ" (၁၉၉၃)၊ "ရာဇကုမာရ"(၁၉၉၄)။ "ရှင်စောပု" (၁၉၉၆)။ "လောကဓံနှင့် လမ်းလျှောက်အတူသွက်ခြင်း"(၁၉၉၉)၊ "သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေမယ့် စကားများ" (၁၉၉၉)တို့ဖြစ်ကြသည်။ စာရေးသက် ၂၆နှစ်အတွင်း ဗုဒ္ဓယဉ်ကျေးမှုနောက်ခံဝတ္ထု ၁၅အုပ်၊ သမိုင်းနောက်ခံဝတ္ထု ၁၇အုပ်၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းချုပ် ၈အုပ်၊ လူမှုရေးအတွေးအခေါ်ဆိုင်ရာ ၈အုပ်၊ သုတေသနစာတမ်း ၅စောင် ရေးသားထုတ်ဝေပြီးဖြစ်သည်။

ချစ်ဦးညိုသည် စာပေရေးသားရင်း သဘင်မဂ္ဂဇင်း စာတည်းချုပ် (၁၉၈၃-၁၉၈၈)နှင့်ရွှေပြည်တန်ဂျာနယ် စာတည်းချုပ်(၁၉၉၉-၂၀၀၀) အဖြစ် လုပ်ခဲ့သည်။ ၁၉၉၇တွင် တက္ကသိုလ်ဘုန်းနိုင်၏ "သူကျွန်မခံပြီ"ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးရာ၌ ဇာတ်ညွှန်းနှင့် အနုပညာဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ၊ ဇာတ်သဘင်ပြိုင်ပွဲကဏ္ဍတွင်အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် နှစ်စဉ်တာဝန်ယူလျက်ရှိသည်။ ၁၉၉၈-၂၀၀၂နှစ်များအတွင်းတွင် စင်္ကာပူ၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မလေးရှားနှင့်အမေရိကန်နိုင်ငံများသို့ စာပေနှင့်ယဉ်ကျေးမှုအနုပညာဆိုင်ရာ လုပ်ငန်းများအတွက်သွားရောက်ခဲ့သည်။ ၂၀၀၁ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မြောက်



အီလီနွိုက်တက္ကသိုလ်တွင် ပြုလုပ်သော(International Ramayana Conference) တွင် (The Role of Ramayana In Myanmar Society) စာတမ်း တင်သွင်းဖတ်ကြားခဲ့သည်။ ၂၀၀၂တွင် အမေရိကန်ပြည်ထောင်စုအိုင်အိုဝါတက္ကသိုလ်မှ ဦးစီးသော(The International Writing Program)သို့ တက်ရောက်ခဲ့ပြီး (Honorary Fellow In Writing) အသိအမှတ်ပြုလွှာရရှိခဲ့သည်။

ယခုတိုင် စာပေရေးသားခြင်း၊ ဇာတ်ညွှန်းရေးသားခြင်းလုပ်ငန်းများအပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင်၊ ပြင်ပ စာစစ်မှူးနှင့် ဇာတ်သဘင်ပညာဌာန အကြံပေးအဖြစ်လည်း တာဝန် ထမ်းဆောင်လျက်ရှိသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## အလွမ်းအမှာစာ

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ရုပ်ပုံလွှာအဖွဲ့ကိုရေးရန်ဆိုသည်မှာ အတော်ကို မလွယ်လှသောအရာ ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်က တစ်နည်းနည်းဖြင့် ထင်ရှားကျော်ကြားသူဖြစ်နေလျှင် ပို၍မလွယ်တော့။ ကာလ ဒေသ၊ ခေတ်ပြိုင်အခြေအနေ နောက်ခံ(ဘက်ဂရောင်း)တွင် ပုဂ္ဂိုလ်၏ ကံသုံးပါးအပြုအမူကို (ဖိုးကပ်စ်)ပြတ်အောင် ဖော်ပြနိုင်ရမည်။ ခြောက်ပစ်ကင်း သဲလဲစင်ဟူ၍ မရှိနိုင်သော ပုထုဇဉ်များချည်းဖြစ်လေရာ၊ ရေးသားဖော်ပြ ဖွဲ့ဆိုရင်းဖြင့် လက်ဆလွန်၊ လက်ဆမှားသွားခဲ့သည်ရှိသော်... အရေးခံပုဂ္ဂိုလ်လည်းမကောင်း၊ ရေးသူလည်းမကောင်း.... အင်း... ဖတ်ရသူများအဖို့ လည်း မကောင်းပါ။

**"ဆရာတို့ကိုသာ....လွမ်း"** အမည်ရှိ ဤစာစုလေးများသည် စာပေ ဂီတ၊ ရုပ်ရှင်နယ်မှ ထင်ရှားသော အနုပညာရှင်များ၏ပုံရိပ်ကို ရေးခြယ်ထားခြင်းဖြစ်ပါသည်။ နောက်ခံဘက်ဂရောင်းက စာပေဟောပြောပွဲခရီးစဉ် ဖြစ်ပါသည်။ ထိုထိုပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိမဟုတ်ပါ။ လျှပ်တစ်ပြက် ရုပ်ပုံလွှာ အမျိုးအစားပင် ဖြစ်လေသည်။

တစ်ချိန်ချိန်မှာ ဤစာစုများကို ရေးအံ့....ဟူသော ရည်ရွယ်ချက်ရှိခဲ့သည် မဟုတ်ပါ။ ဆရာတို့နှင့်အတူ ခရီးသွားဟောပြောခွင့် ရခဲ့ချိန်တုန်းက သူတို့ရုပ်ပုံများ မိမိရင်ထဲ စွဲထင်ခပ်နှိပ်မိခဲ့သွားတာကိုလည်း မိမိကိုယ်တိုင် မသိခဲ့ပါ။



ဆရာတို့တစ်တွေ... မရှိတော့မှ... သည်ဘက်ပိုင်း စာပေဟောပြောပွဲခရီးတွေ ထွက်ရတော့မှ ဟိုတုန်းက ဆရာတို့နှင့် အတူသွား၊ အတူလာ အတူဟောပြောခဲ့သည့် ဖြစ်ရပ်တွေကို သတိရလာလေသည်။ သတိရခြင်းနှင့်အတူ ထပ်ကြပ်လိုက်ပါလာသည်က လေးစားချစ်ခင်မှုနှင့်ယှဉ်သော... အလွမ်း...။ စာပေဟောပြောပွဲ ခရီးထွက်တိုင်းပင်၊ အတူသွားဖော်များအချင်းချင်း၊ ထိုအလွမ်းကို တသသ ထုတ်ဖော်ပြောဆိုမိကြသည်။ ကျွန်တော့်မှာတော့ 'ဘယ်သူ့ကိုတော့ သတိရလိုက်တာ... လွမ်းလိုက်တာ...' စသည် နှုတ်မှ ပြောဆိုလိုက်ရုံမျှဖြင့် အားမရနိုင်တော့။ ထို့ကြောင့် စာအဖြစ် ရေးချ ထုတ်အံ ဖြစ်သွားပါသည်။

ဤစာစုတွင် ဆရာ ၈ဦးတို့၏ ရုပ်လွှာများ ပါရှိပါသည်။ တကယ်တော့ လွမ်းရမည့်ဆရာတွေ ရှိနေပါသေးသည်။ အခါအခွင့်သင့်သော တစ်ချိန်ချိန်မှာ ရေးရပါဦးမည်။

လေးစားချစ်ခင်မှု၌ အခြေပြုပေါက်ဖွားသော အလွမ်းဖြစ်လေရာ အရေးခံပုဂ္ဂိုလ်တို့၏ ကျန်ရစ်သူ မိသားစုများအနေနှင့် တစ်စုံတစ်ရာ ငြိုငြင်ဖွယ်မရှိဟု ယူဆပါသည်။ သည်ကတည်းကမှ ကျွန်တော်၏ 'လက်ဆ' မမှန်မှုကြောင့် တစ်ခုခု စွန်းငြိသွားမည်ဆိုပါက ....သွားလေသူ ဆရာတို့၏ ဝိညာဉ်နှင့်တကွ ကျန်ရစ်သူမိသားစုအား ဤနေရာမှ တောင်းပန်ပါသည်။

ငယ်ဘဝအလွမ်း၊ အချစ်လွမ်းမဟုတ်သော ဤအလွမ်းတွင် ခွန်အားတစ်ခု လှပစွာ ကိန်းအောင်းနေပြန်ပါတော့သည်။ ယင်းကား... ဆရာတို့ကို လွမ်းရင်းမှ၊ ဆရာတို့ကို နှစ်သက်အားကျ လာခြင်းဖြင့် ဆရာတို့ လက်ဆင့်ကမ်းပေးခဲ့သော အလံတံခွန်ကို ရိုသေစွာ စွဲကိုင်လျက် ဆက်လက်လျှောက်လှမ်းရဦးမည်သာတကား... ဟူသော ခွန်အား ဖြစ်ပါသည်။ 'အပူမှသည် စွမ်းအင်သို့....' သဘော ဖြစ်လိမ့်မည် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ကိုသ...လွမ်း"ကို အပတ်စဉ် အခန်းဆက်အဖြစ် ဖော်ပြပေးခဲ့သော "လယ်ယာစီးပွားသတင်း"ဂျာနယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ ယခုလို စာတစ်အုပ်ဖြစ်အောင်စီစဉ်ပေးသော ပုဂံစာအုပ်တိုက်နှင့်တကွ ကျေးဇူးတင်ထိုက်သူအပေါင်း၏ ကျေးဇူးတရားကို မှတ်တမ်းထိုးအပ်ပါသည်။

☆ ☆☆

ချစ်ဦးညို

၂၅၊ ၂၊ ၂၀၀၅

## ဒုတိယအကြိမ်ထုတ်ဝေခြင်းအတွက်

## စာရေးသူ၏အမှာစာ

**"ဆရာတို့ကိုသ...လွမ်း"** စာစုများကို ပထမအကြိမ်အဖြစ် ၂၀၀၅ ခုနှစ်တွင် ပုဂံစာအုပ်တိုက်မှ ထုတ်ဝေခဲ့ပါသည်။

ယခု ဒုတိယအကြိမ်ထုတ်တွင် ပထမထုတ်စာအုပ်ပါ ဆရာတို့အပြင် (ဂီတလုလင်မောင်ကိုကို)၊ (စန္ဒရားချစ်ဆွေ)နှင့် (ငြိမ်းကျော်) တို့ကို အသစ်ရေးသား ထပ်မံဖြည့်သွင်းလိုက်သဖြင့်....

စာပေနယ်အရ ဆရာမင်းကျော်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမြသန်းတင့်၊ ဆရာကြီး(ဦး)ဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာအထောက်တော်လှအောင်၊ ဆရာသော်တာဆွေ၊ ဆရာငြိမ်းကျော် စုစုပေါင်း ခုနစ်ဦး (၇)ပုဒ်-

ဂီတနယ်အရ ဂီတလုလင်မောင်ကိုကို၊ စန္ဒရားချစ်ဆွေ- နှစ်ဦး- (၂) ပုဒ်

ရုပ်ရှင်နယ်အရ- ဝင်းဦး၊ မြတ်လေး - နှစ်ဦး- (၂) ပုဒ်

စုစုပေါင်း (၁၁)ပုဒ် ဖြစ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အသစ်ထပ်မံရေးဖြစ်အောင် အဘိယာစက ပြုသော ဆရာမ ဒေါ်ခင်မို့မို့နီ (စာပေခရီးသွားများ စာအုပ်တိုက်)အား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

★ ★ ★

ဒုတိယအကြိမ်ထုတ်တွင် ဆိုရန် ရှိသည်မှာ ပထမအကြိမ်ထုတ်တွင် စာပေဟောပြောပွဲ အတူထွက်ခဲ့ကြသော ဆရာများသို့အလွမ်း ဟု စကားခင်းခဲ့ပါသည်။

စင်စစ် အလွမ်းကို စာပေဟောပြောပွဲ အခင်းအကျင်းထဲတွင်သာ စည်းရိုးခတ် သတ်မှတ်ရသည်မှာ ကျဉ်းမြောင်းသော ကန့်သတ်ချက်ဖြစ်နေသည်ဟု ယူဆမိလာပါသည်။

သို့ကြောင့် ထိုစည်းရိုးကိုဖွင့်လျက် အလွမ်းနယ်နိမိတ်ကို ချဲ့လိုက်ပါသည်။ လက်ခံကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

- ★ အလွမ်းမှသည် ခွန်အားများ ဖြစ်ပေါ်ပါစေသတည်း။
- ★ လွမ်းရင်းဖြင့်ပင် ဉာဏ်မီသမျှ သံဝေဂ ယူနိုင်ကြပါစေသတည်း။

ချစ်ဦးညို

## ဆရာတို့ကိုသာ....လွမ်း

နတ်တော်လဆန်း ၁ရက်နေ့ကို ဗဟိုပြုပြီး မြန်မာပြည် တစ်နံတစ်လျားစာဆိုတော်နေ့ရယ်လို့ ကျင်းပကြတာ အားလုံးအသိပင် ဖြစ်ပါတယ်။ ဗဟိုပြုပြီးလို့ သုံးလိုက်ရတာက တခြားကြောင့်မဟုတ်။ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ရက်တည့်တည့်မှာ စာဆိုတော်နေ့ ကျင်းပလာခဲ့ရာက တစ်ရက်တည်းနဲ့ မလောက်တော့လို့ သူ့အရင်၊ သူ့နောက် အဆင်ပြေနိုင်မယ့်ရက်တွေမှာ စာပေဟောပြောပွဲတွေ ကျင်းပကြတော့ နို့ဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ တစ်ခါတလေ ဖေဖော်ဝါရီလအထိ ရောက်သွားပါတယ်။ စာရေးဆရာများ ခရီးယာယီ အများဆုံး ကာလတွေ ဖြစ်ပါတယ်။

အခြားနိုင်ငံတွေမှာလည်း သူတို့ရဲ့ စာဆိုတော်ကြီးများကို ဂုဏ်ပြုတဲ့ အထိမ်းအမှတ်တွေ ရှိတယ်လို့ သိရပါတယ်။ ဥပမာ-ရှိတ်စပီးယား ဆိုပါစို့။ သူ့ဇာတိဟာ အင်္ဂလန်ပြည် အလယ်ဗဟိုလောက်မှာရှိတဲ့ အေဗွန်မြစ်ကမ်းပေါ်က စထရက်ဖို့ဆိုတဲ့ မြို့ကလေး။ ရှိတ်စပီးယားရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေမှာ သူ့ကို မွေးဖွားခဲ့တဲ့အိမ်၊ သူတက်ခဲ့တဲ့ သဒ္ဒါကျောင်းစသည်ဖြင့် ခုထိ အထိမ်းအမှတ်ပြတိုက်အဖြစ်နဲ့ အဲဒီနေရာလေးတွေကို ထိန်းသိမ်းထားပါသတဲ့။ ကမ္ဘာလှည့်ခရီးသည်တွေဟာ နှစ်စဉ် စထရက်ဖို့မြို့ကလေး

www.burmeseclassic.com



သုံးသပ်လို့ လောကသဘာဝ၊ လူ့သဘာဝတွေကို စေ့ငုနိုင်ပါစေလို့ မျှော်လင့်ပါတယ်။

စာဖတ်သူများထဲမှာ အခုပြောပြမယ့် ဆရာများနဲ့ တစ်နည်းတစ်ဖုံ ဆုံခဲ့တွေ့ခဲ့ဖူးသူများလည်း ရှိနိုင်ပါတယ်။ ကျွန်တော့် တစ်ကြောင်းဆွဲ ပုံရိပ်လွှာဟာ စာဖတ်သူ သိထားတဲ့အမြင်တွေနဲ့ တူညီတာလည်းရှိ၊ ကွဲလွဲတာလည်း ရှိနိုင်ပါတယ်။ လုပုဂ္ဂိုလ်တစ်ဦးရဲ့ ပုံလွှာကို တွေ့ရမြင်ရတဲ့ အမြင်ဟာ အမျိုးမျိုးတွေပြားနိုင်ပါတယ်။ သို့သော် ကျွန်တော့်ရဲ့ အရင်းခံကတော့... ထိုထိုဆရာများအပေါ် ချစ်ခင်လေးစားစိတ်နဲ့ သူတို့ကိုလွမ်းဆွတ်တဲ့ ခံစားမှုပါ။ သေသူကို ရှင်သူ 'တ' ရပါလိမ့်ဆိုတဲ့ စကားမျိုးလိုပါပဲ။

ကိုင်း၊ ကျွန်တော်တို့ အလွမ်းစကားဆိုကြရအောင်...။

လွမ်းရင်းနဲ့ပဲ ဉာဏ်မီသမျှ သံဝေဂ ယူကြည့်ကြရအောင်လား။

☆ ☆ ☆

# ဟောပြောပွဲ ခေါင်းဆောင်ကောင်း
## (သို့မဟုတ်)
## ဆရာမင်းကျော်

စာပေဟောပြောပွဲ နယ်ခရီးထွက်လေတိုင်း၊ ထိပ်ဆုံးကနေ သတိရနေမိတာ ကတော့ ဆရာမင်းကျော်ပါ။ သူ့ကို သူနဲ့ခေတ်ပြိုင်ရေးဖော် ဆရာများက ကိုမင်းကျော်လို့ ခေါ်ကြတယ်။ သူတို့အစုထဲမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဆရာ (ဦး)ကျော်အောင်ကတော့ 'ကျော်ဆွေ'လို့ နာမည်ရင်းနဲ့ ခေါ်ပါ တယ်။

ဒါပေမယ့်.... ကျွန်တော်ကခေါ်တဲ့ အသုံးအနှုန်းတစ်ခုကို အကြောင်းခံပြီး နောက်ပိုင်းမှာတော့ အားလုံးလိုလိုကပဲ သူ့ကို 'ဦးကြီး'လို့သာ ခေါ်ကြတော့တယ်။ 'ဦးကြီး' ဆိုတဲ့ အခေါ်အဝေါ်ဟာ သူနဲ့ သိပ်လိုက်တယ်လို့ ထင်ပါတယ်။ ပိန်ပိန်ပါးပါး၊ အသားက အတော်ညိုတော့ (မညိုတာမဟုတ်ပါ) သူ့ကို အသားအရ ရေနံရောင်ပေါက်နေတဲ့ မင်းကျော်လို့ သူတို့သက်တူရွယ်တူ စာရေးဆရာ အချင်းချင်းက ချစ်စနိုး သုံးတတ်ကြရဲ့။ အဲဒီဆရာမင်းကျော်၊ ဦးကျော်ဆွေ၊ ဘာသာပြန်ဆရာ ကျော်လှိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com



ခေါ် ဦးကြီးဟာ စာပေးဟောပြောပွဲတွေမှာ 'စမတ်' အဖြစ်ဆုံးလို့ ပြောလို့ရပါတယ်။ စမတ်(SMART)အဖြစ်ဆုံးဆိုတာ ရှိုးကောင်းတာ၊ ဂိုက်ကောင်းတာကို ပြောတာ မဟုတ်ပါ။ ကြည့်ပါဦး အသားက ရေနံရောင်၊ တိုက်ပုံက ထောင့်တန်းဆွဲ၊ အသားမည်း အရဲဆင်သလို (ကန်တော့နော် ဦးကြီး) လုံချည်ဝတ်လိုက်ပြန်ရင်လည်း နီနီရဲရဲ၊ ပြာပြာစိမ်းစိမ်း၊ ကွက်တုံးကွက်ကြဲကြီးတွေ၊ ဖောင်းကားနေတဲ့ လွယ်အိတ်ကြီးကလည်း တယမ်းယမ်း၊ မျက်မှန်ကဝင်းဝင်း၊ ဆံပင်ကလည်း ရှေ့တစ်လက်မ နောက်က အပြောင်ပုံစံ၊ အသံကလည်း ပြာပြာစာစာ၊ သွားပုံလာပုံ လှုပ်ရှားပုံကလည်း ရက်ကန်းစင်ပေါ်က လွန်းကလေးလိုပဲ၊ လှစ်ခနဲ လှစ်ခနဲနေတာပါ။ (ဒါဟာ ကျွန်တော်က ချစ်ခင်မှုနဲ့တင်စားတာပါ။ သူတို့ ပြောမနာ၊ ဆိုမနာ၊ အချင်းချင်းကတော့ ကိုပြာလောင်... တဲ့။) စီးကရက်ကလည်း ကြိုက်လိုက်သေး။ အဲ... အိုးဘရန်ဒီလေးကလည်း ကြိုက်လိုက်သေး...။ ဒီလိုပုံစံ မျိုးကို ရှိုးကောင်း၊ ဂိုက်ကောင်း စမတ်ဖြစ်တယ်လို့ ဘယ်လိုမှ မပြောနိုင်တာ သေချာပါတယ်။

ဒါဖြင့်ရင် ဘာကြောင့် ဒီလို အညာသားစစ်စစ်၊ အညာဂိုက်အပြည့် ထင်းထင်းကြီးပေါ်နေတဲ့ ဦးကြီးကို (SMART) ဖြစ်တယ်လို့ သုံးရပါသလဲ။

ဒီလိုပါ၊ ဆရာမင်းကျော်ဟာ အင်မတန် စေ့စပ်သေချာတဲ့ စရိုက်သဘာဝရှိသူ ဖြစ်ပါတယ်။ သူ့ရဲ့ လက်ရေးစာမူတွေမှာ (ကျွန်တော်သဘင်မဂ္ဂဇင်းကိုင်စဉ်) ဝါကျတွေ၊ စာကြောင်းတွေကို အလွန်တိကျစွာ ညွှန်ပြတတ်သူပါ။ ပုဒ်မ၊ ပုဒ်ထီး၊ (နှစ်ချောင်းပုဒ်၊ တစ်ချောင်းပုဒ်)တွေကို နေရာတကျရေးပါတယ်။

ဝါကျတစ်ခုတည်း စာကြောင်းကို(/)မျဉ်းနဲ့ ခြားခြားပေးတယ်။ ဒါဟာ အမှန်တော့ စာပြင်ဆရာ၊ အယ်ဒီတာ လက်ထဲရောက်မှ လုပ်တဲ့အလုပ်ပါ၊ စပိတ်ထိုးတယ်၊ ခွဲတယ်လို့ခေါ်ပါတယ်။ ဦးကြီးက စာမူမှာကတည်းက အဲဒီလိုမျဉ်းတိုလေးတွေနဲ့ ဖြတ်ဖြတ်ပြပြီး စပိတ်ထိုးပေးပါတယ်။



အဲဒီလို စေ့စပ်သေချာသူပါ။ သူ့စာကြည့်ခန်း၊ စာရေးခန်း စာအုပ်စင်မှာလည်း စနစ်တကျ၊ စာကြည့်တိုက်ပုံစံမျိုးနဲ့ ထားတတ်သူပါ။ ပုံနှိပ်စာလုံးနဲ့ ဖော်ပြမယ့် မဂ္ဂဇင်း စာမျက်နှာ အထားအသိုတွေမှာလည်း အင်မတန်တိကျ (ချေးများ) တတ်သူဖြစ်ပါတယ်။ ဒါကို သူနဲ့ တွဲလုပ်ဖူးခဲ့တဲ့ ဆရာနတ်နွယ်၊ ဆရာမောင်နေဝင်း၊ မောင်သွေးသစ်၊ လွင်စန်းယဉ်တို့ အသိဆုံးဖြစ်ပါလိမ့်မယ်။

နာမည်ကျော် ပုဂံစာအုပ်တိုက်ထွက် စာအုပ်တွေရဲ့ သပ်ရပ်လှပမှုတွေမှာ ဆရာမင်းကျော်ရဲ့ အနီးကပ်စောင့်ရှောက်မှုဟာ အနည်းဆုံးရာနှုန်း ၄၀လောက် ပါဝင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ (ပုဂံစာအုပ်တိုက်ပိုင်ရှင် ဆရာမောင်ကိုဦး ခေါ် ဦးချောဟာ သူ့ရဲ့ ညီအရင်း ဖြစ်ပါတယ်။)

ဆရာမင်းကျော်ဟာ သူ့ဘာဝသူ စနစ်တကျ ဖွဲ့စည်းတည်ဆောက်လာခဲ့ရာမှာ စာပေနဲ့ ပတ်သက်လာရင် ပိုပြီး စေ့စပ်သေချာလာပါတယ်လို့ ဆိုရမှာပါ။ အဲဒီ စေ့စပ်သေချာမှုဟာ နယ်စာပေဟောပြောပွဲခရီးများမှာ အထင်အရှား အစွမ်းပြပါတော့တယ်။

၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ကျွန်တော် နယ်စာပေဟောပြောပွဲခရီးစဉ်များကိုလိုက်ပါခဲ့ရာမှာ ဆရာမင်းကျော် အပါအဝင် ဆရာမောင်နေဝင်း၊ ဆရာမောင်ဆုရှင်၊ ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)တို့နဲ့အတူ ထွက်ခဲ့တဲ့ အညာခရီးတစ်ခုကိုပဲ သာဓက ဆောင်ချင်ပါတယ်။

ဒီတုန်းက ဆရာမင်းကျော်ဟာ စာပေလုပ်သားအဖွဲ့ကြီးရဲ့ အရေးပါသော ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးပါ။ ဆရာဟာ နယ်ကလာရောက် ဆက်သွယ်တဲ့ စာပေလုပ်သား၊ အဖွဲ့တာဝန်ခံနဲ့ ညှိနှိုင်းပြီး ခရီးစဉ်ကို အသေးစိတ် အစီအစဉ်ဇယား (SCHEDULE) ဆွဲလိုက်ပါတယ်။ ရထား၊ ကားထွက်ချိန်၊ ဘူတာ၊ ကားဂိတ်၊ စုရပ်၊ ကြိုရမယ့်နေရာ... နံနက်စာ ဘာစားမလဲ၊ ဘယ်မှာစားမလဲ၊ ထိုင်ခုံ လက်မှတ်နံပါတ်၊ ခနေရာတွေမှာ ဘယ်သူဘယ်လိုနေရာယူ၊ လမ်း ဘယ်နေရာ ဘယ်အချိန်ရပ်သလဲ၊ နေ့လယ်စာ ဘယ်မှာစားမှာလဲ... စတာတွေကို ရန်ကုန်ကတည်းက အသေးစိတ် စီစဉ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာက တစ်နေရာ ကူးရမယ့် ပွဲဆိုရင်လည်း ဟိုက လာခေါ်မှာလား၊ ဒီကလိုက်ပို့မှာလား၊ ဘယ်နှစ်နာရီထွက်မှာလဲ၊ ဘယ်အချိန်ရောက်မှာလဲ။ ဘယ်မှာတည်းဖို့ စီစဉ်ထားသလဲ၊ ဘာကျွေးမှာလဲ ဒီလိုစစ်ဆေးညှိနှိုင်းပါတယ်။

ဟောပြောပွဲ ဖိတ်ကြားသူ တာဝန်ခံတွေဟာ ဆရာမင်းကျော်ရဲ့ စီစဉ်စစ်ဆေးမှု ဇယားအောက်မှာ တစ်ချက်ကလေးမှ မလစ်ဟာရဲပါဘူး။ မင်းကျော်ဆိုတဲ့ နာမည်အပြင် စာပေလုပ်သား (ဗဟို) ရဲ့ အီးစီဆိုတာကပါ ဩဇာတိက္ကမကြီးခဲ့ဟန်တူပါတယ်။ အဲဒီလိုတွေ စီစဉ်ညွှန်ကြားစစ်ဆေးလုပ်နေချိန်မှာ ကျွန်တော်ကတော့ အဖွဲ့ထဲမှာအငယ်ဆုံး၊ ဝါအနုဆုံးဖြစ်နေတော့ ဘာမှ ဝင်မပြောရဲပေမယ့် သူနဲ့ခေတ်ပြိုင်ရေးဖော်ရေးဖက် ဆရာများကတော့ သူ့ကိုဝေဖန်ကြတယ်။ "ကိုမင်းကျော်ရယ်... ဒါစာရေးဆရာတွေ ဟောပြောပွဲထွက်တာပါ။ စာရေးဆရာပဲဗျာ ဒေါင်ကျကျ ပြားကျကျပေါ့" တဲ့။ ပြီးတော့ ကျွန်တော်ဘက်လှည့်ပြီး "ဟေ့ကောင်၊ မောင်ချစ် .... ချစ်ဦးညို၊ မင်းဦးကြီးကို ကြည့်ပြောဦးကွ" တဲ့။

ဦးကြီးက သူ့ပုံစံအတိုင်း ခဏခဏ လျှောလျှောကျနေတဲ့ မျက်မှန်ကို အဆီပြန် ဝင်းပြောင်နေတဲ့ နှာခေါင်းရိုးပေါ် ဆွဲတင်ရင်း... "ခင်ဗျားတို့ အဲဒါတွေခက်တာ၊ စာရေးဆရာ ဒေါင်ကျကျ ပြားကျကျလုပ်မနေနဲ့။ သွားရေးလာရေး၊ စားသောက်တည်းခိုရေး၊ အဆင်မပြေရင်ဟောပြောပွဲ တစ်ခုလုံးကို ထိခိုက်တယ်။ မှတ်ထား... ။ ကျုပ်လုပ်နေတာ ဟောပြောပွဲ အောင်မြင်ရေးအတွက် လိုအပ်တာတွေကို ထောင့်စေ့အောင်စီမံနေတာ၊ တစ်ခုခု အဆင်မပြေရင် ခင်ဗျားတို့ပဲပြောကြဦးမှာ... ။ ဟိုလူအဆိုးဆုံး၊ ကိုကျော်အောင်လေ...။ ဟေ့ကောင် ကျော်ဆွေ၊ ဘယ်လိုလုပ်လိုက်တာလဲကွ လုပ်ဦးမယ် .... ဟင်း" လို့ မျက်ခုံးကြီးပင့် မျက်လုံးကြီးပြူးပြီး ပက်ခနဲ တုံ့ပြန်တတ်သူပါ။

ဟောပြောပွဲ ကော်မတီဘက်ကိုပဲ 'ကျပ်' တာ မဟုတ်ပါဘူး။ ကိုယ့်စာရေးဆရာ အချင်းချင်းဘက်ကိုလည်း ဆရာမင်းကျော်က စနစ်တကျ တိုင်တွယ်ပြန်ပါတယ်။



စာရေးဆရာတွေဘက်ကို ဦးကြီး (ဆရာမင်းကျော်)လည်း 'ကျပ်'ပုံက ဒီလိုပါ။ ဥပမာ... ဟောပြောမယ့် စာရေးဆရာက လေးယောက်ဆိုပါစို့၊ ဘယ်သူဟာ ဘယ်လောက် အာဝဇ္ဇန်းကောင်းတယ်၊ မကောင်းဘူး၊ ဘယ်သူ့ ဟောပြောချက်ဟာ ဘယ်လောက်အထိ လေးနက်တယ်၊ မလေးနက်ဘူး။ ဘယ်သူကတော့ဖြင့် ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ဘယ်လောက်အထိ များများရထားသလဲ၊ နည်းနည်းရထားလဲ စတဲ့အချက်အလက်များကို ဆရာမင်းကျော်က အသေအချာ လေ့လာအကဲဖြတ်ထားပါတယ်။

ဒီအချက်အလက်တွေပေါ်မှာ ဟောပြောအလှည့်ကို 'စဉ်' တာပါ။ ပထမဆုံး ဘယ်သူထွက်၊ ဒုတိယဘယ်သူ... တတိယဘယ်သူ .... စသည်ဖြင့် အတူပါလာသောသူ စာရေးဆရာအချင်းချင်း ကျွန်တော်က ရှေ့ကနေမယ်၊ ကျွန်တော်က ဒုတိယနေချင်တယ်၊ ကျွန်မကတော့ ဘယ်နေရာ .... ဒီလိုသဘောနဲ့ ကိုယ့်အလှည့်ယူခွင့် မပြုပါဘူး။

"ကိုကျော်အောင်... ခင်ဗျားက ရှေ့ဆုံးထွက်၊ မောင်နေဝင်းက .... ဒုတိယနေ .... ချစ်ဦးညို .... မင်းက တတိယ၊ ငါက နောက်ဆုံးနေမယ်" စသည်ဖြင့် အစီအစဉ်ဆွဲပါတယ်။ ဒါကိုဘယ်သူမှ စောဒက မတက်ကြဘူး။ သူ့ကို ယုံမှတ်ပုံအပ်လိုက်ကြပါတယ်။ ဟောပြောပွဲအချိန် လေးငါးနာရီ ကာလရဲ့ အရှိန် (Tempo) မှန်မှန်ကန်ကန်ဖြစ်အောင် ထိန်းညှိပေးတဲ့ သဘောပါ။

ဒါကြောင့်လည်း... သူ့ကို ဆရာကျော်အောင်က

"ကျော်ဆွေ .... ပရိသတ်အတွက် မင်းဟာ ကန်ထရိုက်ကောင်း တစ်ယောက်ဖြစ်သလို၊ ငါတို့ စာရေးဆရာ အချင်းချင်းအတွက်လည်း မင်းဟာ မန်နေဂျာကောင်းတစ်ယောက်ပဲ။ မင်းကြိုက်သလိုစီစဉ်၊ ငါလက်ခံတယ်" လို့ ပြောလေ့ရှိပါတယ်။ သူနဲ့ ကိုယ့်ရင့်တတူ (တန်းတူ) ဖြစ်ကြတဲ့ ဆရာမောင်နေဝင်း၊ ဆရာနတ်နွယ်၊ ဆရာမြသန်းတင့်၊ ဆရာဝင်းဦး တို့တတော့ သူ့ကို တရင်းတနှီးပဲ မှတ်ချက်ချကြလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်အောင်ရေ၊ ကန်ထရိုက်တွေ၊ မန်နေဂျာတွေ လုပ်မနေစမ်းပါနဲ့ မင်းကျော်ဟာ ဇာတ်အုပ်.... ဇာတ်အုပ်" တဲ့လေ။

သူစဉ်ထားတဲ့အတိုင်း အလှည့်ကျဟောပြောကြတဲ့အခါမှာ အရှိန် (Tempo)ဟာ လှလှပပကြီးဖြစ်သွားတာပဲ။ သူဟာ ဝတ္ထုတိုတွေ၊ ဝတ္ထုရှည်တွေမှာ ဇာတ်ကွက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်၊ ဇာတ်ရှိန်နိမ့်မြင့်၊ ကျတက်.... ကို စနစ်ကကျ ဖန်တီး ဖွဲ့နွဲ့နိုင်သလို ဟောပြောပွဲကိုလည်း အလားတူ စီစဉ်ဆောင်ရွက်ပေးနိုင်တဲ့ စာရေးဆရာဖြစ်တယ်လို့ ကျွန်တော် ချစ်ခင် လေးစား သတိရလွမ်းဆွတ်စွာ မှတ်တမ်းတင် ဂုဏ်ပြုလိုက်ပါတယ်။

နောက်တစ်ခု ခေါင်းထဲပေါ်လာတာ ပြောပါရစေ။ အကြင်စာရေးဆရာတစ်ယောက်ဟာ ဟောရင်းပြောရင်းနဲ့ လမိုင်းကပ် ဈာန်ဝင်သွားပြီး ပြီးသင့်ချိန်မပြီး ရပ်သင့်ချိန်မရပ်ဘဲ ရှည်လျားပေများသွားတာမျိုးလည်း ရှိပါတယ်။

(ဒါဟာလည်း .... စာရေးဆရာကို အပြစ်မဆိုသင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ စာပေဟောပြောပွဲထွက်တဲ့ စာရေးဆရာတွေဟာ အဟောအပြောကို ကြိုတင်လေ့ကျင့်ထားတာ မဟုတ်ကြပါ။ ပါလီမန်ထဲက အမတ်လို၊ မဲဆွယ်ပွဲက အမတ်လောင်းလို ပရိသတ်ကို အဟောအပြောနဲ့ ညို့ငင်ဖမ်းစားဖို့ အားထုတ်တတ်ကြသူတွေ မဟုတ်ပါ။ ဒါကြောင့် သူတို့ဟာ .... တစ်ခါတစ်ရံ စေတနာပေါက်လာရင်၊ သဒ္ဓါပေါက်လာရင် အချိန်တွေပိုပိုသွားအောင် ပြောတတ် ဟောတတ်ကြရဲ့။ သူ့ဟောပြောချက် ပြည့်စုံတိကျ .... ရပ်တန်းက ရပ်သင့်ပြီ ဆိုတာကိုလည်း သူ့ဟာသူ မသိ၊ ကာလနားမသတ်တတ်၊ အစမလုံးတတ်တော့ဘဲနဲ့ လည်ထွက်နေတာမျိုးတွေရှိတတ်ပါတယ်။ ဒါကိုလည်းနောက်လာမယ့် ဆရာများအကြောင်းပြောရင်း အလျဉ်းသင့်သလို ပြောပြပါမယ်။)

ဒီလိုမျိုး စာရေးဆရာတစ်ယောက်ဟာ သူ့ဟောပြောချက်သူ 'မားစက်မလိုက်' မိဘဲလေရှည်နေပြီဆိုရင် ဒါကို ဆရာမင်းကျော်က လှပစွာ



'အရေးယူ' ပါတယ်။ ဘယ်နေရာမှာ ဟောပြောချက် ပြီးဆုံးရမယ်၊ နိဂုံးချုပ်ရမယ်ဆိုတာ သူက သိထားတာကိုး။ သူ့အရေးယူပုံက ဒီလိုလေ၊ သူက ကြို သတိပေးထားတယ်။

"ကိုယ်လူတို့ တစ်နာရီစီပဲ ခွဲတမ်းရမယ်နော်၊ အေးဗျာ၊ ရှည်လျားပေများ လေထွားနေလို့ကတော့ သောက်ရေခွက်လာပြီသာမှတ်" တဲ့။ နိဂုံးချုပ်ရမယ့်အချိန် မချုပ်ဘဲ ဆက်ပြီး ဟောနေရင် သူက ဆယ့်ငါးမိနစ်လောက်တော့ (Extension) ပေးပါတယ်။ ဆယ့်ငါးမိနစ်ထက်ကျော်လာရင်တော့ လှုပ်ရှားပါပြီ။ အခမ်းအနားမှူးကို သူ ညွှန်ကြားပါပြီ။

"ဖန်ခွက်ထဲမှာ ရေထည့်ပြီး.... သူ့ရှေ့သွားချပေးလိုက်တော့" တဲ့။ သောက်ရေခွက် ရောက်လာတာဟာ 'တော်တော့၊ ရပ်တော့' ဆိုတဲ့ အချက်ပြသင်္ကေတပါပဲ။ ဒီသင်္ကေတကို ဆရာမင်းကျော် စထွင်တယ်လို့ ကျွန်တော် အမှတ်ရပါတယ်။ စထွင်တာ မဟုတ်တောင်မှ တွင်ကျယ်အောင် လုပ်တယ်လို့ ပြောနိုင်ပါတယ်။

အဲဒီလို အစီအမံကောင်းတဲ့ ဆရာမင်းကျော်ဟာ သူကိုယ်တိုင်ကတော့ နောက်ဆုံးမှာပဲ နေလေ့ရှိပါတယ်။ သာမန်အားဖြင့် ကြည့်ရင်တော့ နောက်ဆုံးအလှည့် ဟောသူဟာ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဆိုသလို အဟောအပြော အကောင်းဆုံးလို့ ဆိုကြပါတယ်။ ဒါပေမယ့် စာရေးဆရာ သုံးယောက်ဆိုရင် အတော်ပါပဲ။ လေးယောက် ငါးယောက် ဟောကြမြီဆိုရင် နောက်ဆုံးဟောရတဲ့ သူဟာ အတော်လေး အနာခံရပါတယ်။ အထူးသဖြင့် ညဘက်ကျင်းပတဲ့ ဟောပြောပွဲမျိုး.... ။

ဆောင်းညဉ့်၊ နှင်းကျ၊ ချမ်းခိုက်တုန်၊ လေးငါးနာရီလုံးလုံး ထိုင်နေရတဲ့ ပရိသတ် (မရိုသေ့စကား... အပေါ့အပါးလေးတောင် ထွက်ပြီး မသွားခဲ့ကြရ။) ဒီပရိသတ်ဟာ အတော့်ကို 'အီ' နေပါပြီ။ နောက်ဆုံးအလှည့် ဟောမယ့်သူ စင်ပေါ်တက်ချိန်က များသောအားဖြင့် ည ၁၁ နာရီကျော်၊

www.burmeseclassic.com

www.burmeseclassic.com



ဘဝနာရီခွဲ။ ရုပ်ရှင်ရုံလို၊ ခန်းမလို မိုးလုံလေလုံဆို တော်သေးရဲ့။ လဟာပြင်မှာလုပ်တဲ့ ပွဲမျိုးဆိုရင် နာပြီသာမှတ်ပေတော့။

ဆရာမင်းကျော်ဟာ အမြဲပဲ နောက်ဆုံးမှာ နေပါတယ်။ တကယ်တော့ သူဟာ အာဝဇ္ဇန်းသိပ်ကောင်းတဲ့သူပါ။ သူ့ဟောပြောချက်ထဲက ဆဒ္ဒန်ဆင်မင်းဇာတ်ထုပ်၊ သိုင်းဝတ္ထု ဥပမာများကို နားထောင်ခဲ့ဖူးသူများ အခုအထိ ရှိနေကြမှာပါ။ တဝါးဝါးနဲ့ ပရိသတ်ပွဲကျအောင် ချမ်းတုန်နေတဲ့ ဆောင်းလ ညဥ့်လယ်ကြီးမှာ ပရိသတ်နွေးမြသွားအောင် မှတ်သားစရာ၊ ဆင်ခြင်စရာတွေနဲ့ တကယ့်ကို ဟောနိုင်ပြောနိုင်သူပါ။

ဘိလပ်ပြန်မောင်သောင်းဖေ ဇာတ်ကွက်တစ်ကွက်ကို သူ သရုပ်ဖော်ပုံကလည်း အင်မတန် လှပပါပေတယ်။ (မှတ်မိသူများ ရှိကြမှာပါ။) ဒီလို အာဝဇ္ဇန်းကောင်းကောင်းနဲ့ မှတ်သားစရာ၊ စာပေ အနုပညာဆိုင်ရာ ဘန်ဖိုးတွေ၊ စာပေဝေဖန်ရေး သဘောတရားတွေကို ပရိသတ် လုံးဝ မပျင်းရအောင် ဟောနိုင်ခဲ့တဲ့ ဆရာမင်းကျော်ဟာ သူ့ကိုယ်သူ ယုံကြည်လို့လည်း နောက်ဆုံးမှာ နေတာပါ။ ဒါ့အပြင် စေ့စေ့တွေးရေးရေးပေါ် ဆိုသလို နောက်ဆုံး နေရာ အလှည့်ကနေ သူဟောတာဟာ ဘာကြောင့်လဲလို့တွေးကြည့်တော့ အလွန် ချစ်ခင်လေးစားစရာကောင်းတဲ့ အရာတစ်ခုကို တွေ့လိုက်ရပါတယ်။

အစီအစဉ်ကို ကြီးကြပ်သူက သူပါ။ ဟောပြော အလှည့်တွေကို 'စဉ်' သူက သူပါ။ သူ့ကို စာရေးဆရာ အချင်းချင်းကလည်း ယုံကြည်လို့ အားလုံး ပုံအပ်ထားတာပါ။ သူ့အနေနဲ့အကောင်းဆုံး အလှည့်ကျလို့ဆိုနိုင်တဲ့ ဒုတိယ နေရာမျိုး၊ တတိယ နေရာမျိုး ယူလိုက်ရင်လည်း ဘယ်သူကမှ ဘာမှပြောမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်သူနဲ့ တွဲရတွဲရ၊ ဘယ်နှစ်ယောက်ပဲ ဟောကြဟောကြ၊ သူ နောက်ဆုံးမှာ နေပါတယ်။

သူ့အလှည့်မှာ အကြောင်းအမျိုးမျိုးကြောင့် ထပြန်သွားကြတဲ့ ပရိသတ် ရှိပါတယ်။ ရုံထဲကွင်းထဲမှာ တုံးလုံးလှဲ အိပ်ချလိုက်တဲ့ ပရိသတ်



လည်း ရှိပါတယ်။ အပေါ့အပါးစွန့်ဖို့ ဝင်ချည်ထွက်ချည် ဖြစ်နေတာမျိုးလည်းရှိရဲ့။ အာရုံညောင်းလာလို့ ဆေးလိပ်ဖွာ၊ ရေနွေးသောက်၊ အချင်းချင်း စကားပြောတာမျိုးလည်းရှိရဲ့။ ဟောပြောတဲ့စာရေးဆရာအဖို့ အလွန်စိတ်ပျက် အားငယ်ရတဲ့ အခြေအနေမျိုး။

ဒါပေမယ့် ဆရာမင်းကျော်ဟာ နောက်ဆုံးမှာပဲ နေပါတယ်။ ဒါက ဘာကိုပြသလဲ၊ ရှင်းရှင်းလေးပါပဲ။

စီစဉ်သူ၊ ကြီးကြပ်သူ၊ တာဝန်ခံသူ တစ်ယောက်အနေနဲ့ 'အနစ်နာခံခြင်း' ၊ 'ကိုယ်ကျိုးစွန့်ခြင်း' ၊ 'တစ်ပါးသူအား ဦးစားပေးခြင်း'၊ 'နေရာမယူခြင်း'၊ 'နေရာပေးခြင်း' ဆိုတဲ့ စိတ်ဓာတ်ပါ။ ချစ်ခင်လေးစား သတိရ လွမ်းဆွတ်စွာ လက်အုပ်ချီလိုက်ပါတယ် ဦးကြီးခင်ဗျား ....။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သောဆရာမြ
## (သို့မဟုတ်)
## မြသန်းတင့်

"စာပေဟောပြောပွဲကို စာရေးဆရာတွေအနေနဲ့ အပျော်ခရီး ဒေသန္တရ ဘာသန္တရ လေ့လာရေးခရီး၊ စာဖတ်ပရိသတ်များနဲ့ တွေ့ဆုံရတဲ့ ခရီး...စသည်ဖြင့် မည်ကာမတ္တ သဘော မထားသင့်ဘူး။ အဲဒီလို သဘော ထားရင် သိပ်ကျဉ်းမြောင်းပြီး အင်မတန်လည်း တစ်ကိုယ်ကောင်းဆန်တဲ့ ခရီး ဖြစ်သွားမယ်။ စာပေဟောပြောပွဲ အထူးသဖြင့် ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေမှအပဖြစ်တဲ့ နယ်အဝေး၊ ကျေးလက်ဒေသတွေဘက် သွား ရောက်ဟောပြောရတဲ့ စာပေဟောပြောပွဲကို စာရေးဆရာတွေဟာ အလေး အနက် ခံယူသင့်တယ်။ တကယ်တော့ စာပေဟောပြောပွဲမှာ အလွန် တန်ဖိုးရှိတဲ့ အနက်အဓိပ္ပာယ်တွေ ပါနေတယ်။ စာပေဟောပြောပွဲဟာ သာသနာပြုတယ်လို့ ခံယူထားသင့်တယ်..."

ဒီစကားကို ပြောခဲ့သူဟာ ကွယ်လွန်သူ ဆရာမြသန်းတင့်ဖြစ်ပါတယ်။ စာပေဟောပြောပွဲဆိုတာ သာသနာပြုခြင်းတစ်မျိုး...။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သောဆရာရဲ့ ဒီစကားကို သူရှိစဉ်ကကော၊ သူမျက်နှာလွှဲပြီးသွားတဲ့အခါမှာကော ကျွန်တော်တို့ ဦးထိပ်ရွက်ခံယူကျင့်သုံးရပါတယ်။ ဆရာမြဟာ စာရေးဆရာဘဝကို မြတ်နိုးလွန်းလို့ စာရေးဆရာ မဖြစ်ဖြစ်အောင် ကြိုးစားတည်ဆောက်ခဲ့သူပါ။ မမျှော်လင့်ဘဲ စာရေးဆရာဖြစ်၊ မတော်တဆဖြစ်၊ ကံအားလျော်စွာဖြစ်ဆိုတဲ့ ဆရာမျိုး မဟုတ်ပါ။ စာရေးဆရာအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်းခြင်းကိုလည်း အလွန်မွန်မြတ်သော အလုပ်အဖြစ် ခံယူထားပြီး အဲဒီအတိုင်းလည်း (စာရေးဆရာအဖြစ် အသက်မွေးခြင်းမှအပ အခြား ဘာကိုမှ မလုပ်ကိုင်ဘဲ) နောက်ဆုံးထွက်သက်အထိ ကျင့်သုံးနေထိုင်သွားသူဖြစ်ကြောင်း အများသိကြပြီး ဖြစ်ပါတယ်။

ထိုသို့သော ဆရာမြဟာ စာရေးဆရာရဲ့ အလုပ်တစ်ခုဖြစ်တဲ့ စာပေဟောပြောပွဲကိုလည်း တလေးတနက် သဘောထားတာပါ။ စာပေဟောပြောမှုဆိုတာ သာသနာပြုခြင်းတစ်မျိုး... တဲ့လေ။

ဝင်သက် ထွက်သက်နဲ့အမျှ စာရေးဖို့ကိုသာ တစေ့ရေးရှု အာရုံထုတ်နေတဲ့ ဆရာမြဟာ စာပေဟောပြောပွဲ ခရီးထွက်တဲ့အခါမှာလည်း မပြတ်မလပ် နိုးကြားသော နားမျက်စိ၊ ဟဒယအာရုံများနဲ့ စာရေးစရာအကြောင်းတိုပဲ 'ကသိုဏ်းရှု'နေသူ ဖြစ်ပါတယ်။ သူ့ရဲ့ 'ငွေသောင်ယံ၊ မေရီပိုဗေး ... ''လွမ်းမောဖွယ်ကမ္ဘောဇ''ပုံတောင်ပုံညာသွား' စာစုတွေက ထင်ရှားတဲ့ သာဓကတွေပါပဲ။

ချစ်သောဆရာ... မရှိတော့တာဟာ အခု ၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလဆိုရင် ခုနစ်နှစ် ရှိခဲ့ပါပြီ။ (ဆရာမြဟာ ၁၉၉၈၊ ဖေဖော်ဝါရီလ ၁၈ မှာ ကွယ်လွန်ခဲ့ပါတယ်။)

ရုပ်ကလာပ်က ပြာကျ အခိုးအငွေ့ဖြစ် ကောင်းကင်ယံမှာ ပျောက်ကွယ်သွားပေမယ့် သူ့စာအုပ်တွေက အခုထိ အရှိန်ကောင်းကောင်းနဲ့ ပြန်ထွက်ဆဲ၊ စာဖတ်သူတွေကလည်း ဖတ်ကြဆဲ။



ချစ်သောဆရာကိုလွမ်းတဲ့ အလွမ်းအသချေ်အနက်မှာ အခုဆောင်းပါး ခေါင်းစဉ်အရ စာပေဟောပြောပွဲ နောက်ခံနဲ့ပဲ တစေ့တစောင်း ရုပ်ပုံဖော်ရမှာ ဖြစ်ပါတယ်။

ဆရာမြရေ... ကျွန်တော့်ရင်ထဲမှာ ညို့ပြီး ပြုံနေပါတယ်။

'လွမ်းမောဖွယ် ကမ္ဘောဇ' ခရီးသွားဆောင်းပါး (ရှုမဝမဂ္ဂဇင်းမှာ အခန်းဆက်၊ နောင် လုံးချင်းပြန်ထုတ်) ကို သူရေးဖြစ်ခဲ့တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းခရီးဟာ ဆရာမြနဲ့ ကျွန်တော် တရင်းတနှီး စတင်ထိတွေ့ခွင့်ရခဲ့သော ဟောပြောပွဲခရီး ဖြစ်ပါတယ်။

လက်ဘဒီပချစ်သူကို ၁၉၇၇ နိုဝင်ဘာမှာ ပထမအကြိမ် စထုတ်စဉ်ကတည်းက ဆရာမြနဲ့ ဆရာပါ (ဆရာပါရဂူ) တို့က အမှာစာ ရေးပေးခဲ့ကြပါတယ်။ သူ့စာတွေဖတ်ပြီး 'စာလားမြောက်' ခဲ့၊ ကိုယ့်ရဲ့ပထမဆုံးလုံးချင်းဝတ္ထုမှာ အမှာစာရေးပေးခဲ့သော်လည်း ဆရာမြသန်းတင့် ဆိုတဲ့ စာရေးဆရာကြီးနဲ့ ချစ်ဦးညိုဆိုတဲ့ ပိစိညောက်တောက် နောက်ပေါက်ကလေးတို့ဟာ နီးကပ်ထိတွေ့ မရှိခဲ့ပါဘူး။ အဲဒီမှာလည်း သူက ဆရာကြီးဂိုက်နဲ့ ဖယ်တယ်တယ် ရှောင်တောင်တောင် လုပ်လို့မဟုတ်ပါ။ ကျွန်တော့်ကိုယ်က 'ရှိန်' နေလို့ မလှမ်းမကမ်းကသာ ခပ်ယို့ယို့လေး ငေးနေခဲ့တာပါ။

လားရှိုး ဆေးရုံအုပ်ကြီးလည်းဖြစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်ရဲ့ မေတ္တာ၊ ကရုဏာပြယုဂ် စံပြပုဂ္ဂိုလ်ကြီးလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်တဲ့ ဆရာကြီး ကမ္ဘောဇခင်လှိုင်ရဲ့ ဖိတ်ကြားစီစဉ်ချက်အရ ကျွန်တော်တို့ စာပေဟောပြောပွဲ ခရီးရှည်ကြီး ထွက်ဖြစ်ခဲ့ခြင်းဖြစ်ပါတယ်။ ရှုမဝ မဂ္ဂဇင်းတိုက်၊ ဆရာမောင်ဆွေတင့်၊ ဆရာမောင်မြင့်မြတ် (ကွယ်လွန်)တို့ထံမှ တစ်ဆင့်စာနဲ့ တိုက်ရိုက်ဖိတ်တာလေ။ မြသန်းတင့်၊ အောင်သင်း၊ ကာတွန်းမြေဇာ၊ ချစ်ဦးညို ---- လေးယောက်တဲ့။

ဆရာအောင်သင်းနဲ့ ဆိုတာက ၁၉၇၀ တက္ကသိုလ် မြေရတုသဘင်မှာကတည်းက ခင်မင်ရင်းနှီးပြီးသား။ (သူက ဇာတ်ခုံမန်နေဂျာ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဇာ ရုပ်ကြီးစင်မင်းသား။) ကာတွန်းမြေဇာနဲ့ကလည်း ဝိုင်းဖော်ဝိုင်းဖက် ဖြစ်ပြီးသား၊ ဆရာမြသန်းတင့်နဲ့အတူ ခရီးသွားရမယ်ဆိုတော့ အရင်က မနီးမဝေး၊ မလှမ်းမကမ်းမှာနေခဲ့ရတာ အခုတော့ နီးနီးကပ်ကပ် တွေ့ရပြီ တဲ့.... ဆိုပြီး ကျွန်တော် ပျော်သွားမိခဲ့ပါတယ်။ ဒါပေမယ့်....

ကျွန်တော့်ရဲ့ အားပျော့လှတဲ့ ရေဒါထဲမှာ ဆရာ့ရုပ်လွှာကို မိမိရရ မဖမ်းနိုင်ခဲ့ဘူး။ အငဲ့စိတ်ကလေး ဝင်နေဟန်တူတဲ့ ခြေလှမ်းကလည်း ဆရာမြရဲ့ ဖွင့်ဟထားသော ရင်းနှီးနှစ်လိုမှုဂေဟာထဲကို ရဲရဲဝံ့ဝံ့ မလျှောက် ခဲ့မိဘူး။ ဖိတ်ကြားထားတဲ့ စာရေးဆရာ လေးယောက်မှာလည်း ဆရာမြနဲ့ ဆရာအောင်သင်း လူကြီးနှစ်ယောက်က တစ်တွဲ၊ ကိုမြေဇာနဲ့ကျွန်တော် လူငယ်နှစ်ယောက်က တစ်တွဲ အလိုအလျောက် တွဲမိသွားကြတယ်။ ဆရာဝန်ကြီး ကမ္ဘောဇခင်လှိုင်နဲ့ ဆရာတို့ စကားလက်ဆုံကျ တဝါးဝါး တဟားဟားရယ်မော။ တန့်နှံ့တမြုံ့မြုံ့ ဆွေးနွေးနေကြချိန်တွေမှာ မြေဇာနဲ့ ချစ်ဦးညိုတို့က ကုပ်ချောင်းချောင်းလေးတွေ....။

အဲဒီလို မထိတထိလေးဖြစ်နေတဲ့ အချိန်တစ်လျှောက်မှာပဲ ဆရာမြရဲ့ ထင်ရှားပြတ်သားလှတဲ့ ရုပ်ပုံလွှာဟာ စောစောကပြောတဲ့ အားပျော့လှတဲ့ ကျွန်တော့် ရေဒါအဝန်းထဲမှာ တလက်လက် ထင်ရှားပြတ်သားလာခဲ့တော့တယ်။

ဆရာမြဟာ အာဝဇ္ဇန်းကောင်းသူလို့ မဆိုနိုင်ပါဘူး။

သူ့ဟောပြောချက်ကလည်း 'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ကို သူဘယ်လိုရခဲ့၊ တွေးခဲ့၊ ရေးခဲ့ကြောင်း ရှင်းပြတာပါပဲ။ စာရေးဆရာချင်း ပြောပြချက်အရတော့ သူဟာ ကျွန်တော်တို့နဲ့ စတင်ရင်းနှီးချိန် တတည်းက ကွယ်လွန်ချိန်အထိ အဲဒီ 'ဓားတောင်' တစ်ခုတည်းကိုပဲ ပွဲတိုင်း ပွဲတိုင်းမှာ ဟောသွားခဲ့တာပါ။ သူ့ခေါင်းစဉ်က "ဝတ္ထုတစ်ပုဒ် မွေးဖွားခြင်း" တဲ့။

မြို့နယ်ဒေသတွေ ပြောင်းချင်ပြောင်းသွားမယ်၊ သူကတော့ "ဒါ.... ဒါပဲ" ဝတ္ထုတစ်ပုဒ် မွေးဖွားခြင်း ခေါင်းစဉ်အောက်မှာ 'ဓားတောင်' အကြောင်း....။



လေသံကလည်း ပြာရှရှ၊ မျက်မှန်ကြီးကလည်း ထူထူပိန်းနေလို့ သူ့ မျက်လုံးကို မမြင်ရ၊ အသံကလည်း TONE နိမ့်မြင့်မရှိ၊ ဟာသကလည်း ကင်း၊ ပြောရင်းဟောရင်းနဲ့ သဘောတရားတွေကလည်းပါလာ..... အလွန် ဆွဲဆောင်မှုနည်းတဲ့ ဟောပြောချက်လို့ ပြောနိုင်ပါတယ်။

ဒါပေမယ့် ဟောပြောနေသူက 'မြသန်းတင့်' ကိုယ်တိုင်လေ၊ ဒီတစ်ချက်နဲ့ပဲ ပွဲပြတ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် ဆင်လေ သမျှ ပွဲတိုင်း ပရိသတ်ဟာ ဆရာမြရဲ့ ဟောပြောချက်ထဲမှာ မရှုန်းမဖယ် တွယ်ငြိလို့။ ထက်သန်စူးနစ်လို့။ ဝင်စားနားဆင်လို့။

၁ နာရီ မိနစ် ၂၀၊ ၁ နာရီ မိနစ် ၃၀ လောက် ကြာတတ်တဲ့ သူ့ ဟောပြောချက်မှာ၊ အစ၊ အဖွင့်လေးလောက်မှာပဲ၊ အပြစ်ကင်းတဲ့ ရယ်စရာ မောစရာ သုံးလေးခုပါပါတယ်။

"အချို့ကလည်း မြသန်းတင့်ဆိုတော့ အငြိမ့်မင်းသမီးလား... ဆိုပြီး"

"ကျွန်တော် မော်စကိုက ပြန်လာတော့... ကျွန်တော့်သားက ကျွန်တော့်ကို မမှတ်မိဘူး။ ဘယ်ကဘဲကြီးလဲတဲ့"

" ရှေ့က လျှောက်သွားတဲ့ ကောင်လေးနဲ့ ကောင်မလေးစုံတွဲ၊ ဘယ်ဟာက အမျိုးသား၊ ဘယ်ဟာက အမျိုးသမီး ကျွန်တော် မခွဲတတ်ဘူး"

"ဘဲနာ၊ ဘဲအိုကြီးကိုး"

အဲဒါ သူ့ရဲ့ အမြင့်ဆုံးဟာသပါပဲ။

ဟောပြောပွဲစင်မြင့်မှာ အာဝဇ္ဇန်း မရွှင်လှတဲ့ ဆရာဟာ ရေးသူ ဖတ်သူ ဒူးတိုက် ဆွေးနွေးပွဲများမှာတော့... အလျှံတပြောင်ပြောင်တဝင်း ဝင်းဖြစ်လို့ နေပါတော့တယ်။ စာစုံဖတ်၊ စာဖတ်နာ၊ နိုင်ငံတကာ စာပေကို လည်း နှံ့စပ်တဲ့သူဖြစ်လေတော့ သူ့ရဲ့ ဆွေးနွေးချက်တွေဟာ မှတ်သား နာယူစရာ အပြည့်။ ပကာသနီကျမ်းရဲ့ စာမျက်နှာတွေကို ဖွင့်လှန်ဖတ်တဲ့ အတိုင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရေးသူဖတ်သူ ဒူးတိုက်ဆွေးနွေးပွဲဝိုင်းမှာ ဆရာမြဟာ သူ့ရှေ့မှောက်က မီးခြစ်ကိုမမြင်၊ သူ့ဒူးနားက ရေနွေးခွက် (ဝီစကီခွက်) ကိုမမြင်၊ တစမ်းစမ်းနဲ့ စမ်းနေတတ်တယ်။ အနီးမှာရှိတဲ့ တစ်ယောက်ယောက်က မီးခြစ်ကောက်ခြစ်ပေးလိုက်တော့မှ မီးသေဆေးပေါ့လိပ်တိုကို ရှိုမြိုက်ဖွာထုတ်၊ လက်ထဲ ထည့်ပေးလိုက်တော့မှ ရေနွေးခွက် (ဝီစကီခွက်)ကို ကိုင်မော့သောက်ပြီး ဆွေးနွေးလက်စ စကားကို အရှိန်ပြတ်မခံ ထက်သန်စွာ ဆက်ပြောတတ်လေရဲ့။

မြေလတ်အညာတခွင် ဟောပြောပွဲထွက်ခဲ့ကြစဉ်တုန်းက ရုပ်ပုံတစ်ခုကိုလည်း မှတ်မိနေပါတယ်။ ဒီတုန်းက ဦးမြတ်လေးလည်းပါပါတယ်။ ဦးမြတ်လေးက သူ့ကို ကိုမြသန်းလို့ခေါ်ပြီး သူကတော့ 'ဖိုးမြတ်' လို့ တရင်းနှီးနှီး ခေါ်ကြလေတယ်။

"ဖိုးမြတ်.... မောင်ရင်က စကားပြောလွန်းအားကြီးတယ်၊ ပြောရင်လည်း ဟိုရောက်ဒီရောက်နဲ့.... ဒါပေမယ့်.... မောင်ရင့်စကားတွေထဲမှာ ကိုယ်တို့ မသိတာတွေ အများကြီးပါတယ်။ မောင်ရင် အဲဒီလိုတွေ လမ်းဘေး လက်ဖက်ရည်ဆိုင်တွေမှာ တွေ့တဲ့လူတိုင်းကို လျှောက်ပြောနေမယ့်အစား အဲဒါတွေကို စာရေးပါတော့လား၊ မောင်ရင့်ဟာက လေထဲမှာပဲ ပျောက်ပျောက်ကုန်တယ်" ဦးမြတ်လေးကလည်း ကြက်ခေါင်းဆိတ်မခံရယ်လေ၊ "ကျုပ်က ခင်ဗျားလိုစာရေးဆရာ မဟုတ်ဘူး ကိုမြသန်း၊ ခင်ဗျားလိုတာဝန်ကြီးတစ်ခုလုပ်ပြီး ရေးချင်တဲ့ကောင်လည်း မဟုတ်ဘူး။ မြတ်လေးတာ ရုပ်ရှင်သမား၊ ဒါရိုက်တာ၊ သီချင်းရေးသမား။ ကျုပ် ကြည့်ရတဲ့ ရုပ်ရှင်တွေ၊ ဖတ်ထားတဲ့စာတွေကို ခုလို လျှောက်ပြောနေတာကိုက ကျုပ်ရဲ့အလုပ်....။

"မြတ်လေးရဲ့အလုပ်။ မြတ်လေး စကားပြောတယ် နားထောင်မယ့်သူ ရှိတာ မရှိတာ မြတ်လေး နားမလည်။ အဲ.... ရေးချင်တဲ့ စိတ်ပေါ်လာရင် တောက်ရေးမယ်။ အဲဒါ မြတ်လေး.... အဲဒါ မြတ်လေး...."



"မောင်ရင်တို့ အဲဒါခက်တာပဲ"

"ခင်ဗျားတို့လည်း အဲဒါခက်တာပဲ"

သူတို့ချင်း ပြောကြတဲ့ စကားလုံးတွေထဲမှာ နောက်ကြောင်း အတိမ်အနက်တွေ ရှိကြမှာပါ။ ကျွန်တော်တို့က မသိလို့သာပါ။ ဒါပေမယ့် သူတို့ချင်း အင်မတန် ချစ်ခင်နားလည်ကြတယ်ဆိုတာကို ဘေးက ကျွန်တော်တို့ ချာတိတ်တွေက ခံစားမိကြပါတယ်။

ဆရာမြဟာ ဦးမြတ်လေးကို အဲဒီလို တိုက်တွန်းခဲ့သလို ကျွန်တော်တို့ကိုလည်း စာဖတ်ဖို့ စာရေးဖို့ အမြဲတမ်း တိုက်တွန်းနှိုးဆော်နေတတ်သူပါ၊ ဟောပြောပွဲ ခရီးစဉ်တစ်လျှောက် ကိုယ့်အချင်းချင်း စကားစမြည်ပြောဖို့ အချိန်ရတိုင်း "အခု ဘာဖတ်နေသလဲ" "အခု ဘာရေးနေသလဲ" လို့ တဖွဖွ မေးတတ်ပါတယ်။ ဆိုပါစို့။ ကျွန်တော်ဖတ်နေတဲ့ စာအုပ်ဟာ သူ မဖတ်ရသေးတာမျိုးဖြစ်နေရင် စိတ်ဝင်တစားနဲ့ "အဲဒီစာအုပ် ကျွန်တော် မဖတ်ရသေးဘူး။ ဘာတွေရေးထားသလဲ။ ဘယ့်နှယ့်လဲ" လို့ မေးတတ်ပါတယ်။ ဒါပေမယ့် များသောအားဖြင့်ကတော့ သူဖတ်ပြီးသားတွေချည်းပါပဲ။

၁၉၈၈ ခုနှစ် 'ခန်းဆောင်နီအိပ်မက်' နဲ့ သူဘာသာပြန် အမျိုးသားစာပေဆုရတဲ့နှစ်က မှတ်မှတ်ရရပါ။ သူ ပြောခဲ့တယ်။

"ကျွန်တော် တရုတ်ဂန္ထဝင် သိုင်းဝတ္ထုကြီးတစ်အုပ် ဘာသာပြန်ထားတယ်။ 'စိမ့်မြိုင်က ဓားသမား'လို့ နာမည်ပေးထားတယ်။ အထူကြီး၊ သုံးတွဲထက် မနည်းရှိလိမ့်မယ်" တဲ့။

မြသန်းတင့်က တရုတ်သိုင်းဝတ္ထု ဘာသာပြန်ထားတယ် ကြားရလို့ အံ့သြမင်တက်ဖြစ်သွားကြတဲ့ ကျွန်တော်တို့ကို သူက အေးအေးဆေးဆေးပဲ။

"ခုတ်ကြ ထစ်ကြလုပ်ကြတဲ့ သာမန်သိုင်းဝတ္ထုမျိုး မဟုတ်ဘူး။ ဒီဝတ္ထုဟာ ကိုယ်ကျင့်တရား၊ လူတန်းစားလက္ခဏာ၊ လူ့ဘဝတွေပါ ပါတဲ့ဂန္ထဝင်ဝတ္ထုကြီး"လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ဟောပြောပွဲတွေက တစ်မြို့ပြီး တစ်မြို့၊ တစ်ပွဲပြီးတစ်ပွဲ များလာတော့ နောက်ပိုင်းပွဲတွေမှာ သူ့အတ္ထုပ္ပတ္တိကို စာဆိုပွဲ ကော်မတီက တောင်းတဲ့အခါ ကျွန်တော်က အလွတ်ရနေပြီလေ။ ဆရာမြ အတ္ထုပ္ပတ္တိကို ကျွန်တော်ကပဲ ရေးရေးပေးလိုက်တယ်။ ၁၉၂၉ ခုဖွား ပခုက္ကူခရိုင် မြိုင်မြို့ဇာတိ အဘဦးပေါ်တင့်၊ အမိဒေါ်လှိုင်စသည်ဖြင့်....။ ဒီအခါမှာ သူက ပြုံးပြီး သဘောကျနေတတ်တယ်။

စာပေဟောပြောပွဲခရီးမှာ အသိသာဆုံး မြင်နေရတဲ့ ဆရာမြရဲ့ ပုံကတော့ ခရီးတစ်လျှောက် ကြုံရသမျှ သက်ရှိသက်မဲ့ ဘာကိုမဆို စိတ်ဝင်တစား စူးစမ်းတတ်ခြင်းဖြစ်ပါတယ်။ သူ့အာရုံတွေဟာ အမြဲပဲ ၁ာတ်ဆက်နိုးကြားလို့နေတော့တယ်။ သစ်ပင်၊ တောတောင်ရေမြေ၊ လမ်း၊ မြေကြီး၊ တိမ်၊ အဆောက်အဦ။ သူ့မှာ စိတ်ဝင်စားစရာ မကောင်းတာရယ်လို့ ဘာမှ ကို မရှိတော့ဘူး။ ယုတ်စွအဆုံး ရထားလမ်းတစ်လျှောက် တွေ့ရတဲ့ 'ဂျာမကီပင်' ခေါ်တဲ့ မြေကြီးကပ်ပေါက်တဲ့ အပင်ချုံပုတ်တွေက အစ သူ စိတ်ဝင်စားတယ်။ ဒေသခံကို မေးတယ်။ သူသိထားတာနဲ့ ညှိနှိုင်းဆက်စပ်ယူတယ်။ ဆိုင်ရာဒေသရဲ့ သမိုင်းနောက်ခံ ထင်ရှားတဲ့ လူပုဂ္ဂိုလ်နဲ့ အထင်ကရ မြစ်ရပ်တွေကိုလည်း သူက သိလိုက်တာပါပဲ။

လူကို စိတ်ဝင်စားလိုက်ပုံများကတော့ အထူးပြောစရာတောင်လိုမယ် မထင်ပါ။ သူ့ရဲ့ 'အညတရ ရုပ်ပုံလွှာများ' က ထင်ရှားတဲ့ သာဓကပါပဲ။ ဒါကြောင့်လည်း သူ့ရဲ့ ခရီးသွားစာပေအဖွဲ့ဟာ ရောင်စုံဖြာတဲ့ သက်ဝင် ပန်းချီကားကြီး ဖြစ်နေတော့တယ်။

သူနဲ့အတူ နယ်ဟောပြောပွဲ ထွက်ခွင့်ရခဲ့တဲ့ နောက်ဆုံးအခေါက်ကတော့ ကျိုက္ကလိဖြစ်ပါတယ်။ မောင်သွေးသစ်လည်း ပါပါတယ်။ အဲဒီတုန်းက လမ်းကြမ်းဖြစ်တဲ့ ဂွလမ်းပေါ်က တလူးလိမ့်လိမ့် ကားထဲမှာ တစ်ခုံတည်း အတူထိုင်ဖြစ်တဲ့ ကျွန်တော့်ကို တစ်လမ်းလုံး သူ စကားတွေ ပြောခဲ့တယ်။ စာအကြောင်း၊ ပေအကြောင်းကနေ သီချင်းဂီတအကြောင်း ရောက်သွားတယ်။ (သူကိုယ်တိုင်က တယောထိုးတတ်သူမို့) ဂီတမှာလည်း သူ နှံ့စပ်



လေတော့၊ မြခြေကျင်းငွေမြိုင်ရဲ့ 'စန္ဒကူးမြိုင်'ကို ကျွန်တော်က ညည်းပြရပါတယ်။ သံစဉ်တေးသွား(MELODY) တချို့နေရာတွေမှာ သူရထားတာနဲ့ ကွဲပြားကြောင်းပြောပြီး သူက ပြန်ညည်းပြခဲ့ပါသေးသကော။

ရှမ်းပြည်နယ်မြောက်ပိုင်းခရီးသိန္နီကိုအသွား ညဉ့်မှောင်မှောင် တောင်စောင်း ကမ်းပါးချောက်၊ ချမ်းချမ်းစီးစီး နှင်းလေဖြူးဖြူး ဂျစ်ကားပေါ်မှာ သူရယ်လေ "သိန္နီသီပေါ သာပြန်ပြောတဲ့... ကမ္ဘောဇနယ်..." သီချင်းကို ညည်းလို့၊ "သိန္နီနဲ့လားရှိုးက" သံပြိုင်ပိုဒ်မှာ ဆရာအောင်သင်းနဲ့သူ ပြိုင်တူဟစ်လို့...။ "စစ်နဲ့ငြိမ်းချမ်းရေး"ကို ဘာသာပြန်ခဲ့သူ စာရေးဆရာကြီးရဲ့ ရင်ထဲက စိမ့်ထွက်လာတဲ့ တေးဂီတ တိမ်းညွတ်မှု။

(ကိုဝင်းဦးရဲ့ ခေတ်ဟောင်း ဂန္ထဝင်ပြန်ဆိုတေးအချို့ တော်တော်များများဟာ ဆရာမြရဲ့ တိုက်တွန်းလှုံ့ဆော်မှုအရ ကိုဝင်းဦး သီဆိုအသံသွင်းဖြစ်ခဲ့ပါတယ်။)

ကျိုက္ကလိဟောပြောပွဲအပြီးတည်းခိုတဲ့နေရာ ညဘက်ကြီးမှာ မအိပ်ဖြစ်ကြသေးဘဲ စကားဝိုင်းဖွဲ့ဖြစ်ကြတယ်။ နောက်ဆုံးကျန်တာက သူနဲ့ ကျွန်တော်။ အဲဒီအချိန်မှာ တစ်ခါမှ မမြင်ဖူးသေးတဲ့ "မြသန်းတင့်ပရိုဖိုင်" အသစ်တစ်ခုကို အံ့သြချစ်ခင်လေးစားဖွယ်ရာ ကျွန်တော် တွေ့လိုက်ရပါတော့တယ်။

ကျွန်တော် ဗုဒ္ဓယဉ်ကျေးမှု နောက်ခံဝတ္ထုတို/ရှည်တွေရေးတာ သူသိလေတော့ သူက စကားစပါတယ်။

"ခင်ဗျား အခု ဗုဒ္ဓယဉ်ကျေးမှု နောက်ခံ ဘာတွေရေးနေသလဲ"

ကျွန်တော်ရေးနေတဲ့ အခန်းဆက်ဝတ္ထုတွေအကြောင်း ပြောပြတော့ သူက

"ဆရာတော်ကြီးတွေရဲ့ ထေရုပ္ပတ္တိတွေ ဖတ်ဖြစ်လား"

"မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ တစ်ဘဝသံသရာကိုတော့ ...ခေါက်လောက် ဖတ်ပြီးပြီဆရာ၊ အရှင်ဃောသိတရဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး တစ်ဘဝသာသနာတော့ ဖတ်နေဆဲပါပဲ" အဲဒီစာအုပ်တွေကို သူဖတ်ပြီး

www.burmeseclassic.com



ကြောင်း ပြောပြရင်းနဲ့ သူက "ခင်ဗျားရေးတဲ့ ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုတွေ ကျွန်တော် သိပ်မဖတ်ဖြစ်ဘူး၊ အတော်ရေးဖြစ်နေတယ် ဆိုတာတော့ သိတယ်၊ တစ်ခုမေးမယ်၊ ဘာရည်ရွယ်ချက်နဲ့ ရေးတာလဲ"

အတော်ပြတ်သားတဲ့ တဲ့တိုးမေးခွန်းပါ။ ကျွန်တော့်မှာ မူလပကတိ ခံယူချက် ရှိမထားဘူးသာဆိုရင် အမေးခံရသူ ကစဉ့်ကလျားနိုင်သွားစေမယ့် မေးခွန်း။

အချုပ်ကို ကျွန်တော် ဖြေလိုက်ပါတယ်။ "ကျန်တဲ့ ရသတွေနဲ့ဖွဲ့၊ နောက်ဆုံး သန္တရသကို ဆိုက်၊ ဓမ္မ အဓမ္မ ဆိုတာ ဘာလဲ ခွဲခြားသိမြင်စေလိုတဲ့ ရည်ရွယ်ချက်ပါ ဆရာ" သူက အင်း... ရှည်ဆွဲပြီး ငြိမ်နေတယ်။ သူ သိပ်ဘဝင်မကျဘူးဆိုတာ သိသာပါတယ်။ ကျွန်တော်က ဆက်ပြောပါတယ်။ "ဗုဒ္ဓနဲ့ သူ့ရဲ့ သာဝကများအကြောင်း၊ ဗုဒ္ဓကို ဆန့်ကျင်သူများ အကြောင်း ဘာကြောင့် ဘယ်လို ဆန့်ကျင် တိုက်ခိုက်ကြသလဲ၊ နောက်ဆုံး ဘယ်လို အသိအမြင်မှန်သွားကြသလဲ... ဆိုတာကို ဓမ္မစာပေနဲ့ သိပ်မရင်းနှီးတဲ့ လူငယ် စာဖတ်ပရိသတ်တွေ သိစေချင်လို့ ဆိုတာလည်း ပါတယ် ဆရာ" သူနည်းနည်း လှုပ်ရှားလာပါတယ်။

"ကောင်းပါတယ်၊ စာရေးဆရာတစ်ယောက် ရှိအပ်တဲ့ အရာပါပဲ၊ ကျွန်တော်ကတော့ သံဃအဖွဲ့အစည်းကို စိတ်ဝင်စားနေတယ်"

"ဘာကို ပြောတာလဲဆရာ"

"ဗုဒ္ဓရဲ့ သာဝကကြီးတွေအကြောင်း၊ သံဃအကြောင်း၊ အဲဒီအရိယာကြီးတွေ လောကကို၊ လူတွေကို ဘယ်လို အကျိုးပြုသွားကြသလဲ ဆိုတဲ့ အကြောင်း၊ ပြီးတော့ သံဃအဖွဲ့အစည်းအတွင်း သူတို့ ရဟန္တာကြီးတွေ အချင်းချင်း ဘယ်လို ဆက်နွယ်လှုပ်ရှားကြသလဲ ဆိုတာတွေ၊ ဗုဒ္ဓရဲ့ လမ်းညွှန်ချက်အတိုင်း အရိယာတွေ ဘယ်လို၊ ပြောဆိုဆုံးမ ဟောကြား လုပ်ကိုင် သွားတယ်ဆိုတာတွေ... "

"ဟာ၊ ဆရာ... "



ဂေါ်ကီ၊ တော်လ်စတွိုင်း၊ မာဂရက်မစ်ချယ်၊ ဆောင်ဇူချင်း နဲ့ ကောက်ငို၊ ဒိုးမိနိုလာပီယဲ... စတဲ့၊ ရုရှ၊ အမေရိကန်၊ တရုတ်၊ ပြင်သစ် စာရေးဆရာတွေရဲ့ ဂန္ထဝင်တွေကို ဘာသာပြန်ခဲ့သော စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မတီ မှာ အတွင်းရေးမှူး လုပ်ခဲ့သူ စာရေးဆရာကြီး၊ ဆွိဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့ မှာ ကျင်းပတဲ့ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေးကို မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖြစ်တက်ရောက်ခဲ့တဲ့ စာရေးဆရာကြီး၊ စာရေးဆရာ သမဂ္ဂ အမှုဆောင် လုပ်ခဲ့တဲ့ စာရေးဆရာကြီးတစ်ယောက်ဆီက ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုင်ရာ စူးရှတဲ့ ချဉ်းကပ် ဝင်စားမှု သဘောထားကို နားနဲ့ ဆတ်ဆတ် ကြားလိုက်ရတဲ့ ကျွန်တော့်မှာ "ဟာ၊ ဆရာ" ရယ်လို့သာ အာမေဋိတ်ပြု လိုက်မိပါတော့တယ်။

သူက အဝေးဆီကို ရီဝေဝေဝေးရင်း ဆက်ပြောနေတယ်။

"လက်ျာတော်ရံ၊ လက်ဝဲတော်ရံနဲ့ မဟာသာဝက အကြောင်းကြီး များကို ကျွန်တော် စိတ်ဝင်စားနေတယ်။ သူတို့ တန်ခိုးကြီးပုံတွေ ဘာတွေ ဆက် လူ့အဖွဲ့အစည်းမှာ သူတို့ဘယ်လို ဓမ္မအလင်းကို ဖြန့်ဝေသလဲ။ ဗုဒ္ဓနဲ့ ရဟန္တာကြီးတွေအကြား၊ ခေါင်းဆောင်ကောင်းနဲ့ နောက်လိုက်ကောင်း ဘယ်လို ဆက်သွယ်စီးဆင်းသလဲဆိုတာမျိုး ကျွန်တော် ရေးချင်တယ်"

ကြည်နူးလေးစားစွာနဲ့ ကျွန်တော်က သူ့ကို ပြောဖြစ်ပါတယ်။ ပြောဖြစ်တဲ့ အကြောင်းက အရှင်အာနန္ဒာရဲ့ ပယ်ဆု၊ ခံဆု (ပယ်လေးတန်၊ ခံလေးပါး) အကြောင်းပါ။ အရှင်အာနန္ဒာရဲ့ လောကတ္ထစရိယ၊ ပရဟိတနှလုံးသား၊ အတ္တကိုယ်ကျိုးလုံးဝမငဲ့တဲ့ စိတ်ဓာတ်အကြောင်း၊ သူ နားထောင်ပြီးတော့။

"အဲဒါ... ရေးစမ်း... ရေးစမ်း" လို့ တလိုက်တလှဲကြီး တိုက်တွန်းပါ တော့တယ်။ (ကလျာမဂ္ဂဇင်းမှာ ရှင်အာနန္ဒာ၏ ရပိုင်ခွင့်နှင့် တာဝန် သဘောတရားဆိုပြီး ကျွန်တော် ရေးဖြစ်ခဲ့ပါတယ်။ ဒါတင်မက ဒီနေ့တိုင်း စာပေဟောပြောပွဲတွေမှာ အရှင်အာနန္ဒာအကြောင်းကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တွင်တွင် ဟောပါတယ်။ ဒီလိုရေးဖြစ်တာ ဟောဖြစ်တာတွေ ဆရာမြရဲ့ အင်အားကောင်းတဲ့ လှုံ့ဆော်တိုက်တွန်းမှုကြောင့်၊ ကျိန္တလီမှာ သူနဲ့ စကားဝိုင်းဖွဲ့ခဲ့ဖူးတာကြောင့် ဖြစ်ပါတယ်။)

သူက ဆက်ပြောပါတယ်။

"ကိုယ်အခု ဆရာတော်ကြီးတွေရဲ့ ထေရုပ္ပတ္တိတွေ ဖတ်နေတယ်။ အတော်လေးတော့စုံပြီ။ တစ်အုပ်ကို ရှာမတွေ့ဘူး ဖြစ်နေတယ်"

"ဘယ်စာအုပ်လဲ ဆရာမြ"

"စံကင်းဆရာတော်ဘုရားကြီးရဲ့ ဂုရုပ္ပတ္တိ "

အဆင်သင့်လိုက်ပုံများ၊ အဲဒီစာအုပ်က ကျွန်တော်မှာ ရှိနေပါတယ်။ "သူ့ ကျွန်မခံပြီ" ရုပ်ရှင်ရိုက်တုန်းက စစ်ကိုင်းတောင်ရိုး ဆရာတော်ကြီးဆီက 'တောင်း' ယူလာခဲ့တာလေ။ ဒီစာအုပ် ကျွန်တော့်ဆီမှာ ရှိနေတယ်ဆိုတာ သူသိရတော့ သူဝမ်းသာသွားတယ်။ ပြီးတော့ ကျွန်တော့်ဆီက စာအုပ်ငှားပါတယ်။ (ဒီအကြောင်းကို လယ်ယာစီးပွားစာစောင်မှာပဲ မိမိနှင့် အဝိဉာဏကများ ခေါင်းစဉ်နဲ့ ကျွန်တော်ရေးခဲ့စဉ် ကျွန်တော်နှင့် စာအုပ်အခန်းမှာ ရေးခဲ့ပြီး ဖြစ်ပါတယ်။)

၉၈- ဖေဖော်ဝါရီ ၁၈၊ သူ ကွယ်လွန်ပြီးတဲ့နောက် မရှေးမနှောင်း ပေါ်ပြူလာဂျာနယ်ထဲမှာ အဲဒီကျိန္တလီဆွေးနွေးပွဲလေးကို နောက်ခံပြုပြီး 'ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် ဆရာမြသန်းတင့်' ခေါင်းစီးနဲ့ ကျွန်တော် ဆောင်းပါးရေးဖြစ်ခဲ့ပါတယ်။

တကယ့်ကို အသေစောလွန်းပါတယ်... ဆရာမြရယ်။

သူသာရှိနေသေးရင် အခြားအခြားဘာသာပြန်ဝတ္ထု၊ အက်ဆေး၊ ကဗျာ၊ ဆောင်းပါးများစွာနဲ့အတူ သူပြောခဲ့ဖူးတဲ့ 'ဗုဒ္ဓ၊ သံဃနှင့် လူ့အဖွဲ့အစည်း' အကြောင်း မုချရေးမှာသေချာတယ်။

တကယ်အဖိုးတန်တဲ့ ပုဂ္ဂိုလ်တစ်ဦး မရှိတော့ခြင်းရဲ့ လစ်ဟာချက်၊ နစ်နာချက်၊ ဆုံးရှုံးမှုဟာ ကြာလေလေ ပေါ်လွင်လာလေလေပါပဲ။ နှမြောလိုက်လေခြင်း ဆရာမြရယ်။



စာပေဟောပြောပွဲနဲ့ပတ်သက်တဲ့ နောက်ထပ်မှတ်မှတ်ရရတစ်ခုကို ကမွည်းတင်ချင်ပါသေးတယ်။ အဲဒါကတော့ ၁၉၉၆ ဇန်နဝါရီ ၁၆ ရန်ကုန်ဝိုင်အမ်စီအေ အပေါ်ထပ်ခန်းမမှာ ကျင်းပတဲ့ပွဲပါ။ စီစဉ်သူက မိုးမိုး (အင်းလျား) အမှတ်တရအဖွဲ့၊ တစ်ကိုယ်တော်ဟောပြောသူက ချစ်ဦးညိုပါ။

'တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနဲ့ယဉ်ကျေးမှု မျက်နှာစာ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော် ပြောခဲ့ပါတယ်။ (ဒီဟောပြောချက်နဲ့ မေးမြန်းဖြေကြားချက်များကို စာပေလောကစာအုပ်တိုက်က စာအုပ်ပြန်ထုတ်ပါတယ်။) ဒီဟောပြောပွဲမှာ ဆရာပါရဂူက ပရိသတ်ထဲမှာ ရှေ့ဆုံးခုံတန်းက နေရာယူထိုင်ပေးပါတယ်။ ဆရာမြက နောက်ဆုံးတန်းမှာ ထိုင်ပါတယ်။ ဆရာနှစ်ပါး အဲဒီလို တက်ရောက်နားထောင်ပေးတာဟာ ကျွန်တော့်အတွက် မဟာဩဇာပါ။

ဟောပြောပွဲပြီးတော့ စာပေလောကတိုက် ကိုမျိုးညွန့်က ဆူးလေဘုရားလမ်းက ငြိမ်းချမ်းစားတော်ဆက်မှာ ညစာကျွေးပါတယ်။ ဆရာပါရဂူ ဆရာမြတို့ကိုလည်း ဂုဏ်ထူးဆောင်ဧည့်သည်တော် ဆရာကြီးများအဖြစ်ဖိတ်ကြားလို့ ဆရာတို့ တက်ရောက်ကြပါတယ်။ စားကြသောက်ကြရင်းနဲ့ ဟောပြောပွဲလေး လှပချောမွေ့သွားတာကို စားမြုံ့ပြန်ကြချိန်မှာ ဆရာမြက စကားတစ်ခွန်းပြောပါတယ်။

"ချစ်ဦးညို... WELL DONE! WELL DONE! " တဲ့။

တိုက်ရိုက် မြန်မာပြန်ရင်တော့ ကောင်းကောင်းလေး အလုပ်လုပ်သွားတယ်လို့ အဓိပ္ပာယ်ရမှာပါ။ သို့သော် ဆင့်ပွားအနက်တွေက အများကြီးရှိသော ဆရာရဲ့သာဓုခေါ်သံဟာ ကျွန်တော့် နှလုံးအိမ်နံရံတစ်လျှောက်မှာ ကြည်နူးပီတိလှိုင်းများ အထပ်ထပ် ရိုက်ခတ်သွားစေပါတော့တယ်။

ဒါတင် မကသေးပါ။ ဆရာမြက ဆက်ပြောပြန်ပါတယ်။

"ကိုယ့်လူတို့ ဒီနေ့ပွဲလေး အောင်မြင်တာဟာ စာပေလောကစာအုပ်တိုက်ကြောင့်လည်းမဟုတ်ဘူး။ မိုးမိုး(အင်းလျား)အဖွဲ့ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ချစ်ဦးညို အဟောအပြောကောင်းလို့လည်း မဟုတ်ဘူး။ ဒီနေ့ပွဲရဲ့ အောင်မြင်မှုဟာ ဘာ့ကြောင့်လဲ ဘယ်သူ့အောင်မြင်မှုလဲ သိလား" သူ့ မေးခွန်းနဲ့စပြီး ရပ်ထားပါတယ်။ ဘယ်သူမှ မဖြေကြဘဲ သူ့အဖြေကိုသာ စောင့်နားထောင်နေကြပါတယ်။ ဒီအချိန်မှာ ဆရာပါရဂူက

"မြသန်းတင့် ဘာပြောချင်သလဲဆိုတာ ကျွန်တော်သိတယ်။ ဒါပေမယ့် သူ့စကား သူ့အမေးကို သူပဲပြောပါစေ" တဲ့။ ဆရာမြက ဆရာပါကို ကျေးဇူးတင်တဲ့အကြည့်နဲ့ လှမ်းကြည့်ပြီး၊

"ဒီနေ့ပွဲရဲ့ အောင်မြင်မှုဟာ ပရိသတ်ရဲ့ အောင်မြင်မှုဖြစ်တယ်။ ဒီနေ့ပွဲဟာ ပရိသတ်ရဲ့ပွဲဖြစ်တယ်" လို့ ပြောလိုက်ပါတော့တယ်။ သိပ်လှတဲ့ စကားပါပဲ၊ တစ်နည်းအားဖြင့် 'ချစ်ဦးညို ..... WELL DONE! WELL DONE! "လို့ ပြောထားတဲ့စကားကြောင့် ကြည်နူးပီတိနဲ့အတူ 'ငါတကား' ဆိုပြီး မာန်မာနတလွှားလွှားဖြစ်မသွားအောင် ချစ်ဦးညိုကို သတိပေးလိုက်တဲ့ စကားလည်း ဖြစ်ပါတယ်။

ချစ်သော ဆရာရဲ့ အဲဒီကောင်းချီးသြဘာပေးမှုနဲ့ အဲ့ဒီ သတိပေးဆုံးမမှုကို ကျွန်တော် ဘယ်တော့မှ မေ့လိမ့်မယ်မဟုတ်ပါ။

ဆရာမြရေ အခုဆောင်းပါးစာမူကို ရေးနေတဲ့ ဒီနေ့ဟာ ဖေဖော်ဝါရီ ၁၁ ပါ။ တစ်နေ့ကပဲ ဆရာ့သမီး မဘူးက ဖုန်းဆက်ပါတယ်။ ဖေဖော်ဝါရီ ၁၈ ဖေဖေ လေးနှစ်ပြည့်တဲ့။ နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့ အမှတ်တရလွမ်းဆွတ်တသပွဲ... ။ နောက်ခြောက်ရက်ပြီးရင် ဆရာ့လေးနှစ်ပြည့်ကို၊ ဆရာ့အိမ်မှာ ကျင်းပကြဦးမယ်။ ဆရာ့ကို ချစ်ခင်လေးစားသူတွေ၊ ဆရာ့ရဲ့ ရဲဘော်တွေ၊ ရေးဖော်တွေ၊ တပည့်တွေ၊ မိတ်ဆွေတွေ တက်ရောက်ကြမယ်။

ဆရာကွယ်လွန်ပြီးနောက် နှမြောတသ ယူကျုံးမရတဲ့ အလွမ်းစာတွေ ဂုဏ်ပြုစာတွေကို စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ... များစွာ အပြိုင်းအရိုင်း ရေးဖွဲ့ကြပါတယ်။ အဲဒီထဲမှာ ချစ်ဦးညိုရဲ့ စာတစ်ပုဒ်တလေမှ ဘယ်မဂ္ဂဇင်းမှာမှ (ပေါ်ပြူလာဂျာနယ်ဆောင်းပါးတိုလေးမှအပ) မပါခဲ့



သေးပါဘူး။ မပါသေးတာက ကျွန်တော်ရေးလို့ မရလို့ပါ။ ဆရာ့အကြောင်း ရေးမယ်ဆိုတိုင်း ရင်ထဲမှာ ညို့ညို့ပြီး ပြိုပြိုကျလာလို့ ရေးလို့မရခဲ့ပါ။ အခုလည်း စာပေဟောပြောပွဲ နောက်ခံ အခင်းအကျင်းနဲ့ တစ်ပိုင်းတစ်စ ရုပ်ပုံလွှာလေးပဲရေးဖြစ်ပါတယ်။ ဒီအပိုင်းအစလေး ရေးရာမှာတောင်မှ ကျွန်တော့် လက်ချောင်းတွေ တုန်... တုန်နေတယ် ဆရာမြရေ။

ဟောဒီဆောင်းပါးကလည်း ဆရာမြသန်းတင့် ရုပ်ပုံလွှာဆိုပေမယ့် ကျွန်တော့်ခံစားမှုတွေက 'ကဲ' နေပြီထင်ပါရဲ့။ ဒီအတွက်လည်း လေးစားအပ်တဲ့ စာဖတ်သူတွေကို တောင်းပန်ပါတယ်။ 'ခမျာ တယ်နူရှာသကိုး' လို့သာ အောက်မေ့ပေးကြပါတော့... လို့။

သုဂတိဘုံတစ်ခုခုဆီကနေ... ချစ်ဦးညို WELL DONE! WELL DONE! လို့ ဆရာရေရွတ်နိုင်အောင် ကျွန်တော် ဆက်ကြိုးစားနေပါမယ် ဆရာ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ပဏာသနိကျမ်း
## (သို့မဟုတ်)
## ဆရာကြီး(ဦး)ဆန်းထွန်း [မန်းတက္ကသိုလ်]

ဆရာကြီးဦးဆန်းထွန်း(မန်းတက္ကသိုလ်)နဲ့အတူ စာပေဟောပြောပွဲ ထွက်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ၊ ဘယ်လိုမှ မမျှော်လင့်ခဲ့ပေမယ့် အဲဒီအတိုင်း တကယ်ဖြစ်လာတဲ့အခါမှာတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားခဲ့ပါတယ်။

တစ်မျိုးကြီးဆိုတာ တကယ်ပါ။ ဘယ်လိုခံစားမှုမျိုး ကိုယ့်ဘာသာ ကိုယ် မသိခဲ့ပါဘူး။ နောက်မှ အဲဒီတစ်မျိုးကြီးကို အဓိပ္ပာယ် ပေးနိုင်ခဲ့ပါ သော့တယ်။ ဒီလိုပါ။ စာပေဟောပြောပွဲကို ဦးစီးကျင်းပသူက အဲဒီတုန်းက မော်လမြိုင်ကောလိပ် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းနေတဲ့ ဆရာကြီး ဦးခင်မောင်တင့်(တက္ကသိုလ်ဘုန်းနိုင်) ဖြစ်ပါတယ်။ ဟောပြောပွဲက မော်လမြိုင်ကောလိပ်မှာ၊ ဆရာတက္ကသိုလ်ဘုန်းနိုင် ရွေးချယ်ဖိတ်လိုက်သူ တွေက လူကြီးထဲက ဦးဆန်းထွန်း၊ လူငယ်ထဲက ချစ်ဦးညိုတဲ့။ စုစုပေါင်း နှစ်ယောက်တည်း၊ အချိန်ကာလက ၁၉၈၆ ဝန်းကျင်။ (လက်ဘဒီပချက်သူ) တွေ့စရေးတဲ့အချိန်က စတွက်ကြည့်ရင် စာရေးသက်ကလေးသက်မှာ

www.burmeseclassic.com

www.burmeseclassic.com



၉ နှစ် မပြည့်သေးတဲ့ ကလောင်အငယ်စားလေးဟာ သူမမွေးခင်ကတည်းက 'ကာဝိယဝါဒီ အရှင်ဉာဏိဿရ' အမည်။ 'ကျွဲကဒူးသား' အမည်တွေနဲ့ ရွှေပြည်တော် သတင်းစာ၊ ဂျာနယ်ကျော်၊ ကြီးပွားရေး မဂ္ဂဇင်းတွေမှာ ကဗျာအဖွဲ့တွေ၊ ဆောင်းပါးတွေ ရေးလာခဲ့တဲ့ ရောမ ကလောင်ကြီးနဲ့အတူ နယ်စာပေဟောပြောပွဲ ခရီးအတူ သွားရမယ်ဆိုတော့။

ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဖိတ်ကြားချက်ကို ရရှိလိုက်ချိန်မှာပဲ ကျွန်တော့် သန္တာန်ဟာ သေးငယ် ကျုံ့ဝင်သွားသလို ခံစားလိုက်ရပါတယ်။ ဆရာပါရဂူရဲ့ 'ပရကထာ' စာအုပ်မှာ ဆရာပါက သူ ကိုရင်လေးဘဝ စာရေး ဝါသနာပါချိန်မှာ အရှင်ဉာဏိဿရ (ဆန်းထွန်း-မန်းတက္ကသိုလ်) နဲ့ အရှင် တေဇောသာရ (ဒဂုန် ဦးထွန်းမြင့်)တို့ဟာ လစဉ်ထုတ် စာစောင်များမှာ နေရာရနေကြပြီလို့ ဖော်ပြခဲ့ပါတယ်။ ဆရာပါရဂူထက်တောင် စောသေးတဲ့ ကလောင်ကြီး၊ ဆရာကြီး ဦးဆန်းထွန်း။

ဒီလို ဆရာကြီးမျိုးနဲ့အတူ (နှစ်ယောက်တည်း) ဟောပြောပွဲ ခရီးထွက်ရမယ်ဆိုတော့ ကျွန်တော့်မှာ သိမ်ငယ်စိတ်၊ အငုံ့စိတ်၊ အလျှိုးစိတ် ဝင်တာဟာ သဘာဝကျတယ်လို့ ထင်ပါတယ်။ ဒါပေမယ့်...

အငုံ့အလျှိုးစိတ်နဲ့ ရှုံ့ဝင်သွားတဲ့ နှလုံးသားဟာ အသံသဲ့သဲ့လေးတစ်ချက်နဲ့ ကြွေးကြော်ခဲ့ပါတယ်။ "ဆရာကြီးလို ပုဂ္ဂိုလ်မျိုးနဲ့အတူ ခရီးထွက်ခွင့်ရတယ်ဆိုတာ ကြုံတောင်ကြုံခဲ ရှားရှားပါးပါး အခွင့်အရေး မဟာလာဘ်ကြီးတစ်ပါး"

အားတင်းပြီးတော့သာ ကြွေးကြော်လိုက်ရ၊ ကိုယ့်အသံကိုယ် ပြန်လန့်နေပြန်ပါရော။ ဆန်းထွန်း(မန်းတက္ကသိုလ်)ဆိုတာ တက္ကသိုလ်ကျောင်းသားဘဝတုန်းက ကျွန်တော်တို့ အကြိုက်ကြီး ကြိုက်ခဲ့ရတဲ့ 'ရှေ့သို့နှင့်အခြားဝတ္ထုတိုများ' ကို ရေးထားသူလေ။ ဒါတွင် ကရိုးလား။

ကျွန်တော်တို့ နှလုံးသားကို ဆုပ်ညှစ်ကိုင်လှုပ်ခဲ့လေတဲ့ 'တော်လဂါမှဂင်္ဂါသို့' ဝတ္ထုကြီးကိုရေးခဲ့သူ၊ ဘာသာပြန်ခဲ့သူ စာရေးဆရာကြီး



တစ်ယောက်အဖြစ် သာမက၊ စာပေပညာရှင်ကြီး၊ ကဝိကြီး၊ ပဏ္ဍိတ်ကြီး၊ သုခမိန်ကြီး၊ ဟိန္ဒီ၊ သက္ကတ၊ ပါဠိနဲ့ မြန်မာစာပေကျမ်းဂန်တို့ကို မွှေနှောက်ချောက်ချားနိုင်ခဲ့တဲ့ ဘာသန္တရ ဝိဇ္ဇာမိုရ်ကြီးတစ်ဦးအဖြစ် ကျွန်တော်တို့ နားလည်ထားရသူ...။ မဂ္ဂဇင်းတွေ၊ စာစောင်တွေထဲမှာပါတဲ့ သူ့ရဲ့ ကာဲဆန်သော ဂန္ထဝင် အရေးအသားကြီးကိုဖတ်ပြီး ကျွန်တော်တို့ မျက်ခုံးပင့်ပါးစပ်ဟာရတဲ့ ဆရာကြီး။

"လေးရာမှာ ဆားခတ်"ဆိုသလို ဆရာကြီးရဲ့ စာတစ်ပုဒ်ကို ကောက်နှုတ်ကူးပြပါရစေဦး။ မှန်နန်းရာဇဝင်တော်ကြီးမှာ ဆရာကြီး ရေးထားတဲ့ 'မဟာနိဒါန်း'ထဲကပါ။

"မြန်မာရာဇဝင်ကိုဖြစ်စေ၊ ကမ္ဘာ့ရာဇဝင်ကိုဖြစ်စေ တစ်မျိုးတစ်စားတည်း မှတ်သားမထားအပ်ပေ။ ရာဇဝင်သည် (၁) သဝတ္ထုကရာဇဝင် (၂)အဝတ္ထုက ရာဇဝင်... ဟူ၍ နှစ်မျိုးရှိသင့်သည်။ ကျောက်စာ၊ ကြေးစာ၊ အုတ်ခဲစာ၊ ကျောက်ဝတ္ထု၊ ကြေးဝတ္ထု၊ အုတ်ခဲဝတ္ထုစသော သက်သေခံရှိသော ရာဇဝင်ကို သဝတ္ထုက ရာဇဝင်၊ အဆိုပါ ဝတ္ထုပစ္စည်း သက်သေခံမရှိသော ရာဇဝင်ကို အဝတ္ထုက ရာဇဝင်ခေါ်သင့်သည်။

တစ်နည်းဆိုသော် ရာဇဝင်သည် (၁) ဗုဒ္ဓရာဇဝင် (၂) ခတ္တာရာဇဝင် (၃) ဒီပက ရာဇဝင်ဟူ၍ သုံးမျိုးရှိသင့်သည်။ လောက၌ သက်သေမပြနိုင်ဘဲ ဟုတ်နေသော၊ မှန်နေသော၊ ဖြစ်ရှိနေသောအရာ အမြောက်အမြားရှိသည်။

"...သို့သော် ရာဇဝင်တော်ကြီးကို ဖတ်ရှုသောသူသည် သမိုင်းရာဇဝင်တို့၏ သဘောကိုလည်း 'ယောနိသော မနသိကာရ' ရှိထားသင့်သည်။ သို့မှ မုသားမပါ ရာဇဝင်မသွက် (all historical books which contain no lies are extremely tedious... Anatole France) ဟူသော ဆောင်ပုဒ်နှင့်အလျော်၊ ဆရာတော်များ ပညာရှိလူပုဂ္ဂိုလ်ကြီးများ ရေးသားအပ်သော မှန်နန်းရာဇဝင်တော်ကြီး၌ 'မသဒ္ဒါ'သောစိတ်ပျောက်ပင်ကြွယ်နိုင်ပေလိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



(မှန်နန်းရာဇဝင်တော်ကြီး ပထမအကြိမ် ၁၉၉၂ ပထမတွဲ မှီးချစ်စိတ်မာတ် ထက်သန်ရေး ပညာပြန့်ပွား လှူဆော်စာစဉ်)

(စာမျက်နှာ-က၊ ခ)

ဒီ မဟာနိဒါန်းကို ဆရာကြီးဟာ ၂၄-၈-၆၃ ရက်စွဲနဲ့ ရေးခဲ့ခြင်း ဖြစ်ပါတယ်။

စာဖတ်သူ မိတ်ဆွေရဲ့ စာအုပ်စင် လက်တစ်ကမ်းမှာ မှန်နန်းရှိနေရင် ပထမတွဲကိုလှမ်းယူပြီး ဆရာကြီးရဲ့ မဟာနိဒါန်းကို ဖွင့်ဖတ်ကြည့်စေချင်ပါတယ်။ ဆရာကြီးရဲ့ ကဝိဉာဏ်၊ ကဝိလေသံကို အထင်အရှား တွေ့ရပါလိမ့်မယ်။

ဒီလိုပုဂ္ဂိုလ်ကြီးမျိုးနဲ့ ဟောပြောပွဲအတူ (နှစ်ယောက်တည်း) သွားရမယ်ဆိုတော့ ချစ်ဦးညိုမှ မတုန် ဘယ်သူတုန်မလဲ။ သို့သော် စောစောက ပြောသလို မဟာအခွင့်အရေးကြီးဟဲ့လို့ ကျုံးရင်ပြီး ဘုတာဆင်းတဲ့နေ့မှာ ကျွန်တော် ဆရာကြီးကို သွားပင့်ပါတယ်။ ဒီတုန်းက ဆရာကြီးဟာ ရန်ကုန်တက္ကသိုလ်ပရဝဏ်မှာ လုံးချင်းတိုက်အိမ်ကလေးနဲ့ နေထိုင်နေတာ ဖြစ်ပါတယ်။

ဆရာကြီး အိမ်ထဲဝင်သွားတဲ့ ကျွန်တော့်ရဲ့ပုံကို၊ ဘေးလူတစ်ယောက်ယောက်ကသာမြင်ရင် ဒက်ခနဲ စကားလုံးတစ်လုံးကို သုံးလိုက်မှာ သေချာပါတယ်။ အဲဒီ စကားလုံးကတော့ 'ကုပ်ချောင်းချောင်း....'

တကယ်ကို ကုပ်ချောင်းချောင်းပါ။ ဂန္တဝင်.... သမ္မာ.... အနံ့တွေနဲ့ ကြိုင်လှောက်နေတဲ့ ဆရာကြီးရဲ့ ဧည့်ခန်းထဲကို ချစ်ဦးညို ဝင်သွားပုံက ခပ်ကုပ်ကုပ်၊ ပြီးတော့ ဆရာကြီး ဘယ်မှာထိုင်နေမလဲ၊ ဘယ်က ထွက်လာမလဲ၊ ငါ့ကိုတွေ့ရင် ဘာပြောမလဲ၊ ငါကကော ဘာပြောမယ်ဆိုတဲ့ အတွေးတွေနဲ့ အရိပ်အခြည်ကို 'ချောင်း'နေတဲ့ ချာတိတ်လေးတစ်ယောက်။

ဟော.... တွေ့လိုက်ပါပြီ။ ဘွားခနဲပါပဲ၊ ဧည့်ခန်းက ပက်လက်ကုလားထိုင်လိုလို.... အဲ.... မဟုတ်ဘူး၊ ရှေးက ဘုန်းကြီးကျောင်းတွေမှာ



ဆရာတော်ကြီးတွေ ထိုင်လေ့ရှိတဲ့ ကုလားထိုင်ကြီးမျိုး။ လက်တန်း အပြားကြီးကြီး၊ အခင်းကြိမ်ထိုး၊ ခပ်ပြန့်ပြန့် နောက်မှီ၊ အဲဒီကုလားထိုင်ကြီးပေါ်မှာ ဆရာကြီးဟာ မြိန့်မြိန့်ကြီးထိုင်လို့၊ စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်နေလို့ မျက်နှာကို မမြင်ရ။ မျက်နှာကိုမမြင်ရပေမယ့် ဆရာကြီးပဲဆိုတာ ကျွန်တော် သိလိုက်တယ်။ ကျောင်းကြီးပေါ်မှာ ဆရာတော်ကြီး ထိုင်နေတာကိုသိတဲ့ ကျောင်းသားငယ်လေးရဲ့ အသိမျိုး။

အဟမ်း.... ဆိုပြီး ကျွန်တော် ချောင်းသံမပေးရဲပါ။ ဝင်လည်း မထိုင်ရဲပါ။ အဲဒီလို အခက်ကြုံနေတုန်းမှာပဲ အတွင်းခန်း ခန်းစီးကို ဖြတ်ပြီး ထွက်လာတဲ့ အမျိုးသမီးတစ်ယောက် (နောင်အခါ ဆရာကြီးရဲ့ဇနီးလို့ သိရပါတယ်)က ကျွန်တော့်ကိုတွေ့တော့၊ "ဧည့်သည်ရောက်နေပါလား၊ ထိုင်လေကွယ်"ဆိုတော့မှာ ဆရာကြီးရဲ့ မျက်နှာရှေ့က စာအုပ်က လှပ်ရှားသွားပြီး၊ ဆရာကြီးရဲ့ မျက်နှာပေါ်လာတယ်။

အင်္ဂလိပ်စာသမားတွေဟာ လူတွေရဲ့မျက်နှာကို မြင်းမျက်နှာ (မြင်းနဲ့တူတဲ့မျက်နှာ)၊ ဆိတ်မျက်နှာ စသည်ဖြင့် ပမာတင်ကြတာ ဖတ်ရဖူးပါတယ်။ ဆရာကြီးဦးဆန်းထွန်းရဲ့ မျက်နှာကျသွင်ပြင်သဏ္ဌာန်ကတော့ အင်္ဂလိပ်စာနဲ့ရုပ်လက္ခဏာဖတ်နည်းပညာကိုတောင် အထူးအထွေ ကိုးကားစရာမလိုပဲ သိသာလှပါရဲ့။ ဆရာကြီးရဲ့ မျက်နှာဟာ နှာရောင်ကျယ်ကျယ်၊ နှာပြန့်ပြန့်၊ မျက်လုံးတွေက မျက်ခွံရဲ့ ဟိုးအတွင်းဘက်နက်နက်၊ စေ့စပ်တဲ့ နှုတ်ခမ်း၊ အနေတော်မေးစေ့၊ ပြည့်ဖြိုးတဲ့ပါးပြင်၊ မျက်နက်သားတွေနဲ့ အတိုင်းသားထင်ရတဲ့ မျက်ဝန်း၊ အတွင်းစွန်းနှစ်ဖက် မနီးတဲ့ မျက်ခုံးတွေနဲ့ ဆိုတယ့်ကို ခြသေ့်မျက်နှာ။

ဘယ်နေရာက ဘယ်ခုံမှာ ကျွန်တော်ဘယ်လိုဝင်ထိုင်ဖြစ်သလဲ မမှတ်မိပါ။ ရပ်မနေနိုင် (မနေရဲ)တော့လို့ ဒူးတွေညွတ်ပြီး ထိုင်လိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ထိုင်ပြီးတာနဲ့ပဲ "ကျွန်တော် ချစ်ဦးညိုပါ ဆရာကြီး ဘုတာဆင်းဖို့ ဆရာကြီးကို လာကြိုပါတယ်"လို့ ပြောထွက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက စာအုပ်ကြီးကို လက်တန်းပြားပေါ် ချထားလိုက်ပြီး။

"ချစ်ဦးညို၊ အေ.... မင်း ရွှေဒေါင်းညိုသား မဟုတ်လား"တဲ့။ နည်းနည်းအားရှိသွားပြီး၊ ကျွန်တော်ကလည်း ဟုတ်ပါတယ်ခင်ဗျာ... ပေါ့။

"မင်းအဖေနဲ့ ငါမန္တလေးမှာ ဆုံခဲ့ကြဖူးတယ်"

မင်းအဖေ နေကောင်းလား၊ ခုဘယ်အရွယ်ရှိပတုန်း၊ ဘာညာ မေးခွန်းတွေ လာမယ်ထင်နေတုန်းမှာ အဲဒီမေးခွန်းတွေမလာဘဲ.... ဆရာကြီး ပြောလိုက်ပုံက

"မှတ်ထားကွ၊ ဒေါင်းဆိုတာ ငယ်ငယ်က အရုပ်ဆိုးပေမယ့် ကြီးရင် လှလာတယ်။ ကြီးလေ လှလေ၊ အဲဒါ... ဒေါင်းပဲ၊ မင်း ဒေါင်းမျိုး ပီသပါစေ"ပါတဲ့။ မှတ်ကွ... လို့ ကျွန်တော်စိတ်ထဲ ကျူးရင့်လိုက်ပါတယ်။

ဆရာကြီးဟာ မော်လမြိုင် ကောလိပ်ဟောပြောပွဲကို သူ့ဇနီး၊ သူ့သမီးတို့နဲ့ ခြံရံပြီး လိုက်ပါခဲ့ပါတယ်။ ခန္ဓာကိုယ် ထွားထွားကြိုင်းကြိုင်း၊ အသံဝါဝါ၊ အောင်အောင်ရှိပေမယ့် ဇရာနဲ့ ဗျာဓိ လက္ခဏာပြပြီထင်ရဲ့။ ကျန်းမာရေး ကောင်းဟန်မတူပါ။ ရှပ်အင်္ကျီပေါ်မှာ ဆွယ်တာ၊ ပြီးတော့ တိုက်ပုံအထူ သက္ကလတ်။ ခေါင်းမှာ သိုးမွေးခေါင်းစွပ်၊ လည်မှာ မာဖလာ။ ပုဆိုးက အဲဒီအချိန်က ခေတ်စားတဲ့ မလေးရှား ပုဆိုး။ ခြေမှာ ခြေစွပ်။ လက်မှာ တုတ်ကောက်နဲ့။

ရထားပေါ်မှာ ကျွန်တော်က ဆရာကြီးနား မရဲတရဲ ချဉ်းကပ်ပြီး ဇော်လဂါမှ ဂင်္ဂါသို့ စာအုပ်အကြောင်း၊ ရွှေ့သို့နှင့် အခြားဝတ္ထုများ အကြောင်း ပဋိသန္ဓာရပြောရင်း ဆရာပါရဂူဟာ ကျွန်တော့်ဆရာအရင်း ဖြစ်ပါကြောင်း၊ ဆရာပါရဂူရဲ့ ဇာတိ၊ ဟသ်တမြို့နယ် သန္ဓသနေ့ရွာ တစ်ဖက်ကမ်းမှာ အိမ်ခြေ လေးငါးအိမ်လောက်သာရှိတဲ့ ကျူကဒူးဆိုတဲ့ ရွာလေးဟာ၊ ဆရာကြီးရဲ့ဇာတိလို့ သိရပါကြောင်း.... ဘာဘာညာညာ စသည်ဖြင့်.... စကားရောဖောရော ဝင်လုပ်ပါတယ်။

"အိမ်ခြေ လေးငါးအိမ်လောက်သာ ရှိတဲ့ ကျူကဒူးရွာကလေး" ဆိုတဲ့ စကားလုံးကို ကြားလိုက်ရော၊ ခြသေ့်ကြီး ခံတွင်းပွင့်လာပြီ။



"အိမ်ခြေ ငါးအိမ်ရှိတယ်၊ ငါ့ဇာတိ ကျူကဒူးရွာက" အစချီလို့ ရွာအကြောင်း၊ တောအကြောင်းတွေကို ပါဠိပါဌ်သားဖြေသွေ့နဲ့ ရှုတ်ဆို ရှင်းပြ သွားလိုက်တာများ... ဂါမ၊ ဇနပုဒ်၊ ဝန၊ အရည၊ ပစ္စန္တရာဇ်၊ ကျွန်တော် မမှတ်မိတော့ပါ။ "အကြင်ဒေသ၌ အိမ်ခြေငါးအိမ် ခြောက်အိမ်ရှိ၏၊ ထိုဒေသသည် ရွာဖြစ်၏" လို့ အနက်ရတဲ့ ပါဠိစာလည်း ပါလိုက်သေး။

ဆေးစက်ကျရာ အရုပ်ထင်တဲ့ ပကာသနီကျမ်းကြီး။ ကျရာ စာမျက်နှာမှာ ပညာဘဏ်တိုက်၊ ရတနာသိုက်တွေရှိတဲ့ စာအုပ်ကြီး။

ဒါတွင် ဟုတ်ပါရိုးလား။ ရန်ကုန်မှ မော်လမြိုင်(မုတ္တမ)သွား ရထားပေါ်မှာပဲ လှလှပပလေး ကျွန်တော်ခံလိုက်ရတာ ရှိပါရောလား။

နောက်ကြောင်း ဖြစ်စဉ်လေးက ဒီလိုပါ။

ထိုအချိန်က ဉာဏ်လင်း မဗ္ဗစာပဒေသာနဲ့ ရတနာမွန်မဂ္ဂဇင်း (ဗိုင်အမ်ဘီအေမှထုတ်) မှာ အယ်ဒီတာ လုပ်နေတဲ့ ကိုအောင်မွန် (နေဘင်-မြတ်ဆုမွန် ဘာသာရေး မဂ္ဂဇင်း အယ်ဒီတာချုပ်)ထံက ဇာတ်လမ်းစခဲ့ပါ တယ်။

ဉာဏ်လင်းနဲ့ ရတနာမွန်မှာ ကျွန်တော်က အခန်းဆက် ဝတ္ထုရှည် တွေကို ရေးအားကောင်းကောင်းနဲ့ ရေးခဲ့တာကိုး။ ဒီတုန်းက ဆရာကြီး ဦးရန်အောင်လည်း ရှိပါသေးတယ်။ ဆရာ သမိန်သောင်းလည်း ရှိပါသေး တယ်။ ဆရာကြီး ဦးရန်အောင်ကို စာပြင်ချုပ်ဆိုပြီး ဂုဏ်ထူးဆောင် ခန့် ထားပါတယ်။

အရှိန်ကောင်းကောင်းနဲ့ တစ်လမပြတ် အခန်းဆက်တွေ ရေးနေ ဘဲ ကျွန်တော့်ကို တစ်နေ့သောအခါ ကိုအောင်မွန်က ပြောပါတယ်။

"ခင်ဗျားကို ဆရာကြီး ဦးဆန်းထွန်းက ပြောနေတယ်။ မြတ်စွာ ဘုရားသာ သက်တော်ထင်ရှား ရှိနေတော်မူသေးရင် ခုနေခါ လူကြီးထဲတာ ဦးသုခ၊ လူငယ်ထဲက ချစ်ဦးညို၊ ဒီနှစ်ယောက်ကို ဘုရားက ဧတဒဂ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပူးတွဲချီးမြှင့်နိုင်တယ်တဲ့။ ဘယ်လို တေဒဂ်လဲဆိုတော့ အနည်းကို အများဖြစ်အောင် ချဲ့ရေးတတ်တဲ့ တေဒဂ်တဲ့။ ဦးဆန်းထွန်းလို ပုဂ္ဂိုလ်မျိုးက၊ ဦးသုခလို ပုဂ္ဂိုလ်မျိုးနဲ့ ချစ်ဦးညိုကို ပူးတွဲပြီး မှတ်ချက်ချတာကလား။

လူငယ်စိတ်နဲ့ ငါတကားလို့လည်း ဘဝင်ကလေး လေဟပ်မိသ ပေါ့လေ။

ဘာတဲ့၊ နည်းနည်းလေးသိရုံနဲ့ များများကြီး ဆပွားရေးနိုင်တယ်တဲ့၊

ဟုတ်ပေမှာပေါ့။ အဲဒီတုန်းက ဆရာကြီးဦးသုခရဲ့ မင်္ဂလသုတ်၊ မေတ္တသုတ်၊ ရတနသုတ် အဖွင့်စာအုပ်တွေ၊ ဗုဒ္ဓ၏ အကျော်ဒေယျ သမီးတော်များ စာအုပ်တွေ လှိုင်လှိုင်ထွက်သလို ချစ်ဦးညိုကလည်း သူ့အထွာနဲ့ သူ့ဆိုသလို အဆိပ်နှင့်ကမ္ဘာတစ်သိန်း၊ ငြိမ်းချမ်းရေး မဟာတမန်၊ မဟာပဇာပတိ ဂေါတမီ... စတဲ့ စာအုပ်လေးတွေ ထွက်နေချိန်ပေကိုး။

အဲဒီအကြောင်း ကျွန်တော်က စကားစဖော်ပြီး ရထားပေါ်မှာ ဆရာကြီးကို ပြောလိုက်မိပါတယ်။

"ဆရာကြီးဦးသုခနဲ့ ကျွန်တော့်ကို မြတ်စွာဘုရားသာ သက်တော်ထင်ရှားရှိနေသေးရင် နည်းနည်းသိတာကိုပဲ များများကြီးရေးတတ်တဲ့ တေဒဂ်ဘွဲ့ ပူးတွဲချီးမြှင့်နိုင်တယ်.... လို့ ဆရာကြီးက ပြောဖူးကြောင်း ကိုအောင်မွန်ဆီက ကျွန်တော် ကြားရပါတယ် ဆရာကြီး...."

"အေးကွ.... ငါပြောဖူးတယ်၊ အံမာ မောင်အောင်မွန်က ဒါကို ပြန်ပြောပြသတဲ့လား"

"ဟုတ်ကဲ့ခင်ဗျာ"

"အဲ.... စကား မကုန်သေးဘူးကွ"

"ခင်ဗျာ"

"သြော်... မင်းတို့များဖြင့် နည်းနည်းသိရုံနဲ့ပဲ များများကြီးဆပွားရေးတာ်ပေတယ်။ ရေးနိုင်ပေတယ်။ ငါတို့များဖြင့်ကွယ် များများကြီး



သိထားတာကိုတောင် နည်းနည်းလေးရေးဖို့ တွန့်တယ်ကွာ၊ မှားမှာစိုးလို့ ဂိုဏ်းမလွတ်မှာစိုးလို့"

'မှတ်ကွ'လို့ ဒုတိယအကြိမ် ကျွန်တော် မြည်တမ်းလိုက်မိပါတော့တယ်။

မော်လမြိုင်ကောလိပ်ဟောပြောပွဲကျင်းပတော့ တာဝန်ယူဖိတ်ကြားသူ ကျောင်းအုပ်ကြီးဦးခင်မောင်တင့်(တက္ကသိုလ်ဘုန်းနိုင်)မရှိပါ။ ကျွန်တော်တို့ မော်လမြိုင်ကို ထွက်လာတဲ့နေ့မှာပဲ အရေးကြီးတဲ့ ပညာရေးအစည်းအဝေးရှိလို့ ဆရာတက္ကသိုလ်ဘုန်းနိုင်က ရန်ကုန် ထွက်သွားပါသတဲ့။

အဲဒီဟောပြောပွဲမှာ ကျွန်တော်က လက်ာဒီပချစ်သူဝတ္ထုအကြောင်းကို ဟောပြောပါတယ်။ ဆရာကြီးကတော့ လမ်းခရီးတစ်လျှောက်လုံး ဆန်ပြုတ်သောက်၊ မော်လမြိုင်ရောက်တော့လည်း ဆန်ပြုတ်သောက်နဲ့ သူ့ကျန်းမာရေးအရ သူ့ပါစကဓာတ်ကို သူ့အာဟာရနဲ့ ထိန်းသိမ်းနေရလို့လား မသိပါ။

စာပေဟောပြောပွဲမှာ 'ယာဂုသောက်ခြင်းရဲ့အကျိုးကျေးဇူးများ' အကြောင်းကိုပဲ ဟောချလိုက်ပါတော့တယ်။ ကျွန်တော် အတိအကျ မမှတ်မိတော့ပေမယ့် ဆရာကြီးရဲ့ဟောပြောချက်ထဲမှာ ယာဂုဆိုတာဘာ၊ နို့ယနာဆွမ်းဆိုတာ ဘာ။ ယာဂုသောက်ခြင်းကြောင့် ဘယ်လို အကျိုးကျေးဇူးဖြစ်၊ ယာဂုဆွမ်းဘုဉ်းပေးတဲ့ ရဟန်းတော်များ၊ ယာဂုတွင် ပါဝင်သောဓာတ်များ၊ အာဟာရများ၊ ဗီတာမင်များ၊ အဲဒါတွေချည်းပဲ။ အကိုးအကားနဲ့ ပါဠိပါဌ်သားနဲ့၊ ဂါထာတွေနဲ့ ဟောပါတယ်။ နိဂုံးချုပ်တော့လည်း အဲဒါကြောင့် ယာဂုသောက်ကြဆိုတဲ့စကားလုံးမျိုးနဲ့ နိဂုံးချုပ်ပါတယ်။

ဟောပြောပွဲပြီးတော့ အခန်းအနားမှူးလုပ်တဲ့ဆရာတစ်ဦးက "ဆရာကြီး ဦးဆန်းထွန်း(မန်းတက္ကသိုလ်)နဲ့ စာရေးဆရာချစ်ဦးညိုတို့ရဲ့ 'အသည်းကွဲ၍ ယာဂုသောက်ခြင်း' ဟောပြောပွဲ ပြီးဆုံးပါပြီ" လို့ ထည့်ကြေငြာသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ထားပါတော့၊ ခုနောက်ပိုင်းကျမှသာ စာပေဟော ပြောပွဲတွေမှာ ခေါင်းစဉ်လေးငါးခု၊ အကြောင်းအရာလေးငါးခုနဲ့ ကာလ ဒေသကြည့်ပြီး ပြောင်းပြောင်းဟောလာတာပါ။ ထိုအချိန်ကတော့ (ပရိသတ်တောင်းဆိုချက်အရ)ဆိုပြီး လက်ာဒီပချစ်သူကိုပဲ အပိုင်တွယ်နေခဲ့ တာကလား။

ဆရာကြီးကတော့ဖြင့် သူ့ဆီက မြန်မာစာပေ၊ ဟိန္ဒီ၊ သက္ကတ၊ ပါဠိ၊ ဘာသာဗေဒ၊ ဘာညာ...စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ ကြားရတော့ မယ်၊ နာရတော့မယ်လို့ မျှော်လင့်နေကြရာမှာ 'ယာဂုသောက်ခြင်း'ကိုပဲ အစမှအဆုံး တွင်တွင်ကြီး ဟောချသွားလိုက်တော့...။

"ဩော်...ပညာရှိ ပဏ္ဍိတ်ကြီးများဟာ ဘယ်ပရိသတ်၊ ဘာသ ဘင်ကိုမှ ဂရုမစိုက်ဘူး၊ သူတို့ စိတ်ထဲရှိတာ၊ ဆန္ဒပေါ်တာကိုပဲ ရေးချ ပြောချ လုပ်တတ်တာမျိုးလားမသိ"လို့ အောက်မေ့မိပါတယ်။

ဆရာကြီးနဲ့ နယ်စာပေဟောပြောပွဲခရီးကို နှစ်ယောက်အတူထွက် ခွင့်ရတာဟာ အဲဒီတစ်ကြိမ်ပါပဲ။ သို့သော် မှတ်မှတ်ရရ ရန်ကုန်ကမာရွတ် ဘက်မှာ ကြုံခဲ့ရတာလေးတစ်ခု ဖောက်သည်ချချင်ပါသေးတယ်။

ကမာရွတ်မြို့နယ်၊ ရပ်ကွက်တစ်ခုက ကျင်းပတဲ့ စာပေဟောပြော ပွဲပါ။ ကျွန်တော်မှတ်မိသလောက်တော့ ကဗျာဆရာ ဝေဖန်ရေးဆရာကြီး တစ်ဦးနဲ့ ပျဉ်းမနား မောင်နီသင်းတို့လည်းပါတယ် ထင်ပါတယ်။ ဆရာကြီး က အသက်အရွယ်ကြီးတာမို့ ညဉ့်နက်အအေးဒဏ် မခံနိုင်မှာစိုးလို့ ပထမ ဆုံးပဲ စင်ပေါ်တက်စေပါတယ်။

အင်မတန်ကောင်းတဲ့ဟောပြောချက်လို့ပဲ မှတ်တမ်းတင်ရပါမယ်။

စ တက်တက်ချင်း...ဆရာကြီးက မေတ္တာပို့ရွတ်ဖတ်ပါတယ်။

ဓမ္မကထိကတစ်ပါးနဲ့စာရေးဆရာတစ်ဦး နှစ်မျိုးပေါင်းထားတဲ့ မေတ္တာပို့ပါ။ အသံကလည်း အသံဝါကြီး၊ လေသံအဖြတ်အတောက်၊ အနိမ့် အမြင့်၊ ဂရုလဟု၊ ဒီဃရဿကလည်းအပြည့်။ ဒီလိုနဲ့ ဝေဝေဆာဆာ မေတ္တာ



ပို့နေရင်းဆရာကြီးဟာ ဘယ်လို အတွေးပေါက်သွားသလဲ မသိပါ။ သူ အိမ် ခဏခဏပြောင်းရကြောင်း၊ အိမ်ပြောင်းတိုင်း သူ အမြတ်တနိုးစုဆောင်း ထားတဲ့စာအုပ်တွေဟာ ကြွက်၊ ခြ၊ ပိုးဟပ်စတဲ့ သတ္တဝါများဒဏ်ကြောင့် အပျက်စီးကြီး ပျက်စီးကြရတာတွေ့ပြီး အသည်းဆတ်ဆတ်နာရကြောင်း၊ ပရိကံခံရင်းနဲ့...

အကောင်ကြီးကြီး၊ အမြီးရှည်ရှည်တွေရော၊ နှုတ်ခမ်းမွေးထောင် ထောင်တွေရော၊ ခြေတံလက်တံများများတွေရော...ပါဠိ၊ စကားပြေနှစ်ထွေ ရောညှပ်ပြီး သူ့စာအုပ်တွေကို ဖျက်ဆီးတဲ့ ကြွက်တွေ၊ ခြတွေ၊ ပိုးဟပ်တွေ ကိုပါ မောင်မင်းကြီးသားတို့လည်း ချမ်းသာကြပါစေ။ စာအုပ်တွေကို ဖျက်ဆီးကြသလို သင်တို့ကို ကိုက်ဝါးစားမျိုမယ့်အဖြစ်မှ ကင်းရှင်းကြပါစေ — စသည်ဖြင့် ဝေဝေဆာဆာကြီး ဟောလိုက် ပြောလိုက်၊ ရွတ်လိုက် ဆိုလိုက်တာများ... ဩော်၊ ဒါ... ဆန်းထွန်း(မန်းတက္ကသိုလ်)ပါလားလို့ မနောအဆိုက်ကြီး ဆိုက်၊ အကြိုက်ကြီး ကြိုက်ခဲ့ရပါတယ်။

ဇာတ်လမ်းက ဒီတွင် မပြီးသေးပါ။ ဖြစ်ရပုံများ... ဆရာကြီး ဟော ကောင်းနေတုန်း ပရိသတ်ကလည်း တအုန်းအုန်း သဘောခွေ့နေတုန်းမှာ ခင်းမလှမ်းမကမ်းဆီက ကက်ဆက် သီချင်းသံ တစ်သံလွင့်လာပါတယ်။ အသံက တဖြည်းဖြည်းနီးလာ... ကျယ်လာပြီး ဆရာကြီးရဲ့ ဟောပြော ချက်ကို ကောင်းကောင်းကြီး အနှောင့်အယှက်ပေးပါတော့တယ်။ ဒီမှာတင် ဆရာကြီးက ဟောလက်စနေရာမှာ တံ့ခနဲ ရပ်ချလိုက်တယ်။ ပြီးတော့ စင်ပေါ်ကနေ မျက်ခုံးပေါ် လက်ဝါးကာပြီး အောက်ကို လှမ်းကြည့်ပါတယ်။ ထိပ်ဆုံးခုံတန်းမှာ ထိုင်နေတဲ့ ကျွန်တော်တို့ဆီကိုပါ။ အဲဒီနောက် ဆရာကြီး ရဲ့ အသံဟာ မိုက်ကရိုဖုန်းက တစ်ဆင့် ပေါ်လာတယ်။

"ချစ်ဦးညို၊ မင်းကြားလား... အဲဒါ မြို့တွန်သံခေါ်တယ်။ အဲဒီ အသံ ရပ်သွားအောင် မင်းသွားပြော၊ ဒီမြို့တွန်သံဆက်ရှိနေရင် ငါဆက် ဟောတော့ဘူး..." တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကက်ဆက်သီချင်းသံ။ မြို့တွန်သံ... တဲ့။ ဘာမှန်း ကျွန်တော် မသိပါ။ နောက်မှ သိပါတယ်။ ထီရောင်းတဲ့ စက်ဘီးပါ။ ကက်ဆက်ဖွင့်လာရင်း ဟောပြောပွဲဆီ ရောက်လာ။ ရောင်းသူက ဆရာကြီး ဟောပြောချက်မှာ 'မိ'နေပြီး စက်ဘီးကိုရပ်၊ နားထောင်၊ ကက်ဆက်ပိတ်ဖို့မေ့နေ...။

ဆရာကြီး အမိန့်အတိုင်း ကျွန်တော်နေရာမှထ၊ ပရိသတ်ကို ဖြတ်၊ အစွန်မှာရှိတဲ့ ထီရောင်း စက်ဘီးဆရာဆီ သွားရပါတော့တယ်။ ဟိုဆရာလည်း ဆရာကြီးအသံကိုကြား၊ သူ့အမှားသူသိ၊ ကျွန်တော်လာတော့ သူပိတ်ပြီးပါပြီ။ ကျွန်တော့်ကို တောင်းပန်စကား တစ်ဆင့်ပါးရှာပါတယ်။ ဆရာကြီး ဒီတော့မှ ဆက်ဟောပါတယ်။ ဒါပေမယ့် ဟောပြောတဲ့ အကြောင်းအရာက ဒီလို ဖြစ်သွားပါတယ်။

အသံဆိုတာဘာလဲ။ အသံရဲ့ သဘောသဘာဝ၊ ဆူညံသံ၊ သာယာသံ၊ ဂီတသံ၊ မတြာ။ ပြီးတော့ အသံဝလံကို ကြောက်လို့ သူတော်ကောင်းများ လူသံသူသံ ကင်းဝေးရာ ဝနဝါသီတောရပ်ခိုမှီးပုံ။ သောတိန္ဒြေရဲ့ သဘောသဘာဝ၊ သဘာဝရေမြေ တောတောင်ရဲ့အသံ၊ တိတ်ဆိတ်ခြင်းရဲ့အသံ၊ တစ်ခဲနက်သောအသံ၊ အသံနဲ့သမထအာရုံ အသံဆိုတဲ့ အနူးညံ့ဆုံး ရုပ်သဘာဝကိုပဲ လက္ခဏာရေး သုံးပါးတင်ပြီး ရှုမှတ်ပုံ...

ကျွန်တော် မှတ်မိသလောက် ရေးပြရခြင်း ဖြစ်ပါတယ်။

ဘယ့်ကလောက် မှတ်သားစရာ၊ နာယူစရာ ကောင်းမလဲဆိုတာ သာ တွေးကြည့်စေချင်ပါတယ်။ အဲဒီလို ဆရာကြီး (ဦး)ဆန်းထွန်းပါ။

ဒါကြောင့်လည်း 'ဆရာတို့ကိုသာ... လွမ်း'ထဲမှာ ဆရာကြီး (ဦး) ဆန်းထွန်း (မန်းတက္ကသိုလ်)ကိုလည်း သတိရလွမ်းဆွတ်စွာနဲ့ ဦးခိုက်ပူဇော်လိုက်ရပါတော့တယ်။

★ ★ ★

## မထူးခြားလျှင် ဘာမှမလုပ်ချင်သူ
## (သို့မဟုတ်)
## အထောက်တော်လုအောင်

အချိန်ကာလရဲ့တိုက်စားခြင်းကို ခံရပေမယ့် ရင်ထဲမှာ၊ ခေါင်းထဲမှာ မပျောက်မပျက် တည်နေတတ်ဆဲဖြစ်ရပ်တွေ အများအပြား ရှိနေကြပါတယ်။ အာရုံငါးပါး(ခြောက်ပါး)မှာ ထင်ဟပ်လာသမျှတွေကို အမိအရ ဖမ်းယူပြီးတော့ ခံစားသိမှီး အဲဒီလိုရှိကြတဲ့သတ္တဝါများအနက်မှာ စာရေးဆရာဆိုတဲ့လူတွေဟာ အများသူငါတွေထက် နည်းနည်းပိုပြီးများ 'ကဲ'တတ်ကြသလား လို့ တွေးမိပါတယ်။ စာရေးဆရာဟာ တခြားလူတွေထက် ပိုထူးတယ်ဆိုရင် ဒီအချက်ဟာလည်း ပိုထူးရခြင်း အကြောင်းရင်းတွေထဲမှာ ရှေ့တန်းကပါမယ် ထင်ပါတယ်။

အာရုံမှာရှိနေဆဲ။ ပြီးတော့ အကြောင်းတိုက်ဆိုင်လို့ ပြန်တွေးလိုက်ရင် လတ်လတ်ဆတ်ဆတ်ဖြစ်နေဆဲ ဖြစ်ရပ်လေးတစ်ခုကတော့...

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါးကာလပါ။ ဒေသက ကလေးမြို့၊ နေရာနှင့်အချိန်ကို ထပ်ပြီး 'ဟိုင်းလိုက်'ထိုးရရင်၊ တမူးကနေ ကလေးမြို့ထဲ ဝင်တဲ့ လမ်းမလမ်းသွယ်။ အချိန်က ည ဆယ်နာရီခန့်။ ဆောင်းတွင်း၊

www.burmeseclassic.com

www.burmeseclassic.com



ညဆယ်နာရီဆိုတာ ရန်ကုန် မန္တလေးတို့လိုမြို့ပြကြီးတွေမှာ၊ မီးတထိန်ထိန်နဲ့ သွားလာလှုပ်ရှားစားသောက်ပျော်ရွှင်လို့ ကောင်းတုန်းအချိန်ဖြစ်ပေမယ့် (အဲဒီတုန်းက) ကလေးမြို့ ညဆယ်နာရီကတော့ မှောင်မည်းမည်းနဲ့ လူခြေတိတ်ဆိတ်။ လမ်းတွေပေါ်မှာ အသွားအလာမရှိသလောက်ပါပဲ။ အဲဒီလိုနေရာ၊ အချိန်မျိုးမှာ လူလေးငါးယောက်ကတော့ ကလေးမြို့ထဲအဝင်လမ်းပေါ်မှာ လမ်းလျှောက်နေကြရဲ့။ ဆောင်းတွင်းမို့ ချမ်းကလည်းချမ်း၊ မီးကလည်းမှောင်၊ လူခြေကလည်းပြတ်.... ဒီလူတွေဘာလုပ်နေကြတာလဲတဲ့။

သူတို့ တမူးက ပြန်လာကြတာပါ။ ကလေးမြို့ထဲအဝင် နှစ်မိုင်ခန့်မှာ ကားပျက်သွားလို့ ခြေကျင်လျှောက်နေကြတာပါ။ ကလေးမြို့ ညမှောင်မှောင်မှာ ဒီလူစုရဲ့ခြေသံ၊ အသက်ပြင်းရှူသံတွေနဲ့။

တစ်မိုင်လောက်လျှောက်ပြီးတော့ တစ်ယောက်က စကားစလိုက်တယ်။

"သီချင်းဆိုကွာ"

"ဟာ.... ဟေ့လူ၊ အချိန်မတော် သူများတွေ အိပ်ချိန်"

"အေးလေ၊ သူတို့အိပ်ချိန်မှာ သူတို့ဟာ အိပ်မက်တွေ ဘာတွေတောင် မက်နေကြမယ်။ အဲဒါ အိပ်တဲ့လူတွေရဲ့ကိစ္စ။ ကျုပ်တို့က လမ်းပေါ်လျှောက်နေသူတွေ၊ ဒီတော့ ဒီအတိုင်း ချမ်းချမ်းစီးစီးနဲ့လျှောက်နေရတာထက်စာရင် သီချင်းလေးဘာလေး ဟစ်လိုက်တာ ပိုမကောင်းဘူးလား၊ သီချင်းဟစ်တာ ကျုပ်တို့ရဲ့ အခွင့်အရေးလေ"

အချီအချပြောနေကြတဲ့ နှစ်ယောက်ရဲ့စကားတွေမဆုံးခင်မှာပဲ တတိယလူက သီချင်းတစ်ပုဒ်ကောက်ဟစ်လိုက်တော့တယ်။

"လမင်း ဝင်းဝင်းပပ × × ညချမ်းမှာ× × သာသောအခါ× × မိုးထက်သို့ မျှော်ကာမျှော်ကာ × × ကြည်ကြည်လင်လင် ပြုံးကြည့်ပါ"

တကယ်တော့ လမင်း ဝင်းဝင်းပပလည်း မရှိပါ။ အဇ္ဈောက မှိုင်းမှုန်ပြီး ကြယ်စကြယ်နတချို့ပဲရှိနေတဲ့ ညပါ။



"ဟဲ့....တိုးတိုးသက်သာ ဆိုစမ်းပါဟယ်၊ သူတကာ အိပ်ချိန်ကြီးမှာ"

ဒါကတော့ စတုတ္ထလူရဲ့အသံ။ သူက အမျိုးသမီး။

တတိယလူက အသံကို ပိုတင်လိုက်ပါတယ်။ ဒီမှာတင်ပဲ၊ သီချင်းဆိုကွာလို့ စပြောတဲ့ပထမလူကပါ သူရဲ့ကီးမမှန်၊ စည်းမမှန်အသံကြီးနဲ့။

"ကြယ်ကလေးတွေ ချစ်စရာ အပြာရောင်ကောင်းကင်မှာ × ×"

'နိုရင်း'ပိုဒ်ကို လိုက်အော်ပါတော့တယ်။ ကလေးမြို့ရဲ့ဆောင်းချမ်းညဥ့်မှောင်၊ မညီမညာလမ်းတွေပေါ်ကို သီချင်းတွေ ဖိတ်စဉ်ကျ၊ တချို့တလေပဲ နှင်းငွေ့သမ်းတဲ့ ကောင်းကင်ထဲ လွင့်စဉ်တက်။

"ဆရာတို့ကတော့၊ တကယ်ပါပဲဗျာ" လို့ ပဉ္စမလူက ပြောပါတယ်။ သီချင်းဆိုကွာလို့ စပြောလိုက်တဲ့ ပထမလူက အထောက်တော်လှအောင်။ ဟာ ဟေ့လူ အချိန်မတော်...လို့ပြောလိုက်သူက ဆရာ မောင်သစ်။ ပြုံးတဲ့လှယ်သီချင်းကို ကောက်ဟစ်လိုက်သူက ချစ်ဦးညို။ ဟဲ့...တိုးတိုးသက်သာလို့ လှမ်းဟန့်လိုက်တဲ့စတုတ္ထက စမ်းစမ်းနွဲ့(သာယာဝတီ)။ ဆရာတို့ကတော့လို့ ဝင်ပြောတဲ့ ပဉ္စမလူက ကလေးမြို့ စာပေလှုပ်သားအဖွဲ့(ထိုစဉ်က စာပေ စာနယ်ဇင်းအဖွဲ့ဟု မခေါ်သေး) ဥက္ကဋ္ဌ။

တမူးစာပေဟောပြောပွဲကနေ ပြန်လာကြပြီး ကားပျက်လို့ ကလေးမြို့ထဲကို ခြေလျင်လျှောက်ဝင်ခဲ့ကြတာပါ။

သူ့ရဲ့ 'သတင်းဂျာနယ်'နဲ့ မြန်မာပြည် စာနယ်ဇင်းလောကကို သိမ့်သိမ့်တုန်စေခဲ့သူ၊ ဆရာ အထောက်တော်လှအောင်။ သူဟာ အင်မတန်ဇေ့စပ်သေချာသူဖြစ်ပြီး၊ ထကြွလို့လနဲ့လည်း ပြည့်စုံသူလို့ ဆိုရပါမယ်။ ပြီးတော့ အင်မတန်.... ဆုံးဖြတ်ချက် မြန်မြန်ချနိုင်သူ၊ ချတတ်သူဖြစ်ပြီး ဆုံးဖြတ်ချက်အတိုင်းလည်း လက်တွေ့ ထလုပ်သူ ဖြစ်ပါတယ်။ ဆက်ပြောရရင် အဲဒီလိုလုပ်သလောက်လည်း အောင်မြင်ပေါက်ရောက်သူ ဖြစ်နေပြန်တော့တယ်။ သတင်းဂျာနယ်ခေတ်ကို သိမြင်လိုက်သူများ အများအပြားရှိပါတယ်။ ဆရာအောင်ပြည့်တို့ဆိုရင် ဆရာအထောက်တော်လှအောင်ရဲ့

www.burmeseclassic.com



သတင်းဂျာနယ် လက်ရင်းဝိုင်းတော်သားကြီးတွေပါပဲ။ (သတင်းဂျာနယ် လျှမ်းလျှမ်းတောက်နေချိန်မှာ ကျွန်တော်က စာပေနယ်ထဲ ခြေစုံပစ် မဝင်ရသေးပါ)

"အထောက်တော်လှအောင်ဦးစီးသော"လို့ ကမ္ပည်းတပ်တဲ့ သတင်းဂျာနယ်ဟာ ဘယ်လောက်အထိ ဩဇာတိက္ကမကြီးမားအောင် ဖြစ်ထွန်းခဲ့တယ်ဆိုတာကို ကျွန်တော် ပုံပေါ်အောင် မဖွဲ့တတ်ပါ။

သတင်းဂျာနယ်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အနုပညာ၊ အားကစား...(ဂေါ့ဖ်ပါမကျန်)သတင်းထူးသတင်းဦးရဖို့ အထောက်တော်လှအောင်တို့ လေယာဉ်နဲ့လွှတ်ပြီး သတင်းယူခိုင်းတဲ့အထိ...။ သတင်းတစ်ခုအတွက် သဲကြီးမဲကြီးလိုက်လွန်းလို့ ပြဿနာအကြိမ်ကြိမ် ကြုံရ၊ ရှင်းရ ခဏခဏတဲ့။

အဲဒီနောက် သတင်းဂျာနယ်ရဲ့နေဝင်ချိန်ဖြစ်ပေမယ့် အထောက်တော်လှအောင်ဟာ ဘာသာပြန်ဝတ္ထုကြီးများနဲ့ စာပေနယ်ကို တစ်ကျော့ပြန်ကိုင်လှုပ်နေချိန်ပါ။ ဆူးလေဘုရားလမ်းနဲ့ ဗိုလ်ချုပ်လမ်းမီးပွိုင့်ပန်းခြံမှာ ရောမမြေစိုက်ထောင်ဆိုင်းဘုတ်ကြီးတွေနဲ့၊ သူ့ဘာသာပြန်စာအုပ်တွေကို အင်အားကြီးစွာ ခြောက်လှန့်ဆွဲဆောင်နေကြပါတယ်။ သူ့ဘာသာပြန်ဝတ္ထုတွေရဲ့ နာမည်တွေလဲ ကြည့်ပါဦး။

ရှစ်စပ်ကဂျင်ခြေလည်သူ.... တဲ့။

ဘယ်သူသေသေ ကိုယ်မာရင်ပြီးတဲ့ ငတေ....တဲ့။

အဂ္ဂါသာခရစ္စတီး၊ ဟာရိုရော်ဘင်...စတဲ့ လျှို့ဝှက်အက်ရှင် ဒရာမာစာရေးဆရာတွေရဲ့ ဝတ္ထုတွေကို ဘာသာပြန်တာပါ။ ဒီလို ဝတ္ထုတွေကို အဲဒီလိုတောက်တောက်ခါးခါးနာမည်တွေနဲ့ ဘာသာပြန်။ အဲဒီလိုကြော်ငြာ အဲဒီလိုဘက်ဆဲလားစံချိန်သစ်ကိုလည်း တင်ခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော် မှတ်မိသလောက် အက်ရှင်ဒရာမာလျှို့ဝှက် သည်းဖိုဝတ္ထု ဘာသာပြန် နယ်ပယ်မှာ ဆရာအထောက်တော်ဟာ ထင်းခနဲ လင်းခနဲ ပြူးပြူးသွားတော့ လမ်းကို စတင်ဖောက်ခဲ့သူပါ။



အဲဒီလို မထူးခြားရင် ဘာကိုမှ မလုပ်ချင်တဲ့ စာရေးဆရာနဲ့အတူ တမူး၊ ကလေးခရီးကို စာပေဟောပြောပွဲထွက်ခွင့် ကြုံခဲ့ပါတယ်။ နောက်တစ်ခါ သူရယ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)ရယ်၊ ကျွန်တော်ရယ် သုံးဦးသား တောင်ကြီး စာပေဟောပြောပွဲကိုလည်း အတူ ထွက်ခဲ့ကြပါတယ်။ တမူး ကလေးခရီးစဉ်မှာ အနီးကပ်တွေ့ခဲ့ရတဲ့ သူ့ရုပ်ပုံလွှာကို ဦးစွာ ပြောပါရစေ။ အပြင်ပန်းအဆင်အပြင်နဲ့ ပြောရရင် သူဟာ 'ကြော့'နေအောင် နေကတတ်သူပါပဲ။ ဘရီကလင်းခေါင်းလိမ်းဆီနဲ့ ဆံပင်ကို ပိပိရိရိ နောက်လှန်ဖြီး။ မီးပူကျချုပ်၊ တိုက်ပုံ၊ ဂျာကင်နဲ့၊ အကွက်ကျဲကျဲ အဆင်ရဲရဲ၊ ရခိုင်၊ ထားဝယ် ကချင် ပုဆိုးကို သေသေသပ်သပ်စည်း။ သိပ်ကြီးချောချောမွတ်မွတ် မဟုတ်လှတဲ့ သူ့မျက်နှာပေါ်မှာလည်း စနိုးပါးပါး တင်တတ်သေး၊ ပစ္စည်းကောင်း ကြိုက်သူ၊ သုံးသူဆိုတာ သိပ်ထင်ရှားသိသာပါတယ်။ နာရီတွေ လက်စွပ်တွေတော့ ကျွန်တော် မကျွမ်းကျင်လို့ မပြောတတ်ပါ။ အကောင်းစားတွေပဲ နေမှာပါ။

ဇိဇာကြောင်တတ်သူ မဟုတ်ပေမယ့် သူ့ပစ္စည်းနဲ့သူ သီးသန့်သုံးသူလို့လည်း ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ စာရေးဆရာတွေနယ် ခရီးထွက်ကြတဲ့အခါ ဒီလို အဆောင်အယောင်အဆင်အပြင်နဲ့ပတ်သက်ပြီး သုံးမျိုးသုံးစားခွဲလို့ရမယ်ထင်ပါတယ်။ တစ်က သီးခြားကိုယ်ပိုင်ပစ္စည်းပစ္စယတွေကို သယ်ပိုးယူဆောင်လာပြီး 'ကြော့'နေအောင် နေတတ်သူ၊ နှစ်က သာမန် အနေအထား၊ သုံးက အဝတ်အစား ဘာမှအရေးမထားဘဲ လွယ်အိတ်တစ်လုံးထဲ ကောက်ထည့်ယူလာ၊ ခရီးသွားတော့လည်း ဒီဝတ်စုံ၊ စင်ပေါ်တက်တော့လည်း ဒါ၊ အိပ်တော့လည်း ဒါ ဆိုသလို နေတတ်သူ။

ဒီသုံးမျိုးစလုံးကို ကျွန်တော် ကြုံဖူးပါတယ်။ (တချို့ကျတော့လည်း ရှီးများလွန်းတတ်ကြ၊ ဂိုက်တယ်ပေးတတ်ကြတာကလား။) ဒီသုံးမျိုးထဲမှာ ဆရာအထောက်တော်လှအောင်ဟာ ရှီးများသူ၊ ဂိုက်ပေးသူလို့ မဆိုနိုင်ဆောင်မှ သူ့စနစ်နဲ့သူ နေသူလို့ ဆိုရမှာပါ။ ကလေးမြို့ တည်းတဲ့အိမ်

www.burmeseclassic.com

www.burmeseclassic.com



အပေါ် ထပ်မှာ သူ့အိတ်ထဲက လက်သည်းညှပ်လေးထုတ်၊ ညှပ်၊ တဇင်းနဲ့ တိုက်တာ တွေ့ရလို့ ကျွန်တော်က....၊

"အစ်ကိုက လက်သည်းညှပ်ပါ ဆောင်လာတာကိုး"လို့ ပြောတော့ သူက ရယ်ပြီး လက်သည်းညှပ်တင် ဘယ်ကမလဲကွ....ဆိုပြီး ပစ္စည်းတွေ ထုတ်ထုတ်ပြလိုက်တာများ၊ နားဖာကလော်၊ သွားကြားထိုးတံ၊ နားကြပ်တံ၊ ဖိနပ်ဆေး၊ ဘရပ်ရှ်၊ စုံစီနဖာတွေရယ်လေ။ သူက တစ်ခုပြီးတစ်ခု ထုတ်ထုတ်ပြပြီး တအံ့တသြဖြစ်နေတဲ့ ကျွန်တော့်ကို အရသာခံရင်း တခစ်ခစ် ရယ်နေတယ်။

ဆေးဝါးတွေလည်းပါလိုက်သေး။ ရှုဆေး၊ လိမ်းဆေး၊ သောက်ဆေး၊ ပြီးတော့ မျက်မှန်သုတ်တဲ့ ကတ္တီပါစ၊ လက်ကြယ်သီးအပို၊ လည်ပင်းကြယ်သီးအပို၊ အများကြီးပါပဲ။ အဲဒါလေးတွေကိုလည်း သူ့အိတ်နဲ့သူ၊ သူ့အံနဲ့သူ၊ စနစ်တကျသိမ်းလို့။ သူမို့ ဘယ်နေရာ ဘာထားတယ်ဆိုတာလည်း မှတ်မိလေရဲ့။ သူ့လို စနစ်စည်းကမ်းမရှိတဲ့ ကျွန်တော်တို့မှာ သူဟာ ထူးခြားနေပါတော့တယ်။ ဒါဟာ အသေးအဖွဲ့လို့ဆိုနိုင်ပေမယ့် သတင်းဂျာနယ်လို ပြိုင်စံရှား ထိပ်တန်းစာစောင်တစ်ခုကို ဦးစီးထုတ်ဝေတဲ့နေရာမှာ ဒီလို စနစ်တကျ၊ သူ့အကန့်နဲ့သူထားတတ်၊ သိုတတ်ခြင်းဆိုင်ရာ အခြေခံစိတ်ဓာတ်၊ အမူအကျင့်လို့လည်း ဆိုနိုင်ပါတယ်။ ပစ်စလက်ခတ်၊ ပရမ်းပတာ၊ ဖွာရရာ ကြဲနေတဲ့ အပြုအမူ၊ အနေအထိုင်မျိုး သူ့ထံမှာ လုံးဝတွေ့ရမယ် မဟုတ်ပါဘူး။

ကျွန်တော့်မှာ သူ့ရဲ့ ထွေလီကာလာ ဗဟုကိစ္စ၊ ပလိဘောတွေတို့ ကြည့်ပြီး မောနေပေမယ့် စနစ်နဲ့ နေသားတကျ ဖြစ်နေပုံရတဲ့ သူကတော့ ပေါ့ပေါ့ပါးပါး အလိုက်သင့်လေးပါပဲ။

ကလေးမြို့ကို ၂၀၀၀ပြည့်နှစ်မှာ ဒုတိယအကြိမ်ရောက်ခဲ့ပါတယ်။ သစ်လွင်တောက်ပပြီး စည်းကားနေပြီဖြစ်တဲ့ ကလေးမြို့ဟာ ဆရာ အထောက်တော်လှအောင်တို့နဲ့အတူ ရောက်ခဲ့ရတဲ့ လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်ကနဲ့ လုံးဝမတူ တစ်မူပြောင်းလဲခဲ့ပါပြီ။ အဲဒီတုန်းကတော့



ကလေး-တမူးလမ်းဟာ နာမည်တစ်လုံးနဲ့ပါ။ လမ်းဆိုး လမ်းကြမ်း လမ်းခဲ လမ်းခက်ကြီးပါပဲ။ ချိုင့်ကြီးချောက်ကြီးတွေများ ဘယ်လောက်နက်သလဲ ဆိုရင် ချိုင့်ခွက်ထဲ ကားချမောင်းပြီဆိုရင် မြေပြင်ညီ Level ကကြည့်ရင် ကားခေါင်မိုးကိုပဲ မြင်ရတော့သည့်အထိ နက်တာကလား။ ပြီးတော့ ကားကလည်း ဒီလမ်းမောင်းဖို့ အထူးလုပ်ထားတဲ့ ဂျစ်ကား။ ကျွန်တော်တို့ စာရေးဆရာအဖွဲ့ဟာ ကလေးကနေ တမူးအသွားမှာ ဒီခရီး၊ ဒီကားနဲ့ပါ။ ကားပျက်လို့ ရပ်ရတာလည်း ခဏခဏ။ ဒီအခါမျိုးမှာ သတင်းဂျာနယ် သူဌေး၊ ဘာသာပြန် စာရေးဆရာကြီးကတော့ အပြုံးအရယ် အနောက်အပြောင် မပျက်ပါပဲ။ လူကသာ ကြော့နေပေမယ့် နုနုနွဲ့နွဲ့ မဟုတ်လေဘူး။ သတင်းသမားဂျာနယ်သမားပီပီ အခက်အခဲစိန်ခေါ်မှု မှန်သမျှကို ရည်းစား လို သဘောထားနိုင်သူ ဖြစ်ပါတယ်။ သူဟာ ပေါ့ပေါ့ပါးပါးလေးနေရင်းနဲ့ ကြီးကျယ်လေးနက်တဲ့ အလုပ်တွေကို လုပ်နိုင်သူပါပဲ။

ဆရာရင်း တပည့်ရင်းမဟုတ်ပါဘဲ အထောက်တော်နဲ့ ကျွန်တော် ခင်မင်ရင်းနှီးသွားပုံကလည်း ညီအစ်ကိုလိုဖြစ်သွားခဲ့တယ်။ ကျွန်တော့်ကို ငယ်နာမည်၊ အိမ်နာမည်အတိုင်း တချို့က ခေါ်သလို အထောက်တော် လှအောင်ကလည်း ကျော်ကျော်လို့ လိုက်ခေါ်ပါတယ်။ ကျွန်တော်ကလည်း သူ့ကို 'အစ်ကို' လို့ တရင်းတနှီး ပြန်ခေါ်ဖြစ်ပါတယ်။

တမူး၊ ကလေး ရာသီဥတုကလည်း အေးလှတာမို့ ကျွန်တော်တို့ အားလုံး အနွေးထည်တွေနဲ့။ မှတ်မှတ်ရရ သူ့ရဲ့ ဂျာကင်က အစိမ်းပုပ်ရောင် ပြောင်ပြောင်ပြောင်ပြောင်နဲ့။ ဂျာကင် အစိမ်းပုပ်နဲ့ သတ္တုရောင် ခေါ်မလား ဒီတုန်းက ဒီဂျာကင်မျိုး ထူးခြား ဦးဖျားဝတ်ကြသူတွေထဲမှာ သူလည်း ပါ တယ်လေ။ လမ်းလျှောက်ရင် လက်ကိုလွှဲ ခြေလှမ်းကြဲကြဲနဲ့ အားပါးတရ လျှောက်တတ်သူမို့ သူ့ဒီဂျာကင်ကြီးဝတ်ပြီး လျှောက်ရင်း ရှီးရှီးနဲ့ အသံ သိပ်မြည်တာ အဲဒါကို ကျွန်တော်က ချင်ခင်ရင်းနှီးစွာ ပြောဖြစ်ပါတယ်။

"အစ်ကို ဝေးဝေးက လျှောက်ရင်လည်း လျှောက်၊ ဒါမှမဟုတ် ဒီဂျာကင်ကြီးကို ချွတ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ.... ဘာဖြစ်လို့လဲဟ"

"ဟာ.... တရွှမ်းရွှမ်း တရှီးရှီးနဲ့ နားကိုငြီးနေတာဘဲဗျာ"

သူ.... အားပါးတရ ရယ်ပါလေရော။ ပြီးတော့ "ဟောဒီမှာဗျို့ ကျော်ကျော်ရယ်၊ ကျုပ်ဂျာကင်ကို နားငြီးလို့တဲ့၊ သူနားချမ်းသာအောင် ဂျာကင်ချွတ်ပြီး လွှင့်ပစ်ခဲ့ရမလို ဖြစ်နေပြီ"လို့ အနားကလူတွေကို လှမ်းအော်ပြောတော့ ဆရာမောင်သစ်က "လွှင့်ပစ်ရင်လည်း ကျုပ်ဘက်တည့်တည့်ပစ်ဗျာ" လို့ပြောတော့ သူက "ခင်ဗျားတို့ ဒီအကွက်မျိုး ချောင်းနေတာပဲ"တဲ့။ အစိမ်းပုပ်သတ္တုရောင်ဂျာကင်တွေ့တိုင်း ဒီအဖြစ် ကျွန်တော်သတိရနေဆဲ။ ဟောပြောပွဲစင်မြင့်ပေါ်မှာလည်း သူဟာ အာဝဇ္ဇန်းကောင်းသူ ဖြစ်ပါတယ်။

ဘာသာပြန်ဝတ္ထုတွေနဲ့ လျှမ်းလျှမ်းတောက်နေသူ ဖြစ်ပေမယ့် သူ့ဘာသာပြန်အကြောင်း မဟောပါဘူး။ သတင်းဂျာနယ်အကြောင်းကို ဟောပါတယ်။ ပြီးတော့ မျိုးဆက်တွေကွာဟမှုအကြောင်း ဟောပါတယ်။ ကလေးမှာ ဟောရင်း သူ့ဟောပြောချက် ဘယ်လိုကနေ ဘယ်လိုစပ်မိသွားသလဲ မသိဘူး။ ဓမ္မပဒလား၊ ငါးရာ့ငါးဆယ်နိပါတ်လား၊ ဝတ္ထုတစ်ခု ပါလာပါတယ်။ သူက ဇာတ်ကြောင်းဟောဖို့ အစပျိုးရင်းနဲ့ သူ့ဘာသာသူ တိုင်းပြည်နာမည် မေ့သွားပါလေရော။ အဲဒီမှာတင်ပဲ စင်ပေါ်ကနေ အောက်မှာထိုင်နေတဲ့ ကျွန်တော့်ကို လှမ်းမေးလိုက်ပါလေရော။ ဒီအချိန်လေးမှာပဲ ကျွန်တော်က အနားက ဒေသခံ စာရေးဆရာတစ်ဦးနဲ့ စကားပြောနေလေတော့ သူလှမ်းမေးလိုက်တာကို ရေရေရာရာ နားမလည်လိုက်ဘူးလေ၊ ဘယ်ဇာတ်ကြောင်း ပြောမယ်မှန်းလည်း မသိဆိုတော့....

"လုပ်ပါဦးကွ၊ ငါမေ့သွားလို့ ဘယ်တိုင်းပြည် ဘယ်ဘုရင်ပါလိမ့်" တဲ့လေ၊ ကျွန်တော်ကလည်း လက်ပဲခါပြလိုက်ရတော့၊

"ကောင်းကွာ၊ ချစ်ဦးညို အားကိုးပါတယ်၊ လက်ခါပြတယ်လို့၊ ကဲ.... သာဝတ္ထိပြည်၊ ကောသလမင်းကြီးပဲ ထားလိုက်ကြပါစို့...." တဲ့။



ဒီအကြောင်းကို တခုတ်တရ သူပြန်ပြန်ပြောရင်း ရယ်နေတတ်ပါတယ်။ သူ့ရဲ့ ပွင့်လင်းလွတ်လပ်မှုဟာ အတူဟောဖော်သွားဖက် စာရေးဆရာများကိုသာမက ပရိသတ်ဆီကိုပါ ကူးစက်လာတာမို့ အင်မတန် ချစ်စရာကောင်းပါတယ်။

ဒီလိုပြောလို့ အထောက်တော်လှအောင်ဆိုတဲ့ စာရေးဆရာဟာ ရယ်မော နောက်ပြောင်နေတတ်သူပဲလားလို့ မထင်စေချင်ပါ။ မြို့ခံ ဒေသခံများနဲ့ စကားစမြည်ပြောချိန်တွေမှာတော့ သူ့ရဲ့ 'သတင်းသမား' အစွမ်းဟာ ဘွားဘွားကြီး ပေါ်လာပါတော့တယ်။ သူဟာ (သူ့ကိုယ်သူလည်း ပြောလေ့ရှိတဲ့) သားကောင်အနံ့ရသော အမဲလိုက်ခွေးကဲ့သို့ သတင်းအစအန တစ်ခုခုရပြီလားဆိုမှဖြင့် ရေကုန်ရေခန်းလိုက်တော့တာပါ၊ စာရေးဆရာနဲ့ သတင်းစာဆရာ နှစ်ဝိညာဉ် ပေါင်းစပ်ထားသူအဖို့ လောကအကြောင်း လူ့အကြောင်း စိတ်ဝင်စားလိုက်သမှလည်း သူမသိချင်တဲ့အရာ မရှိသလောက်လို့ ဆိုရမှာပါ။

အဲဒီလို ဒေသခံနဲ့ စကားဝိုင်းဖွဲ့မိကြပြီဆိုရင် သူက တရစပ်မေးတော့တာပါပဲ။ ဘာလဲ၊ ဘယ်မှာလဲ၊ ဘယ်လိုလဲ၊ ဘာကြောင့်လဲ။ ကိန်းဂဏန်း တစ်ခုခုရပြီ ဆိုရင်လည်း သူဟာ စိတ်တွက်သင်္ချာမှာ ပါရမီရှင်ခေါ်နိုင်ပါရဲ့။ ဥပမာ ဆိုက္ကားနင်းခ တစ်နေ့ဘယ်လောက်၊ အုံနာခ ဘယ်လောက်ဆိုတာ သိတာနဲ့ပဲ တစ်လဘယ်လောက်၊ တစ်နှစ်ဘယ်လောက်၊ စားဖို့က ဘယ်လောက်၊ ပြင်ဆင်ခကဘယ်လောက် စသည်ဖြင့် တောက်လျှောက်ကြီး စိတ်တွက်တွက်၊ နှုတ်ကလည်း တသီတတန်းကြီးရွတ်၊ သူ့စကားထဲမှာ Data တွေ အပြည့် ပေါ်လာတော့တယ်။ ခုနေများ သူရှိနေသေးလို့ ကွန်ပျူတာ သူကိုင်ရရင် သူဘယ်လောက် အပတ်တကုတ်ရှိရှာမလဲမသိ။

မှတ်မှတ်ရရ တစ်ခုလည်း ပြောပြချင်ပါသေးတယ်။

တောင်ကြီးဟောပြောပွဲခရီးမှာ သူရယ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)ရယ်၊ ကျွန်တော်ရယ် သုံးယောက်သား ဆုံကြပါတယ်။ တည်းခိုခန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



တည်းကြပြီး မနက်အစောကြီး ရေချိုးခန်းထဲက ရေတဗွမ်းဗွမ်းသံ ကြားရလို့ ကြည့်လိုက်တော့ သူ၊ အထောက်တော် လှအောင်ရယ်လေ။ မနက် ၅နာရီ အစောကြီးမှာ ရေနွေးမစပ်ဘဲ ရေလောင်းချိုးနေပါရောလား။ ဟာ၊ အစ်ကို အတင့်ရဲလှချည်လားဆိုတော့ "အိုက်ရင်မီးလှုံ၊ စောင်ကိုခြုံ၊ ချမ်းရင်ရေချိုး၊ နှင်းတောတိုးကွ၊ ဒီလို ခါတ်ကြမ်းတိုက်ပေးရတယ်"ဆိုပြီး တဘက်ကြီး ပတ်လို့ အငွေ့တထောင်းထောင်းနဲ့ ထွက်လာပါတယ်။ ပြီးတော့ "ရေအေး ချိုးကြကွ၊ ပထမဆုံးခွက်ပဲ စိမ့်ခနဲအေးတာ။နောက်ခွက် တွေကျတော့ နေသာထိုင်သာ ရှိသွားရော၊ ဒီတော့" သူက ခပ်တည်တည်ကြီးနဲ့....

"ဟော့၊ ဆောင်းတွင်းမနက် ရေချိုးနည်း ကိုယ်ပြောပြမယ်။ ပထမ ဆုံး ခွက်က အရေးအကြီးဆုံး၊ ဒီပထမဆုံးခွက်ကို အံကြိတ်ခံပြီး လောင်းရ တယ်။ ဒီတော့ သက်သာသွားအောင် ဦးဆုံး စစလောင်းတာနဲ့ ဒါ ဒုတိယ ခွက်ကွလို့ အော်လိုက်"တဲ့။

ရုတ်တရက်တော့ မောင်စိန်ဝင်းရော၊ ကျွန်တော်ပါ အငိုက်မိသွား ကြတယ်။ အဲဒီလို ကတ်သီးကတ်သတ် နောက်တတ်တာမျိုးလည်း ရှိပါ တယ်။ နောက်တစ်ခုကတော့ တောင်ကြီးကနေ ရပ်စောက်ကိုကူးပြီး ဟော ရတဲ့ပွဲပါ။ ဒီတုန်းက ရပ်စောက်မှာ ဆရာသိန်းသန်းထွန်းတို့ မိသားစု နေထိုင်ပါတယ်။ ဗထူးတပ်ကွင်းပွဲလို့ မှတ်မိပါတယ်။ နေ့ခင်းဘက်လုပ်တဲ့ ဟောပြောပွဲမှာ ဆရာသိန်းသန်းထွန်း (မြို့နယ်စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ) က သဘာပတိ စင်မြင့်အကျယ်ကြီး သဘာပတိစားပွဲမှာ မြိန့်မြိန့်ကြီးထိုင်လို့၊ ဦးဆုံး ဟောပြောမယ့်သူက သူ၊ အထောက်တော်လှအောင်၊ သူ့အတ္ထုပ္ပတ္တိ ဖတ်ပြီးလို့ စင်ပေါ်တက်ခါနီးမှာ မောင်စိန်ဝင်း (ပုတီးကုန်း)နဲ့ ကျွန်တော့်ကို သူကပြောသွားတယ်။ "ကြည့်နေ၊ ငါ သဘာပတိကို နောက်လိုက်ဦးမယ်" တဲ့။ သူနဲ့ ဆရာသိန်းသန်းထွန်းတို့ ဘယ်တုန်းကတည်းက ဘယ်လောက် ခင်ကြမှန်း မသိပါ။ မင်းတစ်လုံး ငါ တစ်လုံး ပြောဆိုဆက်ဆံကြတဲ့အထိ ရင်းနှီးကြသူတွေ ဖြစ်ပါတယ်။



သူ စင်ပေါ်တက်သွားပါတယ်။ သဘာပတိရှိရာကို လျှောက်သွား တယ်။ နီးနိုင်သမျှ အနီးဆုံးအထိကပ်သွားပြီး ကျကျနနကြီး ခါးကိုင်းဦးညွှတ် အလေးပြုတယ်။ ပြီးတော့မှ ဟောမယ့်စင်ရှိရာ ပြန်လာဟောပါတယ်။ ငါ သဘာပတိကို နောက်လိုက်ဦးမယ်ဆိုပြီး ဦးညွှတ်အလေးပြုလိုက်တော့ မောင်စိန်ဝင်းနဲ့ကျွန်တော် ဘယ်လိုနားလည်ရမှန်း မသိပါဘူး။

သူဟောပြီး ပြန်ဆင်းလာတော့မှ သူ့ကို မေးကြည့်ကြပါတယ်။

"အစ်ကိုက ဆရာသိန်းသန်းထွန်းကို နောက်မယ်ဆိုပြီး ဟောပြော ချက်ထဲမှာ ဘာမှ နောက်တာ ပြောင်တာမပါ။ ပြီးတော့... အနားကပ် သွားပြီး ဦးညွှတ်လိုက်သေး... ဘာအဓိပ္ပာယ်လဲ" သူက ရယ်ပြီးဖြေပါတယ်။

"အနားကပ်ဦးညွှတ်ရင်း ငါပြောခဲ့တယ်လေ။ ဟေ့ကောင် သဘာ ပတိလုပ်တဲ့ သိန်းသန်းထွန်း၊ ကောင်းကောင်းထိုင်နေ၊ ငါဟောတော့မယ်လို့ ဦးညွှတ်ထားရင်းနဲ့ သူကြားလောက်ရုံ တိုးတိုးလေး ကပ်ပြောခဲ့တာကွ" (မရင့်သီးတဲ့ စကားလုံးနဲ့လည်း ဆဲခဲ့ပါသေးသတဲ့။)

"ဒီတော့ သိန်းသန်းထွန်းကလည်း ငါ့ကို ခေါင်းလေးညွှတ်ပြရင်း တိုးတိုးပြန်ပြောသမောင်၊ ဟေ့ကောင် စာရေးဆရာအကောင်၊ ကောင်း ကောင်းဟောတဲ့" (ဆရာသိန်းသန်းထွန်းကလည်း သာသာနဲ့ နာနာကလေး ပြန်ဆဲလိုက်ပါသတဲ့။) အဲဒီလို လူကြီးတွေပါ။

ဩော်၊ အခုတော့ သူ မရှိရှာတော့ပါဘူး။ ခုနေများ ရှိနေသေးရင် ဘယ်သူမှ လိုက်လို့မမီတဲ့ ဂျာနယ်ကြီးတစ်စောင်ကို သူဦးစီးပြီး ရှုပ်ရှုပ်ခွဲခွဲ လုပ်နေမှာ သေချာပါတယ်။ တစ်ချိန်က Y.M.C.A မှာလုပ်တဲ့ စာပေ ဆွေးနွေးပွဲတွေ ရှိခဲ့ပါတယ်။ အထောက်တော်လှအောင် အလှည့်လည်း သီးခြားတစ်ရက် ကျင်းပခဲ့ပါတယ်။ အဲဒီ ဆွေးနွေးမေးမြန်း ပြောဆိုချက် တွေကို စာအုပ်ထုတ်တော့ ဆရာကြီး ကာတွန်း(ဦး)ဖေသိန်းက မျက်နှာဖုံး ရေးဆွဲပေးခဲ့တာ မှန်မိနေပါတယ်။ မျက်နှာဖုံးက ကယ်ရီကေးချားနဲ့

www.burmeseclassic.com



အထောက်တော်လှအောင်ဟာ ကလောင်ကို ထမ်းပြီး လမ်းလျှောက်နေပုံ။ သူလျှောက်ရာလမ်းမှာတော့ အောက်က ကလောင်ထိပ်ဖျား၊ လှံဖျား၊ ဓားသွားအချွန်တွေ အတိပြီးနေတယ်။ အဲဒီအချိန်တွေပေါ်မှာ သူက အပြုံးမပျက်၊ အားမာန်အပြည့်နဲ့ ခြေချနင်းဖြတ်လို့။

အစ်ကိုလှအောင်ဟာ မထူးခြားရင် ဘာကိုမှ မလုပ်ချင်သူပါ။

သူလုပ်လိုက်သမျှဟာလည်း ထိုးထိုးထောင်ထောင်၊ ထူးထူးခြားခြား ထွက်လာတာချည်းပါပဲ။ လွမ်းလိုက်ပါသေးတော့။

☆ ☆ ☆

## ခပ်ကြမ်းကြမ်းလေး ပျော်တတ်သူ
### (သို့မဟုတ်)
## ဆရာသော်တာဆွေ

ပေါင်းတည်ဆိုတာက စာရေးဆရာ အတော်လေး ထွန်းကားထွက်ပေါ်တဲ့ မြို့ ဖြစ်ပါတယ်။ ဆရာသော်တာဆွေ၊ ရွှေတည်ရန်နောင်၊ ပေါင်းတည်မင်းသိမ်း၊ ပေါင်းတည်ဘုန်းကြည်၊ ပေါင်းတည်စန်းမြင့် စသည်ဖြင့် ဆရာနန္ဒာသိန်းဇံကလည်း ပေါင်းတည်သားပါ။

ပေါင်းတည်ပွဲမှာတော့ အမှတ်တရ ဖြစ်စရာတစ်ခုနဲ့ ဦးလေးဆွေနဲ့ လွတ်လပ်သော စာရေးဆရာဝိညာဉ်သဘာဝကို လက်တွေ့မျက်တွေ့ကြုံခဲ့ရပါတယ်။ မှတ်မှတ်ရရ ကျွန်တော်တို့ ဟောပြောတဲ့ ရုံကြီးမှာ နောက်နေ့ည ဇာတ်ပွဲကမှာမို့ ဟောမယ့်ညနေမှာပဲ ဇာတ်ကားကြီးတွေ ရောက်ချသာပါတယ်။ (၁၉၈၄-၈၅ခန့် ထင်ပါတယ်။) ဘယ်ဇာတ်အဖွဲ့လဲ ဆိုတော့ မြို့တော်အင်အားစုပါ။ မြို့တော်အင်အားစုဆိုတာက ကျွန်တော့် အတွက် အင်မတန်ရင်းခြာတဲ့ အဖွဲ့ကြီး။ ကျွန်တော့် ဖခင်ကြီး ဦးရွှေခေါင်းညိုတာ မြို့တော်မှာ ဇာတ်စီးပညာရှင်အဖြစ်နဲ့ နှစ်အတန်ကြာ အလုပ်လုပ်ခဲ့ဖူးတော့

www.burmeseclassic.com



ကျောင်းပိတ်ရက်တွေကြုံရင် ဖခင်ကြီးနောက်ကို လိုက်သွားရင်း မြို့တော်ဇာတ်ခုံ၊ ဇာတ်ရုံဟာ ကျွန်တော့်အတွက် ခမ်းနားလှပသော ကစားကွင်း ဖြစ်ခဲ့ပါတယ်။ ဒါရိုက်တာ မြို့တော်မောင်ယဉ်အောင်နဲ့ သူငယ်ချင်း ဖြစ်ခဲ့ပါတယ်။

ဟောတဲ့ညကျတော့ ကျွန်တော် ဟောနေတုန်းမှာ ဇာတ်ခုံပေါ် တိုင်ဖုံးကြားမှာ အစအဆုံး မတ်တတ်ရပ် နားထောင်နေသူက တခြား ဟုတ်ပါရိုးလား။ ဘဒွေး၊ မြို့တော်သိန်းအောင်ရယ်လေ။

ကျွန်တော့်ဟောပြောချက်ပြီးတော့ ဘဒွေးက "မင်းတို့ အလုပ်က လည်း မလွယ်ပါလား။ ဘာဆိုင်း ဘာသီချင်းမှ မပါဘဲ တစ်နာရီသာသာ လောက်ကို စကားတွေပြောရတာ။ ပရိတ်သတ်ကလဲ ပွဲကျပဲ၊ ငါတို့များဖြင့် ငါတို့အလုပ်နဲ့ ငါတို့တော့ တစ်ညလုံးပဲ ကရ ကရ။ မင်းတို့လို တစ်နာရီ ရပ်စကားပြောဖို့ ဆိုတာတော့ မလုပ်တတ်ပါဘူးကွာ"တဲ့။

ဦးလေးသော်တာဆွေလည်း ပါတယ်လို့ ကျွန်တော်က ပြောတော့ ဘဒွေးက "ဟာ၊ အဲဒီစာရေးဆရာကြီး ငါ သိပ်လေးစားတာကွ၊ သူ့ဝတ္ထုတွေ သိပ်ကောင်းတာ (မြို့တော်အင်အားစု ဇာတ်အဖွဲ့မှာ ရွှေလျား စာကြည့် တိုက်လို့ခေါ်ရမယ့် စာကြည့်တိုက်ရှိပါတယ်။) သူနဲ့ တွေ့ချင်သကွာ၊ ငါ မိတ်ဆက်ပေးစမ်း"တဲ့။

ညဟောပြောပွဲပြီးတော့ တည်းတဲ့အဆောင်မှာ ဦးလေးဆွေကို ကျွန်တော်က ဒီအကြောင်း ပြောပြပါတယ်။ သူနည်းနည်း အရှိန်ရနေပြီ ပေါ့။ မြို့တော်သိန်းအောင်ဆိုတာလည်း နည်းတဲ့ပုဂ္ဂိုလ်မှ မဟုတ်ဘဲက လား။ အားလုံး သိပါတယ်။ ဦးလေးဆွေ ပြန်ပြောပုံက ဒီလိုပါ။

"ငါက သူ့ပွဲ မကြည့်ဖူးဘူးဟ၊ နာမည်ကြီးမို့ ကြားရုံကြားဖူးတာ။ သူ့ပြဇာတ်တွေအကြောင်း ဝေဖန်ပေးပါ။ ဘာညာနဲ့ပြောမှာ မုချကွ။ ငါ ဘာမှ ပြောနိုင်မှာ မဟုတ်ဘူး။ မတွေ့တော့ဘူးကွာ။ မိတ်ဆက်မပေးနဲ့" တဲ့။



တကယ်လည်း သော်တာဆွေနဲ့ မြို့တော်သိန်းအောင်တို့ မတွေ့ ဆုံလိုက်ရပါ။ တွေ့များတွေ့ကြရင် ဘယ်လိုစကားဝိုင်းမျိုးများ ဖြစ်လာမယ် မသိ။

ပေါင်းတည်မှာ ဟောပြောပွဲပြီး နောက်တစ်နေ့ ရေးသူ ဖတ်သူ ဆွေးနွေးပွဲ ကျင်းပဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲမှာတော့ ဦးလေးဆွေဟာ မေးမြန်းဆွေးနွေးတဲ့ မေးခွန်းစာရွက် အများဆုံးရသူပါ။ ဟာသဝတ္ထုတွေ အကြောင်းနဲ့ ဘဝသရုပ်ဖော် ဝတ္ထုတွေအကြောင်း မေးကြတာကို ဦးလေး ဆွေ ရှင်းလင်းဖြေဆို ဆွေးနွေးပါတယ်။ မှတ်သားစရာတွေပါ။ စာများများ ဖတ်ကြဆိုတာကို အဓိက ဦးတည်ပြောပါတယ်။ သူ့ထုံးစံအတိုင်း လေသံ ဗလုံးဗထွေးနဲ့ပါပဲ။

ည ဟောပြောပွဲတုန်းကလည်း ဆိုဗီယက်၊ ရုရှား အတွေ့အကြုံ အကြောင်းပဲ ပြောသွားခဲ့လို့ ထုံးစံအတိုင်း ပျင်းစရာကြီးပါ။ ဒါပေမယ့် ပေါင်းတည်ပရိသတ်ဟာ သူတို့ ပေါင်းတည်သား ဟာသစာရေးဆရာကြီး ထံက ရှားရှားပါးပါးပွဲကျ ပြက်လုံးတစ်ခုတော့ ကြားခဲ့ရတယ်လို့ ဆိုရပါမယ်။ ဘာလဲဆိုတော့....

ဘယ်လိုကနေ စကားစပ်သွားသလဲ မသိပါဘူး။ ဟောရင်းနဲ့....

"ချစ်ဦးညိုတို့ မောင်ဝဏ္ဏတို့ကို ကျွန်တော်က ပြောထားတယ်။ ပေါင်းတည်မှာ ဘာမှမကြောက်နဲ့။ ငါပါတယ်။ နန္ဒာသိန်းဇံ ပါတယ်။ ပေါင်းတည်သား စာရေးဆရာတွေ။ အဲ.... တစ်ခုလည်း ပြောထားတယ်။ အရှင်မဟာမောဂ္ဂလန် ကိုယ်တော်ကြီးကို ရိုက်နှက်တဲ့ ခိုးသားငါးရာရှိပါ ရောလား။ အဲဒီမှာ ပေါင်းတည်က နှစ်ရာ့ငါးဆယ်၊ သာယာဝတီက နှစ်ရာ့ ငါးဆယ်ပါတယ်။ ဒါကြောင့် ဘာမှမကြောက်နဲ့.... လို့"

ဒီစကားနဲ့ အသောဖောက်ရာမှာ သူ့မျက်နှာကြီးက ခပ်တည်တည် တည်ကြီးဆိုတော့ တချို့ပရိသတ် ရယ်လိုက်ဖို့ မေ့သွားကြတယ်ထင်ပါရဲ့။ ထင်သလောက် 'ပွဲမကျ' ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးပွဲပြီးတော့ မွန်းလွဲပိုင်းမှာ သူ့ကို ပြုစုချင်တဲ့ (သူ့အမျိုးထဲကလား မမှတ်မိတော့ပါ) လူတစ်ဦးက လယ်တဲတစ်ခုဆီ ခေါ်သွားပါတယ်။ ကျွန်တော်တို့အားလုံးလည်း လိုက်သွားကြတယ်။ လယ်ပြင်ကွင်းစပ် ငါးကန်၊ လယ်တဲ၊ ထန်းတောမှာ၊ ထန်းရည်နဲ့ ကြက်ကြော် အခုဖမ်း အခုကြော်တဲ့ ငါးကြော်များနဲ့ ဧည့်ခံပါတယ်။

ဩော်... ဦးလေးဆွေ။ ခုတော့ မရှိရှာတော့ဘူး။ စာလိုရေးရင်းနဲ့ စိတ်လိုက်မာန်ပါ စကားပြောသလိုတွေ ရေးရေးသွားတဲ့ သူ့အရေးအသားတွေကလဲ ခုထိ ဆွဲဆောင်စွမ်းအားကြီးဆဲပါ။ ရေးစရာရှိလဲ ပွင့်ပွင့်လင်းလင်းရေးတယ်။ ပျော်စရာရှိရင်လဲ ခပ်ကြွမ်းကြွမ်းလေး ပျော်ဘာယ်။ သူ့စကားထဲကလို ဘာအချုပ်အနှောင်ကိုမှမခံဘဲ လွတ်လပ်တဲ့ စာရေးဆရာဘဝထဲမှာ သူ ပျော်ပျော်ကြီး နေသွားခဲ့။

စာပေဟောပြောပွဲမှာ တိုက်ပုံအနက်ဝတ်ဖြစ်တိုင်း သတိတရလွမ်းရပါတယ် ဦးလေးဆွေခင်ဗျား။

ကွယ်လွန်သွားကြပြီဖြစ်တဲ့ ဆရာများရဲ့ ရုပ်ပုံလွှာ တစေ့တစောင်းကို စာပေဟောပြောပွဲ နောက်ခံထားပြီး ရေးခဲ့တာ အခုဆိုရင် ဆရာမင်းကျော်၊ ဆရာ မြသန်းတင့်၊ ဆရာကြီး (ဦး)ဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာ အထောက်တော်လှအောင်တို့အကြောင်း ရေးပြီးခဲ့ပြီးဖြစ်ပါတယ်။

စာရေးဆရာတစ်ယောက်အဖြစ်နဲ့ မိမိရဲ့ အသက်မွေးဝမ်းကျောင်းမှု အရရော၊ မရေးရ မနေနိုင် ဝါသနာအရရော၊ တာဝန်ယူပြီးသား အခန်းဆက် ဝတ္ထုရှည် ဆောင်းပါးအချို့ကို ဝတ္တရားတစ်ရပ်အဖြစ် ရေးရတဲ့အလုပ်အရရော၊ ကျွန်တော့်မှာ အခြားသော စာရေးဆရာများနည်းတူပါပဲ။ ခုနစ်ထွေ၊ တစ်ဆယ့်နှစ်ထွေ ကကြိုးကို တစ်ခွင်စီ တစ်ကွက်စီ လှည့်ကနေဖြစ်ပါတယ်။ ဗုဒ္ဓယဉ်ကျေးမှု နောက်ခံ ဝတ္ထုတွေရေးလိုက်၊ ခရီးသွားဆောင်းပါးရေးလိုက်၊ ကျမ်းဆန်ဆန် စာတမ်းရေးလိုက်၊ ဖျတ်ခနဲ စိတ်ကူးပွင့်ရာ အက်ဆေးလေးတွေ ရေးလိုက်နဲ့ လမိုင်းအမျိုးမျိုး ပူးကပ်ဝင်စားပြီးစာရေး



ရတဲ့ ဘဝဟာ တစ်ခါတလေတော့လည်း ကြည်နူးစရာ။ တစ်ခါတလေတော့လည်း စိတ်ပန်းလက်ပန်းနဲ့ မောချင်စရာ။

ဒါပေမယ့် စာရေးညာဉ်ကြောင့်လား မသိပါ။ ဒီလိုတွေ ရေးသားနေတာကိုပဲ ပျော်ရွှင်မှုအဖြစ်နဲ့ ခံစားရပါတယ်။ တစ်ခါတစ်ရံတော့လည်း ခံစားမှုဆိုတဲ့ ဝေဒနာက 'ထုံ'နေတတ်ပြီး ဦးနှောက်လည်း 'အုံ'နေတတ်ပြန်တော့ စာရွက်ရှေ့ချ၊ ဘောလ်ပင်ဖွင့်၊ အဖုံးစွပ်ကိုင်ပြီးမှ ဘာတစ်လုံးမှ ရေးလို့မရဘဲ စားပွဲမှာ အငူသားထိုင်နေမိတာမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ကျွန်တော့်အတွက် အကောင်းဆုံး အားပြန်ဖြည့်ခြင်း Recharge ကတော့ စာဖတ်ခြင်းပါပဲ။ စာအုပ်စင်တွေရှေ့မှာရပ်၊ ထိုင်ရင်းနဲ့ စာအုပ်အနှောင့်တွေ လိုက်ကြည့် 'ခတ်ကြ' တဲ့ စာအုပ်တစ်အုပ်ကို ဆွဲဆုတ်ဖတ်လိုက်တာဟာ ကုန်ခန်းသွားသော အင်အားများကို ပြန်ဖြည့်ပေးလိုက်သော တကယ့်ဗီတာမင်ပါ။

အဲဒီလိုနဲ့ ဖတ်ဖြစ်တဲ့ (ခဏခဏ ပြန်ဖတ်ဖြစ်တဲ့) စာအုပ်တွေထဲမှာ ဆရာသော်တာဆွေရဲ့ 'ကျွန်တော့်ဘဝဇာတ်ကြောင်း' လည်း ပါဝင်နေပါတယ်။ (စကားစပ်လို့ ဖောက်သည်ချရရင် ဒီလို အင်အားကုန်ခန်း၊ စိတ်ပန်းလက်ကုန် ဖြစ်နေချိန်တွေမှာ ကျွန်တော် အများဆုံးပြန်ဖတ်ဖြစ်တဲ့ စာအုပ်တွေက သပြေကန်ဆရာတော်ကြီးရဲ့ ပရိတ်ကြီး နိဿယသစ်နဲ့ မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ တစ်ဘဝသံသရာတို့ပဲ ဖြစ်ပါတယ်။ ဒီစာအုပ်များကို ဖတ်လိုက်ရတဲ့အခါမှာ အားကျကြည်ညိုစိတ်နဲ့ သဒ္ဓါတွေပေါက်ဖွားလာပြီး အကောင်းဆုံး အကြောဆေးထိုးလိုက်ရသလို အားတွေပြန်ပြန် ပြည့်လာတတ်ပါတယ်။ ကျွန်တော့် ပုဂ္ဂလိကဖြစ်စဉ်ကို ပြောပြတာပါ။)

ဆရာသော်တာဆွေအကြောင်း ပြန်ဆက်ပါမယ်။ အဲဒီလို သူ့စာအုပ်တွေ ဖတ်မိတိုင်းမှာ သူ့ရဲ့ စာရေးညာဉ်နဲ့ စာရေးဆရာစိတ်ဟာ ကျွန်တော့်ဆီ 'ခတ်ကူး'သလို ကူးလာတတ်ပါတယ်။ ဒီ့အပြင်မှာ သူ ကျွန်တော့်ကို ပြောဖူးခဲ့တဲ့ စကားတစ်ခွန်းလည်း အမြဲ ပြန်ကြားယောင်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီးတစ်စီး အပေါ်မှာပါ။ (ဒီအကြောင်း နောက်ပိုင်း ပါလာပါမယ်။)

ဘာပြောသလဲဆိုတော့ သူ့စကားက "ဟော့ကောင် ချစ်ဦးညို၊ ဆရာရွှေဒေါင်းညိုသား"

"ခင်ညာ"(လို့... သူ့ဇာတ်လိုက်လေသံလေးနဲ့ ကျွန်တော်က ထူး လိုက်ပါတယ်)

(မှတ်မိမှာပါ၊ သူက ဝတ္ထုတစ်ပုဒ်ထဲမှာ ဟော့ကောင်.... လို့ ဘကြီးခေါ်လိုက်တော့... ခင်ညာ... တဲ့ ထူးပုံက။)

သူက ဆက်ပြောပါတယ်။

"မင်း၊ စာပေလုပ်သား မဂ္ဂဇင်းထဲမှာ ရေးထားတဲ့ ဟိုဝတ္ထုကွာ၊ ဇာတ်ကောင်နာမည်တွေကို ခေါင်းစဉ်တပ်ထားတာ 'ဘာ'တဲ့"

"မခင်သက်၊ ကိုလှချိုနှင့်ကိုမြင့်မော်ပါ ဦးလေး"

"အေး... အဲဒီဝတ္ထုလေး ကောင်းသားကွ"

(စာရေးဆရာကြီး တစ်ယောက်ရဲ့ ချီးကျူးစကား တစ်ခွန်းရလိုက် တဲ့ စာရေးဆရာလေး ဘယ်လောက်ကြည်နူးမလဲ။)

"ဟုတ်ကဲ့ ဦးလေး"

"ဒါပဲကွ... မင်းကို ရွှေဒေါင်းညို သားလို့ ငါတမင်ခေါ်လိုက်တာ မင်းသိလား"

"ရိပ်မိသလိုပဲ ဦးလေး"

"ခွီးမှဘဲ၊ တမင်ခေါ်တာပါဆိုမှ။ ဒီလိုကွ၊ မင်းအဖေဟာ ဇာတ် သဘင် ပညာရှင်ကြီး မဟုတ်လား။ အေး ရွှေဒေါင်းညိုသား ချစ်ဦးညို ဆိုတဲ့ကောင် တစ်ကောင်ဟာ ပမာဆိုပါတော့ ဇာတ်မင်းသားဖြစ်လာရင် သူဟာ ဇာတ်မင်းသားပဲ ဖြစ်မှာကွ"

ကျွန်တော် သဘောမပေါက်လို့ ငြိမ်နေစဉ်မှာ

"ငါ ပြောတာက မင်းသာဆိုရင် မင်းသားပဲဖြစ်နေတော့မှာ။ တခြားအလုပ်ဆိုရင်လည်း မင်းဟာ အဲဒီအလုပ်မှာဘဲ သံမှိုစွဲထားသလို



နေလေရော့။ အဲဒါကလွဲပြီး မင်းဘာမှ ဖြစ်လို့မရပါဘူး။ အခု မင်းစာရေး ဆရာဖြစ်လာတော့ မင်းကိုယ်မင်း မင်းသားလုပ်လိုက်၊ လူကြမ်းလုပ်လိုက်၊ မိန်းမဖြစ်လိုက်နဲ့ အမျိုးမျိုးပွားလို့ရတယ်လေ။ ဝတ္ထုတွေထဲမှာ မင်းဖြစ်ချင် သလိုဖြစ်လို့ရတယ်။ အဲဒါ စာရေးဆရာ အရသာပဲကွ မှတ်ထား" တည့်တည့်ပြောမှ သဘောပေါက်ပါတယ်။ သူချီးကျူးလိုက်တဲ့ 'မခင်သက်၊ ကိုလှချိုနှင့် ကိုမြင့်မော်' ဝတ္ထုရှည်ပါ။ ဝတ္ထုထဲမှာ မခင်သက်နေရာ၊ ကိုလှချို နေရာ၊ ကိုမြင့်မော်နေရာ၊ ဒီသုံးနေရာကနေပြီး ပထမနာမ်စားနဲ့ ရေးထား ပြီး သုံးယောက်ရဲ့ ခံစားချက်နဲ့ အဖြစ်သနစ် သုံးခုကို စပ်လိုက်တဲ့အခါကျ မှ ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်တာပါ။

"အဲဒါ ဦးလေးအားကျလို့"

"ဘာကွ"

"ဦးလေးရဲ့ ကျွန်တော် ဇာတ်လိုက်တို့၊ ကျွန်တော် ပြဇာတ်မင်း သားတို့၊ ကျွန်တော် ဘောက်ဆာတို့ အဲဒါတွေ ဖတ်ရတယ်လေ။ ဦးလေးက ကိုယ့်ကိုယ်ကို ဇာတ်ကောင်အမျိုးမျိုး၊ နေရာထားပြီး ရေးထားတာလေ"

"အံမာ... ငါ့ကို အားကျလို့"

"ဟုတ်ကဲ့"

"ငါ့အားကျ မင်းပျက်ပြီပေါ့ကွာ"တဲ့။

'ဆရာတို့ကိုလွမ်း' အစုလေးတွေထဲမှာ ဆရာသော်တာဆွေကို လွမ်းတဲ့အလွမ်းက သူ့ဇာတ်ကူးလို့လား မသိပါ။ ရင်နင့်နေတဲ့ တသက်သက် တမြေ့မြေ့ ဝေဒနာမျိုးနဲ့ လွမ်းတဲ့အလွမ်း မဟုတ်ပါဘူး။ ဖိုးဖိုးဖယ်ဖယ်နဲ့ ကြွပ်ကြွပ်ရွရွလွမ်းတဲ့ 'အလွမ်းမျိုး'။

ယခင် ဆင်းဒဝစ်၊ ယခု ဗိုလ်ရာညွန့်လမ်း ရှမဝမဂ္ဂဇင်းတိုက်ဧ က ခုံတန်းလေးဟာ စာပေသမားများ မမေ့နိုင်တဲ့ နေရာလေးဖြစ်ပါသည်။ ရှမဝတိုက်ကို ကျွန်တော်စာရေးဆရာ ပေါက်စလေးအဖြစ် ဟိုပင်သည် ထွက် ရောက်ရှိချိန်ဟာ 'လက်ာဒီပချစ်သူ'ကို ပန်းချီဝသုန်က ရုပ်ပြအခန်း ဆက်ရေးဆွဲချိန်၊ ကျွန်တော်ကလည်း ဝတ္ထုတို၊ ဝတ္ထုရှည်များ အားကောင်း

www.burmeseclassic.com



ကောင်းနဲ့ တသွင်သွင်ရေးချိန် ၁၉၇၈နောက်ပိုင်း၊ ၁၉၈၀ နှစ်ဦးကာလများ ဖြစ်ပါတယ်။ အဲဒီခုံတန်းလေးမှာပဲ ချစ်ခင်လေးစားရတဲ့ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာများနဲ့ တွေ့ဆုံသိကျွမ်းခွင့်ရခဲ့ပါတယ်။ အဲဒီထဲမှာ ဆရာသော်တာဆွေ၊ သူဟာ ထိပ်ဆုံးကပါ။

စတွေ့တွေ့ချင်းပဲ ကိုဆွေ (မောင်ဆွေတင့်)တို့ ခေါ်သလို၊ သူ့ကို ဦးလေးလို့ပဲ ကျွန်တော်ခေါ်မိပါတယ်။ ဆရာလို့ မခေါ်ဖြစ်ပါဘူး။ ဒီဦးလေးနဲ့ စာပေဟောပြောပွဲ နယ်ခရီးကို ပွန်းပွန်းတီးတီးသွားဖို့ ကြုံလာပါတယ်။ ဖိတ်မန္တကပြုသူက ထိုစဉ်က မြစ်ဝကျွန်းပေါ်ဘက်မှာ ခရိုင်အဆင့်လား၊ တိုင်းအဆင့်လား မမှတ်မိပါ။ စိုက်ပျိုးရေးဘက်မှာ အရာရှိကြီး ဖြစ်နေတဲ့ ဦးဝင်းတင်ပါ။ သူက မောင်သန္တာအမည်နဲ့ ကဗျာရေးပါတယ်။ ဆရာသော်တာဆွေရဲ့တပည့် ဆရာသော်တာဆွေကို ကြည်ညိုတဲ့သူ။

ဟောပြောပွဲကျင်းပမယ့်နေရာက ကျုံပျော်၊ ဟောပြောပွဲသွားကြမယ့် စာရေးဆရာအဖွဲ့ကို ကိုဆွေ၊ ကိုမြင့်မြတ်တို့က စီစဉ်လိုက်ကြပါတယ်။ ပါဝင်သူတွေက သော်တာဆွေ၊ အောင်သင်း၊ မင်းသားကြီးဦးကျောက်လုံး၊ မောင်ဆွေတင့်၊ မောင်မြင့်မြတ်၊ မောင်ပြုံးပြင်(ကျုံပျော်)၊ ကာတွန်းငွေကြည်နဲ့ ချစ်ဦးညို၊ စာရေးဆရာတွေ တစ်လှေကြီး၊ အဲ တစ်လှေကြီးဆိုတာက တင်စားတဲ့စကား၊ တကယ့်သဘာဝ ယုတ္တိအရပြောရရင် တစ်သင်္ဘောကြီး။ ဘာကြောင့်လဲဆိုတော့ ဦးဝင်းတင် (မောင်သန္တာ)ရဲ့ အစီအစဉ်နဲ့ ကျုံပျော် အသွားအပြန် စီစဉ်လိုက်တာက နှစ်ထပ်သင်္ဘောကြီးပါ။ ခရီးသည်တင်၊ ကုန်တင်ပြေးဆွဲဖို့ လိုင်းဝင်ထားခါစ သင်္ဘောကြီးကို ဘယ်လိုလုပ်လိုက်သလဲ မသိပါ။ ဘယ်ခရီးသည် ဘာကုန်မှမတင်ဘဲ အဲဒီ စာရေးဆရာအုပ်စုကိုပဲ ကျုံပျော် ဟောပြောပွဲခရီးအတွက် သီးသန့်ဖယ်ရီလုပ်လိုက်ခြင်းပါပဲ။

သင်္ဘောကြီးက အသစ်စက်စက်၊ ဆေးနံ့တောင် မပြယ်ချင်သေး၊ သန့်မှသန့် လတ်လတ်ဆတ်ဆတ်၊ တစ်စီးလုံးမှ စာရေးဆရာအဖွဲ့သီးသန့်။ အဘကျောက်လို့ ကျွန်တော်တို့ ခေါ်ကြတဲ့ မင်းသားကြီးဦးကျောက်လုံးဟာ ရှုမဝဦးကျော်မှတစ်ဆင့် ရှုမဝဝိုင်းတော်သားတစ်ဦးအနေနဲ့ ရှုမဝ



တိုက်ခုံတန်းမှာ ထိုင်ထိုင်နေတတ်တော့ သူနဲ့လည်း ခင်မင်ခွင့်ရခဲ့ပါတယ်။ အဲဒီ အဘကျောက်ကိုလည်း ကိုဆွေတို့၊ ကိုမြင့်မြတ်တို့က ပင့်ပါတယ်။ အဘကျောက်ကလည်း အစ်ကိုဆွေနဲ့ဆိုရင် "အင်း၊ လိုက်ရမှာပေါ့ ကျောက်လုံးတို့ ခပ်ကြောက်ကြောက်ပဲကွ၊ ဒါပေမယ့် လိုက်မယ်ကွာ" တဲ့။ ဒီလိုနဲ့ သင်္ဘောကြီးပေါ်ရောက်၊ မွန်းတိမ်း ညနေဦးကာလ။

စကတည်းက ယဉ်သကိုပါပဲ။ ဦးလေး (သော်တာဆွေ)တို့ တစ်စခန်း ထပါပြီကော။

ရန်ကုန်ဝါးတန်းဘောတံတားဆိပ်မှာ ဆိုက်တဲ့ သင်္ဘောကြီးဟာ ကမ်းက စတင်ခွာပါပြီ။ ဒီအချိန်မှာ ဆရာ ဦးအောင်သင်းနဲ့ ကိုဆွေ (မောင်ဆွေတင့်)တို့က တစ်တွဲ၊ သင်္ဘောအခန်းထဲမှာ စကားပြောနေကြတယ်။ မောင်မြင့်မြတ်က ဦးခန်း ဘုရားဆောင်ထဲမှာ အဓိဋ္ဌာန်ပုတီးစိပ်လို့။ ကာတွန်းငွေကြည်နဲ့ ကျွန်တော်က သင်္ဘောလက်ရန်း ဝဲယာကုးရင်း ရန်ကုန်မြစ်ပြင်ရဲ့ ညနေခင်းနဲ့ စင်ရော်လေးတွေကိုကြည့်ပြီး စိတ်ကူးယဉ် လှိုင်းလေးတွေကိုစီးလို့။ (ဒီအချိန်က ကျွန်တော်ဟာ မောင်ကြည်တို့ရဲ့ ငွေလှိုင်းဖာခြည်ကို ညည်းနေတယ်လို့ အမှတ်ရမိတယ်။ ကိုငွေကြည် ခင်ဗျားကော မှတ်မိတန်ကောင်းရဲ့။)

"လှိုင်းရေဖွေးဖွေးဝယ် လွန့်လူးတယ် × × စင်ရော်ငှက်ကလေးတွေ × × ပျံကာပဲ ဝဲတယ် × × ပျော်မြူးကြရှာတယ် × × မြစ်နဒီအတွင်းဝယ် × × နှုတ်ခွန်းလွှာခြယ် × × လေဝယ်ဆန်သော လွန်သာယာ × × ငွေလှိုင်းဖာခြည် ဖွာဖွာလည် × × နေစွယ်ပြန့်ပြော× × ကွန်လွှာလွှာ × × သွေမဆိုင်း လာပြီ အို × × တံငါသည် × × " ကဗျာဆရာ မောင်ပြုံးပြင် (ကျုံပျော်) (ကွယ်လွန်)လည်း ကျွန်တော်နဲ့ ကိုငွေကြည်ဘေးနား တိတ်တိတ်ကလေးရပ်၊ ဆည်းဆာမြစ်ပြင် ရှုခင်းကို ခံစားလို့။

မင်းသားကြီး ဦးကျောက်လုံး (အဘကျောက်)က ဘယ်ခရီးသည်မှ မရှိတဲ့ ကုန်းပတ်မှာ ဟိုသည်လမ်းလျှောက်ရင်း မြစ်ပြင်လေကို ရှူရှိုက်လို့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ သက်သောင့်သက်သာ သာယာအေးချမ်းတဲ့ ညနေခင်းလေးဟာ ကြာကြာမခံလိုက်ဘဲ ကွဲအက်သွားပါလေရော။ ဒီညနေခင်းကို ထိုးဆောင့်လှုပ်ခါပစ်လိုက်တဲ့ အသံတစ်သံက သဘော်ဦးခန်းဘက်ရဲ့ ကေဗင် အခန်းတစ်ခန်းထဲက ထွက်လာတာပါ။ "ဟေး၊ ကိုကျောက်လုံး၊ လာဗျာ" တဲ့။ အသံရှင်က ဦးလေးသော်တာဆွေပါ။ စကြီလျှောက်နေတဲ့ အဘ ကျောက်တုံ့ခနဲ ရပ်သွားရှာပါတယ်။

"လာစမ်းပါဗျ၊ ဘာလဲ၊ ခင်ဗျားက။ လာ၊ ဒီမှာ ကျုပ်နဲ့ ခွက်လှည့်ရအောင်"တဲ့။

ရုပ်ရှင်ထဲမှာ လူကြမ်းကြီး၊ လူဆိုးကြီး၊ ကြာကူရိုကြီး၊ ဂိုဏ်းခေါင်းဆောင်ကြီး စသည်ဖြင့် ဝိဘတ္တရသကို ပြောင်ပြောင်မြောက်မြောက် သရုပ်ဆောင်နိုင်တဲ့ အကယ်ဒမီဦးကျောက်လုံးဟာ အပြင်မှာ တကယ့်ကို နူးညံ့အေးဆေးသိမ်မွေ့သူဖြစ်ပါတယ်။ ပြီးတော့ သူခမြာမှာ ဦးလေး သော်တာဆွေကိုလည်း ကြောက်ရှာပုံရပါတယ်။ ဒါပေမယ့်လည်း ဦးလေးဆွေနဲ့ အတူတူ ခွက်လှည့်ရမှာကို ပိုကြောက်ပုံရပါတယ်။ အဘကျောက်ဟာ ဟိုလိုလိုဒီလိုလို လုပ်နေရင်းနဲ့ ကျွန်တော်တို့ နားကပ်လာပြီး လက်ရန်းကို မှီရပ်နေရှာတယ်။ ဒီအခါမှာ အခန်းထဲက တတိယအကြိမ် ပေါ်လာတဲ့ အသံက...

"ကိုကျောက်လုံး၊ ကျုပ်ခေါ်နေတာ မလာဖူးလား။ ခင်ဗျားမလာရင် ကျုပ်က တိုင်နဲ့ခေါင်းနဲ့ ပစ်ဆောင့်လိုက်မယ်"

အဘကျောက်ဟာ သူ့ရဲ့ပင်ကို အမူအရာပြုံးမဲ့မဲ့မျက်နှာကြီးနဲ့ အသံလုံးကြီးကြီး အသံကြီးနဲ့ "သွားမှုပဲဟေ့၊ သူခေါ်ရာကို။ တော်ကြာ မြတင်းပေါက်ကနေ မြစ်ထဲကို ဒိုက်ဗင်ထိုးမချဘူး မပြောနိုင်ဘူး။ လာပြီ၊ ကိုဆွေရေ၊ ကျွန်တော်လာပြီ" လို့ ပြောရင်း သုတ်သုတ်ကလေး ထွက်သွားရှာပါတယ်။

ဦးလေးဆွေရယ်လေ၊ ဘယ်အချိန်ကစ 'ကိုင်'နေသလဲ မသိပါဘူး။



ကျွန်တော့်ရဲ့ ငွေလှိုင်းဇာခြည် ဖွာဖွာလည်း စုတ်ပြသွားတော့ ဘယ်။ တွံတေးတူးမြောင်းထဲ သဘော်ဖြတ်ချိန်မှာတော့ "ဟေ့၊ အပြင်က ကောင်လေးတွေ လာကြကွာ"တဲ့။ ဦးလေးဆွေ အသံပိုကျယ်နေပါပြီ။ အင်မတန် ကြောက်တတ်တဲ့ ကဗျာဆရာ မောင်ပြုံးပြင် (ကျုံ့ပျော်)ကတော့ အောက်ထပ်ဆင်းပြေးလေရဲ့။ ကိုငွေကြည်နဲ့ ကျွန်တော်က ကုပ်ချောင်းချောင်းနဲ့ခေါ်ရာ သွားရပါတယ်။ ဒီတစ်ခါတော့ ဦးခန်းဘုရားစင်မှာ ပုတီးစိပ်နေတဲ့ ကိုမြင့်မြတ်လည်း ထိန်းတန်တာ ထိန်းပေးရအောင် ရောက်နေပါပြီ။ အဘကျောက်မှာတော့ စတိ ဝင်သောက်ပေးရင်းနဲ့ မျက်နှာကြီးက 'အို'.... လို့။ အသားဖြူတဲ့ ဦးလေးသော်တာဆွေ မျက်နှာကတော့ နီရဲလို့။

နာမည်ကြီးစာရေးဆရာ သော်တာဆွေနဲ့ တစ်ဝိုင်းတည်းကြုံရပါပြီ။ ကိုငွေကြည်က လုံးဝမသောက်တတ်။ ကျွန်တော်က ခပ်လန့်လန့်နဲ့ ဝင်ရောပါတယ်။ ဦးလေးဆွေနဲ့ အဘကျောက်တို့က ရှုမဝဦးကျော်အကြောင်းနဲ့ ရုပ်ရှင်အကြောင်း ပြောနေကြတယ်။ အဘကျောက်က အင်းလိုက်ပြီး ထောက်ပေးရတာပါ။ မနားတမ်း ပြောနေသူက ဦးလေးဆွေ။

အမှန်တော့ ကျွန်တော် ဝင်ရောတာမှာ ဦးလေးဆီက ကျွန်တော်သိပ်သိချင်တဲ့ ပုဂ္ဂိုလ်နှစ်ယောက်အကြောင်း ရှိနေလို့ပါ။ ဆရာကြီးရွှေဥဒေါင်းနဲ့ ဆရာမ(ဒေါ်)ကြည်အေးတို့ ဖြစ်ပါတယ်။ ဦးလေးဆွေက ရင်းရင်းနှီးနှီးပေါင်းခဲ့ဖူးတာမို့ (သူ့စာထဲမှာတော့ ဆရာကြီးနဲ့ဆရာမတို့အကြောင်းပါပြီးသား)။ သူ့ဆီက နှုတ်ထွက်တိုက်ရိုက်စကားကို ကြားချင်လို့။ ဒါပေမယ့် ကျွန်တော် မမေးရဲပါ။ သူ့စကားတွေကလည်း သူရုပ်ရှင်ထဲဝင်သရုပ်ဆောင်တုန်းက အကြောင်းတွေချည်း။ အဘကျောက်ကို ပြောနေတဲ့စကားတွေ။

ကိုမြင့်မြတ်ကို ကျွန်တော်က လေသံလေးနဲ့ ဆရာကြီးရွှေဥဒေါင်းနဲ့ဆရာမ ဒေါ်ကြည်အေးအကြောင်း သိချင်တာတွေ မေးရင် ကောင်းမလားလို့ တိုင်ပင်တော့ ကိုမြင့်မြတ်က သွားမလုပ်နဲ့ ကိုရင်။ သူပြောတာပဲ အသာနားထောင်နေ၊ ကိုရင်မေးလည်း ပြောမှာမဟုတ်ဘူး။ မပြောဘဲနေ

www.burmeseclassic.com



ရင် တော်ဦးမယ်။ အံမာ မင်း မေးတိုင်း ငါပြောရမှာလားကွဆိုပြီး ခွက်နဲ့ ကောက်ပေါက်မှ ပြေးပေါက်မှားနေမယ်လို့ သတိပေးပါတယ်။

ဩော်၊ ဆရာသော်တာတွေ 'သွေးဆိုး'တယ်လို့ ဒါကြောင့် ပြောကြတာကိုးလို့ ကျွန်တော်တွေးရင်း အသာလေး ငြိမ်ကုပ်နေလိုက်ရတော့တယ်။ ဘယ်သူဘယ်ဝါက အဘိယာစကလုပ်လုပ်။ သူပြောချင်တာပြော။ သူရေးချင်တာပဲ ရေးတတ်တဲ့ ဝသီဟာ ဦးလေးဆွေရဲ့ အထင်ကရ ရုပ်ပုံလွှာပါပဲ။ အဲဒါဟာ တဇွတ်ထိုးစိတ်လို့ ခေါ် ချင်ခေါ်နိုင်ပေမယ့် တကယ်တော့ စာရေးဆရာတစ်ယောက်ရဲ့ လွတ်လပ်မှုကို ဦးလေးဆွေ အလွန်အမင်း နှစ်ခြိုက်မွေ့လျော်တတ်တဲ့ သဘာဝဖြစ်တယ်လို့ နာမည်တပ်ချင်ပါတယ်။

ကျုံပျော်ရောက်တော့ ဦးဝင်းတင်(မောင်သန္တာ)က ဦးလေးဆွေကို အန္တေဝါသိကအဖြစ်နဲ့ ဖူးဖူးမှုတ်လိုက်တာမှ။ သော်တာဆွေပါလာသတဲ့၊ ဆိုပြီး သူ့စာဖတ်ပရိတ်သတ် ကြီးငယ်ရွယ်လတ်တွေကလည်း လာတွေ့ကြ၊ နှုတ်ဆက်ကြ၊ ကန်တော့ကြ၊ သူပဲ စတားဖြစ်နေတာ။ ဒါပေမယ့် သူကတော့ ဘာမှ ထူးခြားမှု မပြပါဘူး။ ကျော်စံကေး၊ ဟစ်တလုံး၊ အေးဆွေပေါ် အူးစသည်ဖြင့် သူ့ဇာတ်လိုက်တွေအကြောင်းကို ပရိသတ်က မက်မက်မောမော ရှိုက်ရှိုက်ပြောကြ။ သူက အင်း.... ဒါပဲ။ (ကျွန်တော့်ဘဝဇာတ်ကြောင်း) ထဲက ဇာတ်လမ်းတွေမေးကြ၊ သူက မင်းတို့ပြန်ဖတ်ကြပေါ့တဲ့။

သူ့ကို ချစ်ကြလေးစားကြတဲ့ ပရိသတ်ရဲ့ ဂုဏ်ပြုချီးကျူးပူဇော်မှုတွေကိုလည်း သူက ဘာတစ်ခုမှ အယ်လဲဝမ်းသာ တုံ့ပြန်ခြင်း မရှိပါဘူး။ လောကွတ်စကားဆိုတာ ဝေလာဝေး။

အဲဒီစရိုက် သဘာဝဟာ ဟောပြောပွဲ စင်မြင့်ပေါ်မှာလည်း အထင်းသား။

စာရေးဆရာကြီး သော်တာဆွေဆိုပြီး ပရိသတ်က သိပ်စိတ်ဝင်စားကြတာကလား။ ဘရန်ဒီ တစ်ပုလင်းကစလို့ သူ့ရဲ့ ဟာသစာပေတွေအကြောင်းကြားရဖို့ အားခဲမျှော်လင့်နေကြတာ။ သူ့တပည့်ကြီး ဦးဝင်းတင် (မောင်သန္တာ)ကလည်း ပရိတ်သတ်မျှော်လင့် စောင့်စားနေကြတဲ့ အဲဒီအကြောင်းတွေပြောဖို့ အဘိယာစက ပြုထားပါသေးတယ်။



ဘယ်ဟုတ်လိမ့်မလဲ။ တိုက်ပုံအနက်ကြီးဝတ်ပြီး စင်ပေါ် တက်လာကတည်းက ဟောလိုက်ပြောလိုက်တာ။ သူ ဆိုဗီယက် ရုရှားသွားရတဲ့ အကြောင်း။ ဟိုမှာ ကြုံခဲ့ရပုံတွေအကြောင်း။ လေသံကလည်း ဗလုံးဗထွေးနဲ့ ငေါက်သံလိုလို (တကယ်တော့ ငေါက်တာ မဟုတ်ပါ)။ မျက်နှာကြီးကလည်း မပြုံးမရယ်။ ဟောပြောတဲ့ အကြောင်းအရာကလည်း စိတ်ဝင်စားစရာ (အလွန်)မကောင်း။

ပရိသတ်က အစပိုင်းမှာတော့ သော်တာဆွေဆီက ဘာကြားရမလဲလို့ နားစွင့်ကြပါသေးတယ်၊ တဖြည်းဖြည်းနဲ့ ပျင်းစရာကောင်းလာတော့ လှုပ်လှုပ်ရွရွ ဖြစ်လာပါရော။ ပွဲခင်းက မငြိမ်ဘူး။ သူကလည်း ပရိသတ် ဘာဖြစ်နေနေ သူဟောချင်တာပဲ ဟောနေတာပါ။ တစ်နာရီလောက်ဟောပြောပြီးတော့ ဘာမှ အမွှမ်းအမံမပါတဲ့ စကားနဲ့ နိဂုံးချုပ်ပြီး ဆင်းလာတာပါပဲ။ လက်ခုပ်သံကတော့ ဟိန်းထွက်လာပါတယ်။ ငြီးငွေ့ဖွယ်ဟောပြောချက်ကြီး ပြီးသွားလို့ စိတ်လက်ပေါ့ပါးသွားတဲ့ ပျော်ရွှင်သောလက်ခုပ်သံပါ။ (သူ့အရှိန်အဝါကြောင့် တော်ပါတော့ဗျို့၊ ဆင်းပါတော့ဗျို့ လို့တော့ မကြားရပါဘူး၊ တခြား စာရေးဆရာဆိုရင် မုချအဲဒီလို အအော်ခံရမှာပါ။) ဆင်းလာပြီး သူ့နေရာသူ ပြန်ထိုင်တော့လည်း သူ့ဟောပြောချက်နဲ့ ထိရောက်မှု၊ အကျိုးသက်ရောက်မှု နောက်ဆက်တွဲ ရလဒ်ဘာညာ... ဘာမှ မစဉ်းစားတဲ့ပုံစံ။ ခပ်တည်တည်နဲ့ အေးအေးဆေးဆေးပါပဲ။

နောက်တစ်ကြိမ် သူနဲ့ဆုံခဲ့ရတာကတော့ ပေါင်းတည်ဟောပြောပွဲပါ။ ပေါင်းတည်ဆိုတာ သူ့ဒေသ။ အတူပါတဲ့ သူတွေက နန္ဒသိန်းဇံ၊ စာရေးဆရာ ဒါရိုက်တာ မောင်ဝဏ္ဏနဲ့ကျွန်တော်။ (ဒီအကြောင်းကို ရှေ့ပိုင်းမှာ ရေးခဲ့ပြီးပါပြီ။)

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

# တကယ်ပြည်သူချစ်သော အနုပညာသည်

## (သို့မဟုတ်)

## မြတ်လေး

လယ်ယာစီးပွားမှာ ပင်တိုင်အပတ်ဆက်ဆောင်းပါးအဖြစ် "ဆရာတို့ကို သာ...လွမ်း" ခေါင်းစဉ်နဲ့ ရေးခဲ့ရာက လပေါင်းအတော်ကြာ ပျောက်ကွယ်သွားခဲ့တာ။ အခုမှပဲ ပြန်ရေးဖြစ်ပါတော့တယ်။ ဒီလိုဖြစ်ရတာမှာ အကြောင်းကြောင်းသော အကြောင်းတို့ကို အကြောင်းပြုပြီးသကာလဆိုတဲ့ ကွယ်လွန်သူ ဆရာအထောက်တော်လှအောင်ရဲ့စကားနဲ့ အကြောင်းပြစရာ မရှိပါ။ အကြောင်းကြောင်းမဟုတ်ပါ၊ တစ်ကြောင်းပဲရှိပါတယ်။ အဲဒါက ကျွန်တော့်ရဲ့ ပျက်ကွက်မှုပါပဲ။

စလိုက်တုန်းကတော့ အရှိန်ကောင်းကောင်းနဲ့ တရစပ် တောက်လျှောက် ရေးဖို့ပါ။ စာပေဟောပြောပွဲ အတူထွက်ဖူးတဲ့ ဆရာများ၏ရုပ်ပုံလွှာတို ဟောပြောပွဲနောက်ခံထားပြီး(Profile)လေးတွေရေးခြယ်ဖို့ ကိုယ့်ဘာသာ ကိုယ် လမိုင်းဝင်ခဲ့တာပါ။ ဒီလိုနဲ့ ဆရာမြသန်းတင့်၊ ဆရာမင်းကျော်၊ ဆရာ အတောက်တော်လှအောင်၊ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



သော်တာဆွေတို့အကြောင်းကို ချစ်ခင်လွမ်းတ ရေးဖြစ်ခဲ့ပါတယ်။ ရေးဖို့ 'တေး'ထားတဲ့ ပုဂ္ဂိုလ်များလည်း အစီအရီပါ။ ဦးဝင်းဦး၊ ဦးမြတ်လေး၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာလင်းယုန်မောင်မောင် စသည်ဖြင့်။

ဒါပေမယ့် ဆက်မရေးဖြစ်ဘဲ ပြတ်တောက် ရပ်တဲ့သွားခဲ့ပါတယ်။ အဲဒါ ဘာဖြစ်လို့လဲလို့မေးရင် ဝေ့လည်လည်၊ ခရီးတွေ ထွက်နေတာ၊ အာရုံတွေပြားဝေဝါးနေတာ၊ ယာရာဝါသ သမ္မာဓေဟု ကိစ္စများမြောင် လူတို့ဘောင်ထဲ တဝဲလည်လည်ဖြစ်နေတာ စသည်ဖြင့် ဆင်ခြေဆင်လက် ဆင်ကိုယ်တွေနဲ့ မျက်မှောက်ပစ္စုပ္ပန်က မောပန်းမှုတွေ အောက်မှာ အတိတ်အလွမ်းများက မှိန်ဖျော့သွားခဲ့တာလည်း ရှိပါတယ်။ အများသုံးစကား"အရေတော့ ဈာန်မဝင်ဘူး ဆိုတာမျိုး။

ရှေးအတိတေ သာသနာပကာလ ရသေ့ကြီးများမှာတော့ ဈာန်ကသိုဏ်းကို ဖန်တီးဝင်စားကြတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့မှာတော့ (Inspiration)ခေါ်တဲ့ အဲဒီဈာန်ဆိုတာ သူ့ဘာသာ ဝင်လာတာရှိသလို၊ ကိုယ်က သွင်းရတာလည်း ရှိပါတယ်။ ကျွန်တော့်အဖြစ်(အမြင်)က မဝင်တဲ့ ဈာန်ကို ကြိုးစားပြီး မသွင်းတာပါပဲ၊ ငိုက်မျဉ်းမှေးစက်နေတဲ့လမိုင်းကို မနှိုးတာပါပဲ။ ဒီလိုနဲ့ ပြတ်တောက်သွားခဲ့ပါတယ်။ လယ်ယာစီးပွားသတင်းစာတည်းအဖွဲ့က ဖုန်းနဲ့ ကြိမ်ဖန်များစွာ လော်ဆော်ကြပါရဲ့။ ကောင်းပြီကောင်းရဲ့နဲ့ပြောပြီး တောင်တောင်အီအီ လုပ်နေတာက စာရေးသူပါ။

အဲဒီ ပျက်ကွက်မှုအတွက် "တောင်းပန်ပါတယ်"လို့ ပြောရုံနဲ့ မရဘူးထင်ပါတယ်။ ခွင့်လွှတ်ပါလို့ မတောင်းခံအပ်ဘူးထင်ပါတယ်။ ဒီတော့ သံယာများမှာ အာပတ်တစ်ခုခုသင့်ရင် သဲဒဏ်ရေဒဏ်ထမ်းတာတို့ ဒေသနာကြားတာတို့ လုပ်ပြီး 'ဖြေ'ရသလို ကိုယ့်အပြစ်ကို ဆေးကြောရပါတယ်။

ဆေးကြောနည်းကတော့ "ဆရာတို့ကိုသာ....လွမ်း" ကို ပြန်ရေးခြင်းသာ အကောင်းဆုံးပါ။ စောစောက ရဟန်းဥပမာနဲ့ပြောရရင် ရဟန်းဟာ ဘာပဲဖြစ်နေဖြစ်နေ ဂန္ထဓုရ၊ ဝိပဿနာဓုရကို လုပ်နေရမှာပဲ မဟုတ်လား။ မကျန်းမမာဖြစ်နေလို့ အိပ်ယာထဲ လဲနေရင်တောင်မှ ဝေဒနာနုပဿနာ



ရှုနေရမှာပဲ မဟုတ်လား။ ဒီတော့ စာရေးဆရာလည်း (ဘာပဲဖြစ်ဖြစ်) စာရေးနေရမှာပါပဲ။ ဘာကိုမှ ရမယ်ရှာ ယိုးမယ်ဖွဲ့ အကြောင်းမပြနဲ့ ရေးဒါပါပဲ။

သူ့ရဲ့ "ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ" ပြဇာတ်ကို မကြည့်ဖူးပေမယ့်၊ သူ့ရဲ့ မခင်နှင်းဆီ၊ မစ္စဝီစကီ၊ ကပြားမလေး ဂိုယာရမ်တို့ကို နားထောင်ဖူး၊ သူ့ရဲ့ ချွေးနှင့်သွေးနှင့် ရင်းသည့်မြေ၊ ငို၍ရယ်၍ မရသောမျက်နှာ၊ ဝမ်းနည်းဝမ်းသာ၊ ပန်းပန်လျက်ပါ စတဲ့ရုပ်ရှင်များကို ကြည့်ဖူး၊ နှစ်သက်စွဲလန်းခဲ့ဖူးတဲ့ ချာတိတ်တစ်ယောက်ဟာ ကာလတစ်ခုမှာ သူနဲ့ အတူတွဲပြီး စာပေဟောပြောပွဲခရီး ထွက်ခဲ့ရပါတယ်။

အချိန်ကာလက ၁၉၈၀ ဝန်းကျင်ပါ။ နေရာဒေသက အညာတစ်ခွင်။ "ဦးမြတ်"လို့ ကျွန်တော်တို့က ခေါ်ပါတယ်၊ သူက ကျွန်တော့်ကို 'ဖိုးချစ်'လို့ခေါ်ပြီးမှ "ဟား ချစ်ဆွေ၊ စန္ဒယားချစ်ဆွေကိုလည်း ငါက ဖိုးချစ်လို့ခေါ်တာကွ၊ မဖြစ်သေးဘူး၊ မင်းကို ဖိုးချစ်ခေါ်ရင် မင်းကို ပြောနေပေမယ့် ငါ့စိတ်က ချစ်ဆွေကို မြင်ယောင်နေမယ်၊ ဒီတော့ (သူ့ရဲ့မှုပိုင်အက်တင်မျက်ခုံးတစ်ဖက် အထက်တက်သွားပြီးတော့မှ ပြန်ကျလာပြီး)မောင်ချစ်ဦးပေါ့ကွာ" တဲ့။

ကျွန်တော့်ကို မောင်ချစ်ဦးလို့ခေါ်တာ သူတစ်ယောက်တည်းပါပဲ။ ခေါ်သူတော့မသိ၊ အခေါ်ခံရတဲ့ ကျွန်တော့်မှာဖြင့် အစ်ကိုကြီး အကြီးကြီးရဲ့ ခေါင်းကလေးအပွတ်ခံလိုက်ရတဲ့ ညီငယ်သေးသေးလေး တစ်ယောက်ပမာ အဲဒီလို အခေါ်ခံရတာကို 'ပျော်' သွားပါတော့တယ်။

အညာဒေသ မုံရွာ၊ ကြေးမုံ၊ ချောင်းဦးတစ်ဝိုက် စာပေဟောပြောပွဲထွက်ခဲ့ပါတယ်။ အတူပါလာသူများက ဆရာမြသန်းတင့်၊ ဆရာလင်းယုန်မောင်မောင်၊ ဆရာအောင်သင်းနဲ့ သူ ဦးမြတ်။ ဒီကြားထဲမှာ ချစ်ဦးညိုဟာ သေးသေးလေး ဖြစ်နေတော့တာပေါ့။ အဲဒီထဲမှာ အစ်ကိုကြီး ဦးမြတ်တမောင်ချစ်ဦးလို့ ခေါ်လိုက်ပြန်တော့ ပုလုသေးကွေးလေးလို့ ခံစားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ် ကျွန်တော့်ကို အသိအမှတ်ပြုထားပုံကလည်း တစ်မျိုးပါပဲ။ အဲဒီကာလတုန်းက(Odessa File)အမည်ရှိ ရုပ်ရှင်ကားတစ်ကား ပပဝင်းရုံ(အခုTrader's Hotelနေရာ)မှာဝင်ပါတယ်။ ဖရက်ဒရစ်ဖောဆစ်ရဲ့ဝတ္ထုကို ရိုက်ထားတာ ထင်တယ်။ အဲဒီကားကိုကြည့်။ သူ့ရဲ့ ကျောရိုးကိုယူပြီး (မဏိပူရပုရပိုက်)အမည်နဲ့ ကျွန်တော် ဝတ္ထုတစ်ပုဒ်ရေးလိုက်ပါတယ်။ (Odessa File)ကို မှီးတယ် ဘာညာလည်း ကျွန်တော် မပြောခဲ့ဘူး။ ကျောရိုးမှ တကယ့်ကျောရိုးလေး။ ကျန်တာတွေအားလုံး မြန်မာရာဇဝင်ခေတ်တစ်ခေတ်ထဲ သွင်းယူပြီး ရေးခဲ့တာပါ။ ဒါကို ဦးမြတ်ဖတ်မိသွားပြီး "ဟေ့၊ မင်းဝတ္ထု ငါ ဖတ်ပြီးပြီကွ၊ အိုဒက်ဆာဖိုင်ကို မင်း ယူပုံယူနည်းလှသားပဲ" လို့ တန်းခနဲ ပြောချလိုက်တာကလား။ အိုက်တင်မဟုတ်ဘဲ အလိုအလျောက် မျက်ခုံးပင့်တက်သွားရတာက ကျွန်တော်။ သူ မြင်တတ်လေခြင်း၊ မဏိပူရပုရပိုက်ဟာ (Odessa File)ကနေ ဆင့်ပွားတယ်ဆိုတာ ဘယ်သူမှ မသိ၊ သူပဲသိ။

နောက်တစ်ခုက(ထိုစဉ်က) အတွေးအမြင်စာစောင်မှာ 'အနှစ်သက်ဆုံးတေးများကို ခံစားခြင်း' ခေါင်းစီးနဲ့ ကျွန်တော် လေးငါးခြောက်ပုဒ်ရေးဖြစ်ခဲ့ပါတယ်။ အဲဒီထဲမှာ သူ့ရဲ့'မစ္စဝီစကီ' ပါတယ်။ ဒီသီချင်းကို ငယ်စဉ်ကတည်းက စွဲခဲ့တာလေ။ 'အဟောင်းပစ်လို အသစ်ရှာကြ၊ မေတ္တာ မမျှသည်၊ တခစ်ခစ် ရယ်စရာ ဒီကမ္ဘာမှာ အချစ်၊ အချစ်ဒီပနီ၊ အကြောင်းစစ်တော့ အဖြစ်နာသမျှ အပြစ်ရှာပြမည် အချစ်စစ်တည်ရာ ဒီမှာပါ မစ္စ... မစ္စဝီစကီ' အစချီ ဒီတေးကို ကျွန်တော်က နှစ်သက်စွဲလန်းသူ သောတရှင်စာရေးသမားနေရာကနေ ခံစားရေးဖွဲ့ပါတယ်။

စကားလုံးတစ်လုံးချင်း နဘေကာရန်ချိတ်ဆက် ယူပုံချင်း ဘယ်လိုကောင်းပုံ၊ အသွား(Melody)နဲ့ ဘယ်လို လိုက်ဖက်ပုံ၊ စိတ်ချဉ်ပေါက်နေတဲ့ အသည်းကွဲသမားရဲ့ ဝေဒနာဟစ်ကြွေးသံက ဘယ်လို လိုက်ဖက်ပုံ စသည်ဖြင့်ပေါ့လေ။ ယုတ်စွအဆုံး ဒီသီချင်းထဲမှာပါတဲ့ ထွီ၊ ထွီ... ဆိုတဲ့ တံတွေးထွေးသံကအစ ဘယ်လိုရသမြောက်ကြောင်း၊ ခွဲခြမ်းစိတ်ဖြာ ရေးခဲ့ပါတယ်။



ဦးမြတ်က အင်မတန် စာဖတ်သူလေ။ ဒီဆောင်းပါးကို သူ ဖတ်မိပြန်ရော။ ကျွန်တော့်ကို ပြောပြန်ရော။ "ဟေ့ကောင် မောင်ချစ်ဦး... ငါရဲ့ မစ္စဝီစကီဟာ ဒီလောက်ကောင်းမှန်း ငါ အစက မသိဘူးကွ"တဲ့။

အဲဒါဟာ အစ်ကိုကြီး ဦးမြတ်နဲ့ ကျွန်တော်တို့နှစ်ဦး ထိတွေ့ခင်မင်မှုရဲ့ အစနိဒါန်း ဖြစ်ပါတယ်။ ဒီခင်မင်မှု (ကျွန်တော့်ဘက်ကတော့ လေးစားချစ်ခင်မှု)နဲ့ သန္ဓေတည်ခဲ့ပြီး စာပေဟောပြောပွဲ ခရီးအတူ ထွက်ခွင့်ကြုံလာချိန်မှာတော့ ကျွန်တော့်အတွက်ပိုပြီး အံ့ဩစရာ၊ လေးစားချစ်ခင်စရာ မြတ်လေးရဲ့ ရုပ်ပုံလွှာကို ဆတ်ဆတ်မြင်ခွင့် ရလာခဲ့ပါတော့တယ်။ သူ့အကြောင်းရေးဖို့ သူ့ကို ဘယ်လို ဝိသေသပြုရမလဲ စဉ်းစားလိုက်တော့ အခုခေါင်းစီးတပ်ထားသလိုပဲ (တကယ်ပြည်သူချစ်သော အနုပညာသည်) ဆိုတဲ့စကားလုံး ထွက်လာပါတယ်။

တကယ်ကို ပြည်သူချစ်တဲ့ အနုပညာသည်ပါ။

✯

အညာဘက်ဟောပြောပွဲထွက်ခဲ့ကြတဲ့ကားပေါ်မှာ ဆရာမြ(မြသန်းတင့်)နဲ့ သူ(ဦးမြတ်)တို့ စကားအချီအချ ပြောကြတာကို ကျွန်တော် နားထောင်ကောင်းကောင်းနဲ့ နားထောင်နေမိတော့တယ်။ စာပေ၊ ဂီတ၊ ရုပ်ရှင်အကြောင်းတွေပြောကြရင်းနဲ့ တစ်ချက်မှာတော့ ဆရာမြက ခပ်စပ်စပ်လေး ပြောလိုက်ပါတယ်။ "ဖိုးမြတ်၊ မောင်ရင်က ရန်ကုန်မြို့ထဲ လမ်းတကာလျှောက်သွားပြီး၊ အာပဲထုနေတယ်၊ လေထဲမှာ ပျောက်သွားတယ်၊ နှမြောစရာကောင်းတာပေါ့၊ မောင်ရင် အပြောလျှော့ပြီး အဲဒါတွေကို စာရေးရင်ကောင်းတယ်"တဲ့။

အားလုံးသိကြပါတယ်။ ဦးမြတ်ဟာ ရန်ကုန်မြို့ထဲ ၃၃လမ်း၊ ၃၄လမ်း၊ ပန်းဆိုးတန်း၊ မဟာဗန္ဓုလလမ်းနဲ့ သူရှိုးခန်း(လေးငှင်အပေါင်း ရုပ်ရှင်)ဖွင့်ထားတဲ့ ဆိပ်ကမ်းသာလမ်းတွေမှာ ဟိုဝင်ဒီထွက် ဟိုဘက်လက်ဖက်ရည်ဆိုင်၊ ဒီလှေကားခုံတွေမှာထိုင်၊ တစ်ခါတစ်ရံ လမ်းဘေး

www.burmeseclassic.com



ပလက်ဖောင်းမှာပဲ မိုးတိုးမတ်တတ်နဲ့ စကားတွေတဖောင်ဖောင် ပြောတတ်တယ်လေ။ ရုပ်ရှင်ကျွမ်းကျင်တဲ့ ဦးမြတ်ရဲ့ ခရားရေလွှတ်တတွတ်တွတ်စကားတွေက ဒါရိုက်တာ ဘွန်ဒါချွတ်၊ မာလွန်ဘရန်ဒို၊ (သူ့အခေါ်)ဆတျာဂျစ်ဒရေး၊ အိုင်စင်စတိန်၊ ဗီလျံဝိုင်းလားစတဲ့ ရုရှား၊ အမေရိကန်၊ အိန္ဒိယရုပ်ရှင်ဒါရိုက်တာ၊ မင်းသားတွေ အကြောင်းပါပဲ။ သူ့စကားလုံးတွေကိုနားထောင်ရတာဟာ လေတိုက်လို့ ဒရစပ် တဖျပ်ဖျပ်လန်သွားတဲ့ စာအုပ်တစ်အုပ်ရဲ့စာမျက်နှာတွေကို အမိဖမ်း ဖတ်ရတဲ့အတိုင်း သူမို့ သိပါပေ့။ သူမို့ ပြောနိုင်ပါပေ့။ နားထောင်ရသူက ပြောသူကို လိုက်မမီနိုင်ဘူး။

ဆရာမြက ဒါကို ရည်ညွှန်းပြီး ပြောချလိုက်တာ။ ဒီတော့ ဦးမြတ်ကလဲ ပက်ခနဲ "ကိုမြသန်း ကျုပ်က စာရေးဆရာ မဟုတ်ဘူး၊ ဒါကြောင့်စာမရေးတာဟာ ကျုပ် အပြစ်ကျူးလွန်တာမဟုတ်၊ မြတ်လေးက ရေးချင်မှရေးမယ်။ မရေးချင် မရေးဘူး၊ မြတ်လေးရေးတဲ့စာလဲ လူအများစု ဖတ်တာမဟုတ်။ ခင်ဗျားပြောသလို လေထဲပျောက်သွားရင်လဲ မြတ်လေးကမနှမြော၊ ခင်ဗျားတို့သာ ကိုယ့်ဘာသာကိုယ် တာဝန်ပေးပြီး စာရေးကြ၊ဖတ်ကြ။ မြတ်လေးက နေသာသပ လေညာက" အဲဒီလို စကားလုံးနီးပါးဒိုင်ယာလော့တွေကို (ဝမ်းနည်းဝမ်းသာ) ထဲမှာ သူပြောခဲ့တဲ့ လေသံ အပူအအေး၊ အတက်အကျ ပုံစံမျိုးနဲ့ ပြောချသွားပါတယ်။ ဆရာမြလည်း "မောင်ရင့်နှယ်ကွာ"လို့ပဲ ညည်းနိုင်ပါတော့တယ်။

ဒီလိုနဲ့ သာစည်လား၊ ဘယ်မြို့လဲ အတိအကျ မမှတ်မိတော့ပါ။ ညဘက် ဟောပြောပွဲလုပ်ကြတော့ အစဉ်အတိုင်း မြသန်းတင့်၊ ချစ်ဦးညို၊ မြတ်လေး၊ အောင်သင်းတို့ ဟောကြပါတယ်။ တတိယ သူ့အလှည့်ပြီးတော့ ညဉ့်သန်းခေါင်၊ နောက်ဆုံးဟောမှာက ဆရာအောင်သင်း၊ ခေတ်စကားနဲ့ ပြောရရင် ဆရာအောင်သင်း ဖီးငုပ်နေပါပြီ။ ပရိသတ်ကလည်း နည်းနည်းအီလာပြီလေ၊ မြတ်လေး ဟောပြီးပြီဆိုတော့ (CLIMAX) ကလည်း ရောက်သွားပြီပေါ့။



ဆရာအောင်သင်းဟာ စင်ပေါ်မတက်ခင်ကတည်းက ကျွန်တော့်ကို ပြောနေခဲ့တယ်။ ကျုပ် မဟောချင်တော့ဘူးဗျာ၊ စိတ်မပါတော့ဘူးတဲ့။ ဒီလိုနဲ့ ဆရာသင်း စင်ပေါ်ရောက်တော့ ဆရာသင်းက မျက်နှာကြီးမှုန်အုံ့အုံ့နဲ့ လေကလဲ အောက်လေကြီးနဲ့ "ကျွန်တော် ဟောလို့သာ ဟောရမှာ၊ စိတ်ကမပါဘူး" လို့ မိုက်ကရိုဖုန်းနားကပ်ပြီး ပြောချလိုက်ပါလေရော၊ ပရိတ်သတ်လဲ ကြောင်အမ်းအမ်းကြီးပေ့ါ။ (အမှန်တော့ ဆရာသင်း ဖီးငုပ်လို့ငုပ်နေတာပါ။ သူ့ကို စောင့်နေတဲ့ ပရိတ်သတ်ရှိပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ၊ ရှေ့က သုံးယောက် ဟောပြီးသွားတော့ ပရိတ်သတ်ထဲမှာလဲ ထပြန်သူ အပြင်ခဏထွက်သူနဲ့ လှုပ်လှုပ်ရွရွဖြစ်နေခဲ့တယ်။)

အဲဒီလိုကြီး ဖြစ်နေတုန်းမှာ သူ(ဦးမြတ်) ရှေ့ဆုံးခုံတန်းမှာ ထိုင်နေရာက လှမ်းတဲ့ပြီး စင်ပေါ်ကို လှမ်းအော်ပြောတယ်။ သူ့အသံကြီးကို တစ်ရုံလုံးကြားရတယ်။

"ဗျို့ ကိုအောင်သင်း ဘာလဲဗျာ ဟောမှာဟောစမ်းပါ။ ကျုပ်တခင်ဗျားဟောတာကို နားထောင်ဖို့ မောင်းတင်ထားတာဗျ။ ဘယ်သူမှ နားမထောင်ချင်နေ မြတ်လေး နားထောင်မယ် လုပ်စမ်းပါဗျ"တဲ့။ ဒီစကားဟာ စင်ပေါ်က ဆရာအောင်သင်းကိုကော၊ ပရိသတ်ကိုပါ နှိုးဆွပေးရာ ရောက်သွားခဲ့ပါတယ်။ လှုပ်လှုပ်ရွရွ ပရိသတ်ဟာ ငြိမ်သွားတယ်။ ထပြန် ပြင်သွားတွေပြန်ထိုင်။ လျော့တိလျော့ရဲ ပရိသတ်တွေ ပြန်စွင့်မတ်။

ဆရာအောင်သင်းလဲ ကိုင်း၊ လာလေ့ပေါ့၊ ဟောချလိုက်တာ မြန်တော့မယ်ဆိုပြီး အပြင်ရောက်နေတဲ့ ပရိတ်သတ်တွေတောင် ရုံထဲပြန်လှိမ့်ဝင်လာလိုက်တာ အလွန်လှပတဲ့ ပွဲတစ်ပွဲဖြစ်သွားပါတယ်။ ပွဲပြီးလို့ တည်းရမယ့်နေရာ ပြန်ရောက်တော့ ဆရာသင်းက "ကိုမြတ်လေးရာ" ဘာညာနဲ့ ကျေးဇူးတင်စကား ပြောဖို့လုပ်တော့ ဦးမြတ်က သူလုပ်ခဲ့တာ မဟုတ်သလို အတိုင်းရှုကြီးနဲ့။ အမှန်ကလည်း ပွဲကို သူ တမင်လှန့်တာ မဟုတ်ပါဘူး ဒစ်ပလိုမေစီသုံးတာ မဟုတ်ဘူး၊ သူတကယ်ကို ဆရာအောင်သင်း ဟောတာ နားထောင်ချင်လို့ လှမ်းအော်ပြောလိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပွဲကတော့ မုံရွေး၊ ကြေးမုံ၊ အလုံ၊ ချောင်းဦးဒေသ ဒီလေးခုထဲက တစ်ခုဖြစ်ပါတယ်။ အတိအကျ မမှတ်မိတော့ပါ။ ပွဲက နေ့ပွဲ ဘုန်းကြီးကျောင်းဇရပ်ထဲမှာ ပရိသတ်အများစုက ကလေးပရိသတ်၊ ထုံးစံအတိုင်း ကျွမ်းထိုး၊ ရန်ဖြစ်၊ ဆော့ကစား၊ ဘယ်သူဘယ်ဝါရေ အော်ခေါ်ပေါ့။ ဒီပွဲမှာ မြသန်းတင့်၊ အောင်သင်း၊ ချစ်ဦးညို ဘယ်သူမှ တိုးလို့မရနိုင်ဘူးဆိုတာ အားလုံးသဘောပေါက်ကြတယ်။

ဆရာမြက ဖိုးမြတ်၊ မောင်ရင်ပဲ ဟောတော့ကွာတဲ့၊ ဆရာသင်းကလဲ ကိုမြတ်လေး ခင်ဗျားပဲထိန်းလို့ရမှာတဲ့၊ သူကလဲ ကျုပ် ဘာဟောရမှာတုန်းတဲ့။ ဟောချင်တာ ဟောပေါ့ကွာလို့ ဆရာမြက ပြောပါတယ်။ ဝိုင်းတိုက်တွန်းကြလို့ သူ စင်ပေါ်တက်သွားတယ်။ မြတ်လေးဆိုတာကြီးကို အကောင်အထည်လိုက် အရှင်လတ်လတ်ဆိုတာလို တွေ့လိုက်ကြရတော့ ဆူနေတဲ့ ကလေးတွေကို လူကြီးတွေက ငေါက်ငမ်းထိန်းလိုက်ကြပါတယ်။

သူ ဘာဟောမလဲ၊ ကျွန်တော်တို့အားလုံး စိတ်ဝင်တစား နားစွင့်လို့။

ဆရာမြကတော့ "အိုင်စင်စတိန်းတို့ ဘွန်ဒါချွတ်တို့ လုပ်ရင်တော့ ဖိုးမြတ်ကွဲပြီ၊ ဒီကလူတွေ ဘာမှ နားလည်ကြမှာ မဟုတ်ဘူး"လို့ ခပ်တိုးတိုး ပြောပါတယ်။ သူက သူ့ကိုယ်ပိုင် မျက်ခုံးတစ်ဖက်ပင့် (အမှန်တော့ နှစ်ဖက်စလုံးပင့်တာပါ၊ တစ်ဖက်က ယောင်ယောင်လေး ပိုမြင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။) ကြေနေတဲ့ တိုက်ပုံအိတ်ထဲ လက်စုံနှိုက်၊ သွားပေါ် ရုံမျှပြုံး၊ ဆံပင်ခွေနွယ်က နဖူးပေါ် တွဲလောင်းကလေးနဲ့ ဝမ်းနည်းဝမ်းသာဇာတ်ကား၊ လွတ်လပ်ရေးကျောက်တိုင်ရှေ့က ကဗျာဆရာဇာတ်လိုက်ပုံလေ။

ပြုံးပြုံးရယ်ရယ်နဲ့ သူစဖွင့်လိုက်တဲ့ ပဏာမ စကားက၊

"အမှန်က ကျွန်တော့် အလှည့်မဟုတ်ဘူးဗျ ကိုမြသန်းရယ်၊ ကိုအောင်သင်းရယ်၊ ဟိုကောင် မောင်ချစ်ဦးလဲပါတယ်။ သူတို့ တွန်းတင်လိုက်ကြလို့ ကျွန်တော်ရောက်လာတာ။ ကိုင်း ဘာတွေ ပြောကြ၊ နားထောင်ကြမတုန်း" ပရိသတ်ကလဲ (အထူးသဖြင့် ကလေးတွေ) ဘာမှန်း



မသိနိုင်အောင် ရောထွေးနေတဲ့ အသံမျိုးစုံနဲ့ အောက်က လှမ်းအော်ပြောကြတယ်။ ကျွန်တော်တို့သာဆိုရင် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိနဲ့ ပုံပျက်ပန်းပျက်ဖြစ်နေမှာပဲ။ သူကတော့ မဟုတ်ပေါင်။ ပရိတ်သတ်ထဲမှာ သူ့ရဲ့ ကြက်အပေါင်းအသင်းတွေ ရှိနေတာကလား (ရောက်လေရာရာ တိုက်ကြက်ကောင်း အရှာထွက်တတ်တာကိုလဲ ပြောပြပါဦးမယ်။) အဲဒီလူတွေရဲ့ နာမည်လှမ်းခေါ် လိုက်၊ ရယ်လိုက်နဲ့ဟုတ်လို့။

အဲဒီလို ပျော်စရာ ဝရုန်းသုန်းကားကြီးကနေ ဘယ်လိုက ဘယ်လို လမ်းကြောင်းတည့်သွားသလဲ မသိပါဘူး။ ဘတင့်နဲ့ခင်မောင်ရင်တို့ အကြောင်း သူ စပြောပါတယ်။ အဲဒီကနေ စလိုက်တာ (ထိုစဉ်က ရေပန်းစားဆဲ) ကျော်ဟိန်း၊ ဆိုးပေ၊ မောင်မဲ... အထိ။ လားလား အမှတ်မထင်ကနေ အံ့သြဖွယ်၊ စိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ခုကို သူ ကျကျနနကြီး ဟောနေတော့တာပါလား။

သူ့ဟောပြောချက်ကို ဘာခေါင်းစဉ်မှ မတပ်ပါဘူး။ ဒါပေမယ့် နားထောင်ရင်းနဲ့ ကျွန်တော်က ခေါင်းစဉ်ပေးလိုက်ပါတယ်။ "မြန်မာ့ရုပ်ရှင်မင်းသားများ၏ အမူအရာ သမိုင်း"။

အလွန်ထူးဆန်းတဲ့ဖြစ်ရပ်ပါ ဆရာမြတို့၊ ဆရာအောင်သင်းတို့လည်းမှင်တက်မိ၊ အံ့သြကျေနပ်စွာနဲ့ နားစိုက်ထောင်နေကြတယ်။ ဦးမြတ် ဘယ်လို လုပ်ပြီး ဒီအကြောင်း ဟောဖြစ်သွားပါလိမ့်။ စဉ်းစားကြည့်ပေါ့။ ဘတင့်၊ ခင်မောင်ရင်၊ ချစ်ဆွေ၊ ရွှေဘ၊ ကျော်ဆွေ၊ ဇေယျ၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ဝင်းဦး၊ ညွန့်ဝင်း၊ ကျော်ဟိန်း၊ ဆိုးပေ၊ မောင်မဲအထိ ရုပ်ရှင်မင်းသားတွေရဲ့ အမူအရာသဘောကို ပါးစပ်ကလည်းရှင်းပြ၊ အမူအရာလည်း လုပ်ပြ။

ဘယ်လောက် အံ့သြစရာအဖြစ်ပါလဲ။ မြတ်လေးဆိုတဲ့ မင်းသားတစ်ယောက်ကနေပြီး အခြားမင်းသားများရဲ့ ကိုယ်ပိုင်သီးခြားအမူအရာတွေကို သဘောတရားနဲ့ ရှင်းပြရုံတင်မက ဟောဒီလို ဟောဒီလိုဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် လုပ်ပြတာကလား။ မင်းသားတစ်ယောက်က အခြားမင်းသား တွေရဲ့ အမူအရာကို ပြောပြ၊ ရှင်းပြ၊ လုပ်ပြတဲ့အဖြစ်ဟာ မရှိသလောက် ရှားမယ် ထင်ပါတယ်။

အဲဒီအမူအရာ (အိုက်တင်)တွေကလဲ တူမှတူ၊ ဘတင့်ရဲ့အကြည့် မျက်တောင်ခတ်ပုံ၊ ခင်မောင်ရင်ရဲ့ အရယ်၊ အလွမ်း၊ ကျော်ဆွေရဲ့ မပွင့်တပွင့်ပုံ၊ ဖေယျရဲ့.... ၊ ကော်လိပ်ဂျင်နေဝင်းရဲ့....၊ ဝင်းဦးရဲ့.... အဲဒီ (SIGNIFICANT ACTING)တွေကို အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြ လုပ်ပြတာပါ။

နှစ်နာရီလောက် သူ ဟောပါတယ်။ ပရိသတ်ကြီးကလည်း ကြိုက်လိုက်ကြတာ ကျွန်တော် (တို့) အချင်းချင်းဆိုတာတော့ ပြောမနေနဲ့တော့။ ဆရာမြက ဖိုးမြတ် ကွန်ဂရက်ကျူလေးရှင်း၊ ဆရာအောင်သင်းက ဟော လိုက်ကြီး ကောင်းလိုက်တာဗျာ၊ သူကတော့ ပုံမှန်အရယ်နဲ့ "တစ်ခါမှလဲ ဒါမျိုး မပြောဖူးပေါင်ဗျာ၊ ပြောဖို့လဲ စီစဉ်ထားတာမရှိ၊ ဘယ်လိုကနေ ဘယ်လို ထွက်သွားမှန်း မသိဘူး"တဲ့။

ကျွန်တော်က အလွန်လေးနက်စွာ "ဦးမြတ်၊ ဒီဟောပြောချက်ကို မြန်မာရုပ်ရှင်မင်းသားများ၏ အမူအရာသမိုင်းဆိုပြီး စာရေးဖို့ကောင်းတယ်"လို့ ပြောတော့ မျက်တောင်ကြီးစင်းတဲ့ပြီး "မင်းရေးပေါ့ကွာ"တဲ့။

ကျွန်တော်ရေးဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် သူဟောပြောခဲ့သလို တော့ မဟုတ်ပါ။ (MOSCOW DOES NOT BELIEVE IN TEARS) ဆိုတဲ့ ရုပ်ရှင်ကားအမည်ကို သဘောကျလို့ (မြိုင်သာယာသည် မျက်ရည်ကို အလိုမရှိ) နာမည်နဲ့ရေးတဲ့ ဝတ္ထုထဲမှာ တစ်စိတ်တစ်ပိုင်း အဖြစ် ထည့်ရေးတာပါ။

ဦးမြတ်လေးက တခြားမြန်မာ့ရုပ်ရှင်မင်းသားများရဲ့ အမူအရာကို လုပ်ပြတယ်ဆိုတဲ့နေရာမှာ အလေးအနက်ထပ်ပြောပြစရာ တစ်ခုရှိပါ တယ်။ အဲဒီလို အမူအရာတွေ လုပ်ပြတာဟာ၊ လူရွှင်တော်အချို့ အသံတု လုပ်ပြသလို၊ အိုက်တင် အတုလုပ်ပြသလို ဟာသဖောက်တာ မဟုတ်ပါ



ဘူး။ ပွဲကျပြက်လုံး ထုတ်တာမဟုတ်ပါဘူး။

အိုက်တင်တစ်ခု ဘယ်လို ဖြစ်ပေါ်လာသလဲ၊ အဲဒီမင်းသားရဲ့ ဘက်ဂရောင်းက ဘာလဲ၊ သူ ဘယ် 'စကူး' (School) ကလဲ၊ သူ့ဘာကို အားသန်သလဲ စတဲ့ နောက်ခံ သဘောတရားတွေကိုပါ ရှင်းပြတာပါ။ ဥပမာ ဘတင့် မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်တာ၊ ခင်မောင်ရင် မစေ့ တစေ့ရယ်တာ၊ ကျော်ဆွေ နှာသံနဲ့စကားပြောရင်း ကိုယ်ခန္ဓာလှုပ်ရှားမှုကို ကြည့်ကောင်းအောင် ဘယ်လိုလုပ်တာ၊ ကောလိပ်ဂျင်နေဝင်း စကားတစ် ခွန်းကို နှစ်ခါသုံးခါ ထပ်ထပ်ပြောတာ၊ ဝင်းဦး ဘယ်လို မျက်လုံးကစား တာ၊ ကျော်ဟိန်း ဘယ်လို ကိုယ်ခန္ဓာအချိုးဆက်ကို ကောက်ကြောင်းကွေး တွန့်တာ စတဲ့ ကိုယ်ပိုင် ထူးခြားချက် အိုက်တင်တွေကို ဘာကြောင့် ဘယ်လို ဘယ်သို့ အခြေခံများနဲ့ ရှင်းပြခြင်းဖြစ်ပါတယ်။ အဲဒီလို ရှင်းပြပြီး ကိုယ်တိုင်လုပ်ပြလိုက်တာဟာလဲ အံ့သြစရာ မြတ်လေးပျောက်ပြီး အခြား မင်းသားအိုက်တင်တွေ ပေါ်လာပါတယ်။

သူ့ကိုယ်သူလဲ သုံးသပ်ပြတယ်။ ရုပ်ကမရှိ၊ ဘော်ဒီအချိုးက သိပ် မကျ၊ ဒီအထဲ အမြဲလိုလို တိုက်ပုံဝတ်တာမို့ မွန်ပြည်နယ် ပရိသတ်တွေက (ဇလိုက်ပုံးက တိုက်ပုံးနဲ့စိတ်ကုန်း) (ဇာတ်လိုက်ပုံက တိုက်ပုံနဲ့စိတ်ကုန် တယ်) လို့ပြောကြတာ။ ပြဇာတ်၊ သီချင်း၊ ဝတ္ထုရေးသူဆိုတော့ စကားလုံး တွေကို အားပြုရင်း ဒိုင်ယာလော့ခ်အရှည်ကြီးတွေ ပြောဖြစ်တာလို့ရှင်းပြ တယ်။

တကယ်အဖိုးတန်တဲ့ ဟောပြောချက်ပါပဲ။ မြန်မာရုပ်ရှင်မင်းသား များ၏ အမူအရာသမိုင်းကို အကြောင်းနဲ့ အကျိုးနဲ့ ဆက်စပ်ပြပုံဟာ မြန်မာ့ ရုပ်ရှင် သမိုင်းစဉ် ရုပ်ပုံလွှာတစ်ခုပဲ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် မျက်လုံး၊ မျက်နှာ၊ ကိုယ်ခန္ဓာ၊ လက်၊ ခြေ အစိတ်အပိုင်းများဆီက အိုက်တင် တွေ ဘယ်လိုထွက်ပေါ်လာတယ်၊ ဘာကြောင့် ထွက်ပေါ်လာတယ်ဆိုတာ တွေကို ရှင်းပြတဲ့ "အမူအရာ၊ သဘောတရား"ပဲ ဖြစ်ပါတယ်။ ခုနေခါ ရုပ်ရှင်သင်တန်းတွေဖွင့်ပြီး ဆိုင်ရာဆရာများ အလှည့်ကျ သင်ကြားပို့ချ

www.burmeseclassic.com

www.burmeseclassic.com



နေတာ ကြားရတော့ သူ့ကို အထူးလွမ်းမိပါတော့တယ်။ သူသာ ရှိနေတယ် ဆိုရင် အဲဒီ ဟောပြောချက်ကိုသာ သူပို့ချရင် အင်မတန်ကို တန်ဖိုးရှိတဲ့ လက်ချာတွေဖြစ်မှာ မုချပါပဲ။

နောက်တစ်ခု ဟောပြောပွဲခရီးနောက်ခံမှာ ထင်းခနဲပေါ်နေတဲ့ သူ့ ရုပ်ပုံလွှာတစ်ချပ်အကြောင်း ပြောချင်ပါသေးတယ်။ ကျွန်တော်တို့ ခရီးဟာ အညာမြေလတ်တစ်ခွင်ပါ။ မုံရွာ၊ ပခုက္ကူ၊ မြင်းခြံတစ်ဝိုက် ရွာစဉ် တွေ လှည့်ခဲ့ကြရာမှာ ဦးမြတ်က ဟောပြောပွဲထွက်တဲ့ စာရေးဆရာနဲ့ မတူဘူး ရုပ်ရှင်မင်းသား၊ ဒါရိုက်တာနဲ့လဲ မတူဘူး၊ သူ့ကြည်ရတာ အညာက ဆွေမျိုးတွေဆီ ခဏအလည်ရောက်လာတဲ့ အညာသားကြီးလို ဖြစ်နေပါ တော့တယ်။

တိုက်ပုံတွန့်ကြေ၊ တစ်ခါတလေ ရှပ်အင်္ကျီကြီး အပြင်ထုတ် ဖိုးရိုး ဖားရား၊ တစ်ခါတစ်ရံ တဘက်အဝါကြီး လည်ပင်းစုံချလို့ ရွာရိုးကိုးပေါက် လျှောက်သွားနေတယ်။ လမ်းခုလပ် လက်ဖက်ရည်သောက် မုန့်စားဖို့ ခေတ္တ ရပ်ချိန်မှာလဲ ဖြတ်သွားကြတဲ့ ဒေသခံရွာသားတွေကို လှမ်းလှမ်းနှုတ်ဆက် လိုက်ပုံက "ဟေ့ ဘယ်သူ ဘယ်ဝါ ရှိသေးလား" ဘယ်သူကော အရင် အလုပ်ပဲလား" "ကျုပ် မဝင်တော့ဘူးလို့ ဘယ်သူ့ကို ပြောလိုက်ဗျို့" ဆိုတဲ့ စကားတွေနဲ့ နာမည်တွေကို တပ်တပ်ပြီး ပြောတာကလား။

ကျွန်တော်တို့က တည်းခိုရာမှာနားနေခိုက် သူက တစ်ယောက် တည်း ပျောက်ပျောက်သွားတတ်သေးတယ်။ ပြန်လာတော့ ဘယ်လိုပြော တယ် မှတ်ပါသလဲ၊ "တိုက်ကြက်ကောင်းကောင်းရှိတဲ့ ရွာကိုသွားတာဗျ၊ အဲဒီမှာ ကြက်ချန်ပီယံကို... ဆိုတာ ရှိတယ်။ ကျုပ်က တိုက်ကြက်ရှာရင်း ဒီဘက်တွေထိ ရောက်ခဲ့တာ တစ်ရွာလုံး အသိချည်းပဲ"တဲ့။

သူက သိရုံတွင်မဟုတ်ပါ။ ဒေသခံရွာတွေကလည်း မင်းသားကြီး၊ မင်းသားကြီးဆိုပြီး သူ့ကို အယ်လဲဝမ်းသာ နှုတ်ဆက်ကြ ပြုကြနဲ့ သူတို့ ချင်းတွေ့ပြီး စကားပြောကြပြီဆိုရင် ကျွန်တော်တို့တစ်တွေမှာ ဘာသာ စကား အစိမ်းတစ်ခုကို နားထောင်နေရသလို ဘာတစ်လုံးမှ ဝင်မပြောနိုင်



ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်ရွာက ဘယ်သူဆုံးသွားတာ၊ ဘယ်သူ့ သားက ဘယ်သူ့သမီးနဲ့ရတာ၊ ဘယ်ကြက်ကို ဘယ်လိုဈေးကောင်းနဲ့ ရလိုက်တာ၊ ဘယ်နေ့က ဘယ်ရွာမှာ ဘယ်လို ကြက်ပွဲကောင်းခဲ့တာ၊ ဘယ် သူ့ကြက်ကို ဘယ်လောက်နဲ့ရောင်းလိုက်တာ၊ ဒါမျိုးတွေလေ။

စာပေ၊ ရုပ်ရှင်၊ ဂီတ ဘာတစ်ခုမှ မပြောကြပါဘူး။ ရုပ်ဓလေ့ရွာ ဓလေ့၊ ကြက်ဓလေ့ ဒါတွေချည်းပါ။ မင်းသားမြတ်လေးဆိုပြီး သူ့ဆီ ဝိုင်းအုံ ကြတာမဟုတ်။ သူတို့ရဲ့ ကြက်မိတ်ဆွေဟောင်း အပေါင်းအသင်းကြီးနဲ့ လာတွေ့ကြ ပြောကြဆိုကြတာပါ၊ ဒေသခံတွေ ပြန်သွားတော့လဲ သူက ကျွန်တော်တို့ကို အဲဒီအကြောင်းတွေပဲ ပြန်ပြောပြတာဟာ အာပေါင် အာရင်းနဲ့၊ ကျွန်တော်တို့မှာတော့ စာပေသီဝရီတွေ၊ စာပေလောက အခြေ အနေတွေကို ဘေးချိတ်ထားပြီး သူ့ရဲ့ အဲဒီတောနံ့သင်းသင်း လတ်ဆတ် သော စကားလုံးတွေကို နားလည်တစ်ချက် မလည်တစ်ချက်နဲ့ နားထောင် ကြရတော့တယ်။

ဒါမျိုးဟာ တစ်နယ်တည်း၊ တစ်ရွာတည်း မဟုတ်ပါ။ ခရီးစဉ်တစ် လျှောက်၊ ရွာစဉ်တစ်လျှောက်ဖြစ်ပါတယ်။ သူမှီသိပါပေ့။ တွေ့ပါပေ့၊ ပြော နိုင်ပါပေ့။ ဒီအချိန်မျိုးမှာတော့ ဦးမြတ်ဟာ ရန်ကုန်ဆိပ်ကမ်းသာလမ်း၊ လေးနှင့်အပေါင်းရုံးခန်းထဲက မြတ်လေး၊ ၃၃လမ်း၊ အနော်ရထာလမ်း ပန်းဆိုးတန်းလမ်း ပလက်ဖောင်း၊ လက်ဖက်ရည်ဆိုင်တွေက မြတ်လေး မဟုတ်တော့ပါ။ ဘွန်ဒါချွတ်၊ ကူရိုဆားဝါး၊ မာလွန်ဘရန်ဒို၊ ဂရစ်ဖစ် အိုင်စင်စတိန်း အကြောင်းတွေ ပြောနေတဲ့ မြို့ပြမြတ်လေး မဟုတ်တော့ပါ။ ကျေးတောသားကြီး မြတ်လေး၊ ရွာစဉ်တရိုး ကိုးကုန်းကိုးကျင်းလျှောက် သွားနေတဲ့ ကြက်သမားကြီး မြတ်လေး ဖြစ်သွားပါတော့တယ်။

သူကွယ်လွန်ခါနီး နောက်ဆုံးမိနစ်၊ စက္ကန့်များမှာ ဆေးရုံ၊ ဆေး ခန်းထဲမှာ သူခုတင်ခြေရင်းမှာ၊ မြောနေရှာတဲ့ သူ့ကိုကြည့်ရင်း သူ့မောင်နဲ့ ကျွန်တော် နှစ်ယောက်သား သူကြားနိုင်လေမည် မျှော်လင့်ချက်လေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပဌာန်းနဲ့ဂုဏ်တော်ကို တရစပ်ရွတ်ရင်းနဲ့ပဲ အဲဒီရုပ်ပုံလွှာတွေက ခေါင်းထဲ အစီအရီပေါ်လာပြီး ရှိုက်သံကို ဖိနှိမ်လို့၊ မျက်ရည်တွေတွေကျလို့ သူ့ကို နှုတ်ဆက်၊ လက်လွှတ်လိုက်ကြရပါတယ်။

ဩော် ဦးမြတ်….၊ သူ့စာ၊ သူ့သီချင်း၊ သူ့ရုပ်ရှင်၊ သူ့ပြဇာတ်၊ သူ့ဆောင်းပါး၊ ဝတ္ထု… သူ့လှုပ်ရှားမှုတွေကို အောက်မေ့ဆင်ခြင်မိလိုက်တိုင်း သူဟာ (တကယ့်)ပြည်သူ့အနုပညာသည်ပါလား… လို့ လေးစားလွမ်းတရပါတော့တယ်။

★ ★ ★

## ဂီတဖြင့် စာပေတံခါးဖွင့်သူ

(သို့မဟုတ်)

## ဝင်းဦး

ဖြူနီညိုပြာနဲ့ စန္ဒာဟာ တစ်နှစ်၊ တစ်လ၊ တစ်နေ့တည်း (၁၉၆၉၊ ဧပြီ၊ မြန်မာနှစ်ဆန်း ၁ရက်နေ့)မှာ ပြိုင်တူထွက်ခဲ့ကြတယ်။ မှတ်တမ်းအရ ဒီမဂ္ဂဇင်းနှစ်စောင် တက်ညီလက်ညီရှိခဲ့ရာမှာ စန္ဒာက စောင်ရေ ၁၆၀၀၀ ကျော်၊ ဖြူနီညိုပြာက ၁၄၀၀၀ကျော်အထိ ထုတ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

စန္ဒာအကြောင်း စမိလေတော့ (ကို)ဝင်းဦးကိုပါ ဆက်ရေးဖို့ ဖြစ်လာပါတယ်။ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက်လည်းဖြစ်တဲ့ ကိုဝင်းဦးရဲ့ ရုပ်ပုံလွှာတစ်ခုကို ဟောဒီ 'ဆရာတို့ကိုသာ… လွမ်း' ရဲ့ စာပေဟောပြောပွဲနောက်ခံ ဘက်ဂရောင်းမှာ စုတ်တစ်ချက်တို့စရာ ပေါ်လာပါတော့တယ်။

အချိန်က ၁၉၈၀ ဝန်းကျင်၊ နေရာက မြေလတ်ဒေသ ရေနံချောင်းမြို့ရဲ့ ဘန်ဂလို ပေါ်တီကို၊ ပူပြင်းတဲ့ နေ့ခင်း သုံးနာရီကျော်မှာ နှံအလုံ ပိတ်ထားတဲ့ ဆလွန်းကားတစ်စင်းဟာ ဖုန်တထောင်းထောင်းနဲ့

www.burmeseclassic.com



မောကြီးပန်းကြီး ထိုးဆိုက်လာခဲ့တယ်။ ပေါ်တီကိုအောက် ခင်းပေးထားတဲ့ ထိုင်ခုံတွေမှာ ထိုင်နေကြသူတွေက ဆရာကျော်အောင်၊ ဆရာမင်းကျော်၊ ဆရာမောင်ဆုရှင်၊ ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)နဲ့ ချစ်ဦးညို။

ကားပေါ်က ဆင်းလာသူတွေက ဆရာမြသန်းတင့်၊ ဆရာမောင်နေဝင်းနဲ့ သူ ကိုဝင်းဦး။ ဘောင်းဘီရှည်ပေါ်က ဖုတ်တွေကို ဖွေးခနဲ ဖွေးခနဲ ပုတ်ထုတ် တွက်ခါရင်း သူက၊

"ခင်ဗျားတို့က စာပေဟောပြောပွဲ ထွက်သွားကြတော့ ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့တာပေါ့ဗျ။ ဘယ်ရမလဲ ကိုမြသန်းနဲ့ ကိုနေဝင်းကို ဖွတ်ခေါ်ချပြီး လိုက်လာတာပေါ့။ ကျွန်တော်လည်း စာရေးဆရာပါ။ စာပေဟောပြောပွဲဆိုတာ ကျွန်တော်နဲ့လည်း ဆိုင်ပါတယ်။ အဲဒီလို ခွဲခြားခွဲခြား မလုပ်ပါနဲ့ ကိုမင်းကျော်ရဲ့"လို့ပြောပြီး "မဟုတ်ဖူးလားဗျ" လို့ ကျန်တဲ့လူတွေကို တစ်ယောက်စီ လိုက်ပြောပြန်ပါတယ်။

ပြီးတော့ အဖွဲ့ထဲမှာ အငယ်ဆုံးဖြစ်တဲ့ စမ်းစမ်းနွဲ့ (သာယာဝတီ)နဲ့ ကျွန်တော့်ကို "စမ်းစမ်းနွဲ့နဲ့ကိုချစ်ဦးညိုတို့ ဟောတာလည်း နားထောင်ရမယ်ဗျ။ ခင်ဗျားတို့က တယ်ပွဲချိစိပ်တယ် ဆိုသကိုး"လို့ ပြောပါတယ်။

တကယ်တော့ ရေနံချောင်းသွားဖို့ ကားဂိတ်မှာ ကားစောင့်ရင်း ကျွန်တော်တို့တစ်တွေ ညစာစားခဲ့စဉ် တစ်နေ့ညကတည်းက သူဂိတ်ကို လာနှုတ်ဆက်ခဲ့တာပါ။ ဝီစကီ တစ်ပုလင်းလာပေးပြီး သူပါ ရောသောက် ရောစားရင်းနဲ့ "ကျွန်တော်ပါ လိုက်ချင်တာ ကိုမင်းကျော်ရဲ့"လို့ သူပြောခဲ့ပါတယ်။ ဆရာမင်းကျော်က "ဟာ... မင်းသား၊ မင်းသားနေရာ နေစမ်းပါ။ ခင်ဗျားရောက်လာရင် ပရိသတ်ထိန်းလို့ရမှာ မဟုတ်ဘူး"လို့ ပြန်ပြောခဲ့ပါသေးတယ်။ ပြီးတော့မှ "ခင်ဗျား တကယ်လိုက်လာမယ်ဆိုရင် ဝင်းဦးပါ ဟောမယ့်အကြောင်း ကြေညာထားလိုက်ရမလား"တဲ့ ကိုမြသန်းနဲ့ ကိုနေဝင်းတို့ကို ညှိကြည့်ဦးမယ်ဗျာ"တဲ့။

အခုတော့... သူ တကယ် လိုက်ချလာပါပြီ။



ဝင်းဦး ရောက်လာပြီတဲ့ဆိုတဲ့ သတင်းက ချက်ချင်းပဲ ပြန့်သွားပြီး ဘန်ဂလိုမှာ သူ့ကိုလာကြည့်တဲ့ ပရိသတ်က များလာလို့ ပေါ်တီကိုကနေ အထဲရွှေ့ တံခါးပိတ်ရပါတယ်။ သူကတော့ ရုပ်ရှင်မင်းသား၊ အဆိုတော်မို့ ခုလို ပရိသတ် တရုန်းရုန်းကို ဘာမှ မထောင်းတာ။ ကျွန်တော်တို့မှာသာ အနေခက်ကြရတော့တယ်။

သူက ကားပေါ်မှာ ပါလာတဲ့ ဝီစကီပုလင်းတွေနဲ့ ဘီယာသေတ္တာတွေကို ချခိုင်းရင်းနဲ့ "နေပြင်းတယ်၊ ဘီယာသောက်ကြဗျ။ ကျွန်တော့်တော့ ဘီယာမသောက်ဘူး၊ ဝလာမှာစိုးလို့၊ မင်းသားဆိုတော့ ထိန်းထားရတယ်ဗျ။ မဟုတ်ဖူးလား ကိုကျော်အောင် "အင်မတန် အကင်းပါးတဲ့သူပါ။ အဖွဲ့ထဲမှာ အဝဆုံးဖြစ်နေတဲ့ ဆရာဦးကျော်အောင်ကို သူက အဖော်ညှိတယ်လေ။ "သူ့ဘာသာသူ ပြည့်ပြည့်ဖြိုးဖြိုး ဝနေတာတော့ မတတ်နိုင်ဘူးပေါ့ဗျာ။ ခိတ်ကောင်းနှလုံးကောင်းရှိသူများဟာ ဝကြတာပဲနော်၊ ကိုကျော်အောင်"

ပိန်ပိန်ပါးပါး ဆရာမင်းကျော်ကို သူလှမ်းကြည့်ပါတယ်။ အမှန်တော့ သူချစ်တဲ့ စာရေးဆရာတွေနဲ့အတူခရီးထွက်ခဲ့ရပြီး ဟောပြောပွဲ တက်ရမှာမို့ သူပျော်ရွှင်တက်ကြွစွာနဲ့ နောက်ပြောင်နေတာပါပဲ။

"ကိုင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကြမယ်ဗျ"

သူကပဲ ခေါင်းဆောင်နေတော့တယ်။ အဖွဲ့ခေါင်းဆောင် စီမံခန့်ခွဲမှု ကျွမ်းကျင်တဲ့ ဆရာမင်းကျော်ကတော့ ခေါင်းယမ်းပြီး "ကိုမြသန်းတို့များ ဒီလူကို ခေါ်မလာပါနဲ့ဆိုမှ..." ဘာညာနဲ့ ပြန်နောက်ပါတယ်။

ဘန်ဂလိုရှေ့မှာပဲ ဓာတ်ပုံရိုက်ကြပါတယ်။ ကျွန်တော်တို့တစ်တွေ နေရာယူနေကြချိန်မှာ သူက ကင်မရာချိန်ပါတယ်။ ဝဲကယာအတိုင်း ကျွန်တော်တို့ စီထားကြပုံက ဆရာမင်းကျော်၊ ဆရာကျော်အောင်၊ ဆရာမောင်နေဝင်း၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ ဆရာမြသန်းတင့်၊ ချစ်ဦးညို၊ ဆရာမောင်ဆုရှင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းဦးက ကင်မရာချိန်ပြီးမှ သူ့တပည့်တစ်ယောက်ကို ပေးထားခဲ့ပြီး ဝဲအစွန်ဆုံး ဆရာမင်းကျော်ဘေးမှာ ဝင်ရပ်ပါတယ်။ ဒီ ကိုးယောက်မှာ ကျွန်တော်တို့က တိုက်ပုံနဲ့၊ ရှပ်နဲ့၊ ပုဆိုးနဲ့၊ သူတစ်ယောက်ပဲ လက်တိုပွင့်ရိုက်အကျႌနဲ့ ဘောင်းဘီနဲ့(အဲဒီ ဓာတ်ပုံလေးကို ခုထိ ကျွန်တော် သိမ်းထားဆဲပါ။)

ဟောပြောပွဲစင်ကို ကွင်းပြင်ကြီးထဲမှာ ဆောက်ထားပါတယ်။ စင်ထက်ကိုလည်း မီးမောင်းကြီးတွေထိုးလို့၊ ပရိသတ်ကလည်း ကွင်းလုံးပြည့်။

ဆရာမြသန်းတင့်နဲ့ဆရာမောင်နေဝင်းတို့က ပထမနဲ့ဒုတိယ အလှည့်ယူပြီး နာရီဝက်စီလောက်ပဲ ဟောကြပါတယ်။ တတိယ သူ့အလှည့် အခမ်းအနားမှူးက ကြေညာခေါ်ယူလို့ သူ စင်ပေါ်တက်သွားပါတယ်။ စာပေဟောပြောပွဲစင်မြင့်ပေါ်ကို ဟောပြောဖို့တက်လာတဲ့ စာရေးဆရာပေါင်းများစွာ တကာမှာ အခုသူ့ကို မြင်ရသလို အသွင်အပြင်မျိုး တစ်ခါမှ ကျွန်တော် မတွေ့ဖူးပါ။

ကြည့်ပါဦး... လည်ကတုံး ကော်လာရှပ်က ပန်းနုအဖျော့ (လည်ပင်းကြယ်သီးက စိန်လားမသိ ဖျိုးဖျိုးဖျပ်ဖျပ်နဲ့) အပေါ်က တိုက်ပုံဖွေးဖွေးဖြူ၊ အောက်က ပုဆိုးက ပန်းရောင်ပိုးပုဆိုး။ အသားအရေ အလွန်လှပြီး မီးအင်မတန်စားတဲ့ သူ့ရုပ်သွင်ဟာ စင်ပေါ်မှာ ထင်းခနဲ ဝင်းနေတော့တယ်။ ဒါတောင်မှ သူဟာ သိပ်ပြီးတောက်ပပြိုးပြက်နေအောင် ဆင်ယင်လာတာ မဟုတ်ပါဘူး။ သို့သော် ပန်းနုအကျႌနဲ့ ပန်းရောင် ပိုးပုဆိုးဆိုတာကတော့ ကျွန်တော်တို့အတွက် စင်ပေါ်တက်ရင် ဝတ်ဖို့ မပြောနဲ့ စိတ်ကူးထဲမှာတောင် ဆင်မကြည့်မိတဲ့ အရောင်တွေပါပဲ။

ပရိသတ်ကလည်း တအံ့တခဲကြီး၊ သူ့အပေါ်အာရုံစိုက်နေကြတယ်။ ဝင်းဦးက စာရေးဆရာအဖြစ် စာပေဟောပြောပွဲ စင်ပေါ်တက်လာတာကလား။ စာရေးဆရာ ဝင်းဦး ဘာပြောမလဲ၊ ဘာဟောမလဲ...။

သူ ပရိကံ စကားများများ မပြောပါဘူး။ ပရိသတ်ကို ဂါရဝပြုနှုတ်ဆက်ပါတယ်။ အတူတကွ ဟောကြမယ့် စာရေးဆရာတွေကို သူ



ချစ်ခင်လေးစားစွာ အားကျမိလို့ ခုလို စင်ပေါ် တက်လာကြောင်း၊ သီချင်းတွေဆို၊ ရုပ်ရှင်တွေရိုက်နဲ့ ပရိသတ် ထောင်ပေါင်းများစွာနဲ့ ထိတွေ့ဖူးပေမယ့် အခုလို စာပေဟောပြောပွဲစင်မြင့်ကို တစ်ခါမှ မတက်ဖူးကြောင်း၊ ဒါကြောင့် ယခု သူ့စိတ်လှုပ်ရှား ရင်ခုန်မှုကို ခံစားနေရပါကြောင်း... နိဒါန်းချီပါတယ်။

ကျွန်တော်နဲ့ ခုံချင်းကပ်ထိုင်တဲ့ ဆရာမြသန်းတင့်က ကျွန်တော့်ကို ခပ်တိုးတိုး ကပ်ပြောပါတယ်။ "အဲဒါ ယုံသလား၊ မယုံနဲ့။ ဒီလူဟာ အင်မတန် အရိပ်အကဲသိတတ်တာ။ ဒီလို အောက်လေလေးနဲ့ ပြောပြီး သူ့ပရိသတ်ကို လှုပ်သွားလိမ့်မယ်။ ကြည့်နေ... ENTERTAINMENT သဘောကို သူက နောကျေနေအောင် သိတာ"တဲ့။

နိဒါန်းချီပြီးနောက်မှ သူက လက်ရိပ်ပြလိုက်ပါတယ်။

သူ့တပည့်က ကက်ဆက်ကြီးတစ်လုံးကို သူ့ရှေ့ စကားပြောစင်အနီး အသင့်ချထားတဲ့ စားပွဲပေါ် တင်ပေးလိုက်တယ်။ သူက မိုက်ကရိုဖုန်းကို ချိန်ပါတယ်။ မိုက်က နှစ်လုံး။ ကက်ဆက်အတွက်တစ်လုံး၊ သူ့တစ်လုံး...။

ကက်ဆက်ခလုတ်ကို သူ နှိပ်လိုက်ပါတယ်။

တီးလုံးတေးသွားချည်း သက်သက်ထွက်ပေါ် လာတယ်။

အတောကို နားစွင့်ကြည့်လိုက်တော့... ကျွန်တော် သိလိုက်ပြီ။

မြို့မငြိမ်းရဲ့ သီချင်းတစ်ပုဒ်က အတောတေးသွား။

ကက်ဆက်က ပေါ်လာတဲ့ တီးလုံးသက်သက် တေးသွား (MELODY) ထဲမှာ ကိုဝင်းဦး သီချင်း ဝင်ဆိုပါတယ်။ "နတ်စည်ငယ်လေ × × ပုစွန်လက်ရိုး အာလမ္ဗရာ × × ကျော်ဝှန်းသံဝါ × × ခေါ်ညွှန်း ညံစာစာ × × "အစချီပိုဒ်ကနေ "ဝေဆာ သခွပ်ဖြူပင်မင်း ငွေအဆင်းပွင့်ချိန်မှာ × × အသူရာ ဒေါသထွက်လို့ × × မြင်းမိုရ်ထက်သို့ × × တက်လို့ × × စစ်ဖက်တဲ့အခါ × × အံ့ကာလေတဖွဲ့ဖွဲ့ × × ရွာလေတသဲသဲ × × အပိုဒ်ထိ သူဆိုပါတယ်။ ဆိုပြီးတော့မှ ကက်ဆက်ခလုတ်ကို ပိတ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပော်လျှူမ်ကိုချပြီး အစအထိပြန်ရစ်တယ်။ အစရောက်တော့မှ တီးလုံးပြန်ဖွင့်။ အသံခလုတ်ကိုတင်ပေး။ အဲဒီတီးလုံးသွားကို နောက်ခံပြုပြီး သူ စကားပြောတော့တာပါပဲ။

(စကားလုံး အတိအကျကို မမှတ်မိနိုင်ပါ။ သူပြောတဲ့ စကားက....)

"ကျွန်တော် ဝင်းဦး သီချင်းတွေဆိုပါတယ်။ ဝါသနာပါလွန်းလို့၊ သီချင်းကို မြတ်နိုးလွန်းလို့ ဆိုတာပါ။ အစကတော့ ဆိုချင်လို့၊ ဆိုကောင်းလို့ ဆိုလိုက်တာပါပဲ။ သီချင်းထဲက စာသားတွေရဲ့ အဓိပ္ပာယ်ကို သေသေချာချာ နားလည်ပြီး ခံစားရလို့ မဟုတ်ပါဘူး။ ဒါပေမယ့် တဖြည်းဖြည်း နဲ့ ဆိုတဲ့ သီချင်းပုဒ်ရေ များများလာသည်နှင့်အမျှ ကျွန်တော်ဟာ သီချင်း စာသားတွေရဲ့ အဓိပ္ပာယ်၊ အနှစ်သာရ၊ အလှအပတွေကို တွေ့ရှိလာပါတယ်။ ခံစားလာရပါတယ်။ ဥပမာ ဟောဒီ အခု ကျွန်တော် ဆိုပြတဲ့ သီချင်း...."

ဆရာမြသန်းတင့်၊ စောစောက ကျွန်တော့ကို လက်တို့ပြီး ပြောခဲ့တဲ့ စကားဟာ ကွက်တိပါပဲ။ ENTERTAINMENT သဘောကို နောကြေနေအောင် သိတာ"ဆိုတဲ့စကား။ ကြည့်လေ။ တီးလုံးကို နောက်ခံထားပြီး သူပြောနေတဲ့ စကားကို ဖြတ်လိုက်တဲ့အချိန်မှာ တီးလုံးကလည်း တစ်ကြော့ပြီးသွားပြီ။ နောက်တစ်ကြော့ ပြန်ဝင်ပြီ။ သူက စကား အစဖြတ်ပြီး သီချင်းဝင်ဆိုပြီလေ။ အံကိုက်ပါပဲ။ ဒါ သူကြိုတင် လေ့ကျင့် ထားခဲ့တာ။ သူ့ဘာသာသူ ကက်ဆက်ဖွင့်၊ သီချင်းဆို၊ ကက်ဆက်ပြန်ပိတ်၊ ပြန်ရစ်၊ တီးလုံးဖွင့်၊ စကားပြော၊ ပြန်ဆို သူ 'တိုင်မင်"ချိန်ပြီး အသေအချာ လုပ်လာခဲ့တာကလား။

"နတ်စည်ငယ်လေ × × "သူပြန်ဆိုတယ်။ 'လွှဲခဲ့ကြရရှာ နတ်တို့နတ်ရွာဝတီသာ × × ' အပိုဒ်ထိကူးတယ်။ အပြည့်ဆိုပြီးတော့မှ တီးလုံးပြန်အကြော့မှာ တီးလုံးကို နောက်ခံ ဘက်ဂရောင်းယူပြီး သူ'ဟော' ပြန်ပါတယ်။



"ဟောဒီသီချင်းထဲက သခွပ်ဖြူ ကသစ်ပန်း၊ သိကြားအမူအရာ၊ သားမက်နဲ့ယောက္ခမ၊ အာလိန်ငါးဆင့်.... အစရှိတဲ့ စကားလုံးတွေနောက်မှာ ဇာတ်ကွက်တွေ၊ ဇာတ်လမ်းတွေ၊ ဇာတ်ဆောင်တွေ၊ အဖြစ်သနစ်တွေ ရှိနေပါရောလား"

သိကြားနဲ့အသူရာ စစ်ခင်းပုံတွေကို သူပြောတယ်။ ကသစ်ပွင့်နဲ့ သခွပ်ပန်း၊ သားမက်နဲ့ယောက္ခမ ဘောက်ကျလို့လည်း အားမရနိုင်တာကို အဓိပ္ပာယ်ဖွင့်ပြတယ်။ အဲဒီလို ဆိုလိုက်၊ ဟောလိုက် လုပ်ပြီးတော့မှ၊

"ဂီတဟာ စာပေအခြေခံကနေ ပေါက်ဖွားရတဲ့ အနုပညာပါ။ စာပေ ကြွယ်ဝရင် ကြွယ်ဝသလောက် သီချင်းဂီတဟာလည်း အရောင်ထွက်လာပါတယ်။ ကျွန်တော် ဝင်းဦး၊ သီချင်းတွေဆိုရင်း ဆိုရင်းနဲ့၊ သီချင်းတွေရဲ့ အဓိပ္ပာယ် အနှစ်သာရ၊ အလှအပ၊ ရသတွေကို ပိုပိုပြီး ခံစားနားလည်လာရတာဟာ စာပေကြောင့်ပါ။ စာပေရဲ့ ကျေးဇူးဟာ ကြီးမားလှပါတယ်။ ဒါကြောင့် အခု ကျွန်တော်ဆိုပြတဲ့ သီချင်းကို ရေးစပ်ခဲ့သူ ဆရာမှိုင်းမငြိမ်းနဲ့တကွ သီးချင်းရေး ဆရာကြီးများ၊ စာရေးဆရာကြီးများ စာပေပညာရှင်ကြီးများကို ကျွန်တော် ဒီနေရာကနေ ဦးခိုက်ရှိခိုး ကန်တော့ လိုက်ပါတယ်ခင်ဗျာ"

ဘယ်လောက် သပ်ရပ်ပြီး အကွက်စေ့လိုက်ပါသလဲ။ သူလုပ်သွားပုံ။ သီချင်းလည်းဆိုသေး၊ ဟောလည်းဟောသေး။ ဖျော်ဖြေမှုလည်း ပေးသေး၊ ပရိသတ်မှာလည်း ဝင်းဦးကို 'အရှင်လတ်လတ်ကြီး' မြင်ရ၊ တွေ့ရ၊ သီချင်းဆိုတာ၊ စကားပြောတာ နားထောင်ရ၊ မျက်နှာ၊ လက်၊ အမူအရာတွေကြည့်ရဆိုတော့ အတိုင်းထက် အလွန်ပေါ့။

☆

www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းနွဲ့(သာယာဝတီ)နဲ့ ကျွန်တော် ဆက်ဟောပါတယ်။ ကျွန်တော်တို့ကတော့ သူ့လို ဘယ်ဟုတ်မလဲ။ ကိုယ်ဟောစရာရှိတာ ဟောကြတာပါ။ စင်ပေါ် မတက်ခင်တုန်းကတော့ ဝင်းဦးတစ်ယောက်လုံး ရှေ့ကနေ အဲဒီလို ဆိုလိုက်၊ ပြောလိုက်၊ လုပ်သွားတဲ့ကိစ္စကြီးမှာ ကိုယ့်အလှည့်ကျ ဖြစ်မှဖြစ်ပါတော့မလားလို့ စိုးရိမ်သွားမိခဲ့ပါတယ်။ ဒါပေမယ့်... ပွဲဟာ သိပ်ကို လှခဲ့ပါ တယ်။ ကျွန်တော်တို့ရဲ့ ဟောပြောချက်ကလည်း အောင်မြင်ခဲ့ပါတယ်။ ဘာကြောင့်လဲလို့ ပြန်ဆန်းစစ်ကြည့်တော့ အကြောင်းသုံးချက်ကို တွေ့ရ ပါတယ်။ တစ်က ကျွန်တော်တို့ ကာယကံရှင် စာရေးဆရာတွေ 'သွေးပျက်'မသွားဘဲ ကိုယ့်ကိုယ်ကို ယုံကြည်မှု တည်ဆောက်ပြီး အားထုတ်ဟောပြောနိုင်ခဲ့လို့ပါ။ နှစ်ကတော့ စာပေဟောပြောပွဲလာပရိသတ်ကြီးပါပဲ။ တော်ရုံဆိုရင် ဝင်းဦးအလှည့်ပြီးသွားတဲ့နောက်မှာ ပရိသတ်ဟာ၊ ရုတ်ရုတ်သဲသဲနဲ့ ထပြန်တာမျိုး၊ မငြိမ်မသက်ဖြစ်နေတာမျိုး ရှိနိုင်မှာပါ။ အခု ရေနံချောင်း စာပေပရိသတ်ဟာ စာပေကို တကယ်တန်ဖိုးထား မြတ်နိုးကြသူများဖြစ်တယ်လို့ ကမ္ပည်းတင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဟောကြ ပြောကြတာကို စိတ်ပါဝင်စားစွာ၊ ထက်သန်စွာ၊ စည်ကမ်းရှိစွာ ဆက်လက် နားထောင်ကြတယ်။

သုံးကတော့... ကိုဝင်းဦးပါပဲ။ ရုပ်ရှင်မင်းသား၊ အဆိုတော်။ စာရေးဆရာ၊ မဂ္ဂဇင်းတိုက်ပိုင်ရှင်၊ ရုပ်ရှင်ဒါရိုက်တာ ဝင်းဦးဟာ စမ်းစမ်းနွဲ့ (သာယာဝတီ)နဲ့ ချစ်ဦးညိုတို့ ဟောတာကို စိတ်ပါလက်ပါ နားထောင်သွားပါတယ်။ သူ ထပြန်မသွားပါ။ ပြီးတော့ ကျွန်တော်တို့ကို သူကင်မရာနဲ့ သူကိုယ်တိုင် ဓာတ်ပုံရိုက်ယူပါတယ်။ ကိုယ့်ဘက်ချည်း အမှတ်ယူပြီး 'ကဲ' သွားတာမျိုး မဟုတ်ပါဘူး။ (ရှေ့လူ၊ နောက်လူ မညှာဘဲ ကိုယ့်အကောင်းချည်း လုပ်ယူသွားတဲ့ ပုဂ္ဂိုလ်မျိုးတွေလည်း စာပေဟောပြောပွဲတွေမှာ ကြုံဖူးပါရဲ့၊ ဒါ စကားချပ်ပါ)

★



ဟောပြောပွဲပြီးလို့ ဘန်ဂလို ပြန်ရောက်ကြတော့ ကျွန်တော်တို့အားလုံး ဟောပြောပွဲအောင်မြင်မှုကို ကြည်ကြည်နူးနူး စားမြုံ့ပြန်ပါတယ်။ ကိုဝင်းဦးလည်း သူချစ်တဲ့ စာရေးဆရာများ၊ သူအားထားတဲ့ ပရိသတ်များရှေ့မှာ သူ့အစီအစဉ် ချောမွေ့ပြေပြစ်ခဲ့လို့ ဝမ်းသာပီတိဖြစ်နေပါတယ်။

ပြီးတော့ စမ်းစမ်းနွဲ့ (သာယာဝတီ)နဲ့ ကျွန်တော့်ကို၊

"ခင်ဗျားတို့ကတော့ စာရေးလည်းကောင်း၊ အဟောအပြောလည်းကောင်း၊ ပရိသတ်ကလည်းရှိ၊ တယ်ဟုတ်ပါလားဗျ။ ကျွန်တော်သာဆိုရင် ခင်ဗျားတို့လို တစ်နာရီကျော်လောက်ကြီးကို စကားတွေ ပြောတတ်မှာ မဟုတ်ဘူး။ ကျွန်တော်မှာ သီချင်းကလေး ကယ်ပေလို့။ ဘယ့်နှယ်လဲ၊ ပြောပါဦးဗျ။ ကျွန်တော့် ဟောပြောချက်ကော၊ ဘယ်လိုနေသလဲ" လို့ လှည့်မေးပါတယ်။

"ဦးဝင်းဦးပဲရှင်၊ ပြည့်စုံပြီးသား၊ လှပြီးသားပေါ့"လို့ စမ်းစမ်းနွဲ့ (သာယာဝတီ)က မဆိုင်းမတွ မှတ်ချက်ချလိုက်ပါတယ်။ သူက "ဟုတ်လားဗျ"ဆိုပြီး သဘောကျနေရင်းကနေ ကျွန်တော့်ကို "ဘယ့်နှယ်လဲ ကိုချစ်ဦးညိုကကော ပြောပါဦးဗျ"လို့ လှမ်းမေးပြန်တယ်။

ကျွန်တော်ငြိမ်နေတာကို သိပ်အကင်းပါးတဲ့ သူက သိတယ်လေ။ ပြီးတော့ ကျွန်တော်က သိထားတာလည်း ရှိသေးတယ်။ ကျွန်တော်တို့ကို သူက ချီးကျူးစကား ဆိုပြီးပြီ။ ကျွန်တော်တို့က ပြန်ပြီးချီးကျူးတာကို သူလိုချင်တယ်။ ဒါကို ကျွန်တော် ရိပ်မိလိုက်တယ်။ ဒါပေမယ့် ကျွန်တော့်မှာ သူ့ကို ပြောစရာ စကားတစ်ခွန်း ရှိနေလို့ ကျွန်တော် ခပ်ဆိုင်းဆိုင်း ဖြစ်နေတယ်။

သူက "အားမနာနဲ့ဗျာ၊ ဝေဖန်စမ်းပါ။ ဒါပေမယ့် ဟိုဆရာတွေလို ဝေဖန်တာမျိုး မဟုတ်ဘူးနော်။ ကျွန်တော်က ကျွန်တော် လုပ်တာကို မကောင်းပြောရင် မကြိုက်ဘူးဗျ။ ရှင်းရှင်းပြောတာ၊ ကျွန်တော်က ကောင်းကောင်း ကြိုးစားထားတာကို အပြစ်ရှာပြီး ထောက်ပြရင် မကြိုက်ဘူးဗျ" လို့ ရယ်ရယ်မောမောနဲ့ ပြောလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါလည်း သူ့ရဲ့ တကယ့် သဘာဝပါ။ သူ တကယ်ပြောတာ။ ခက်တော့နေပြီ။ ကျွန်တော့်မှာလည်း ပြောစရာက ရှိနေတယ်။

"ကိုချစ်ဦးညို ပြောဗျာ၊ ပြောစရာရှိနေတယ် မဟုတ်လား"

"ဒီလိုပါ" သူ စိတ်ဆိုးချင်လည်းဆိုးတော့ ကျွန်တော်ပြောရတော့မယ်။

"ကိုဦး သီချင်းဆိုလိုက်၊ ရှင်းပြလိုက်၊ ဟောပြောလိုက်လုပ်သွားတာ သိပ်ကို ကောင်းပါတယ်။ ပရိသတ်လည်း ကြိုက်တယ်။ ကျွန်တော်တို့လည်း ကြိုက်တယ်။ စာပေဟောပြောပွဲဆိုတဲ့ ခေါင်းစဉ်နဲ့လည်း ကိုက်ညီလိုက်ဖက်တယ်"

"အား... အဲဒီလို ဝေဖန်ရေးမျိုးဆို သိပ်ကြိုက်၊ ကဲ... ဆက်ပြောဗျာ"

"တစ်ခုလေးပဲ"

"ဟော... တစ်ခုလေးပဲ ဆိုပါလား... ဘာပါလိမ့်ဗျာ"

"ကိုဦးရဲ့ ဟောပြောချက်မှာ ခေါင်းစဉ် ပေးမထားဘူး၊ ဘာကြောင့်လဲ"

သူခဏ ငိုင်သွားတယ်။ တောက်ပတဲ့ မျက်လုံးတွေ ရိပ်ခနဲ တစ်ချက်ညို့သွားတယ်။ နှုတ်ခမ်းမွေးကို လက်ချောင်းနဲ့ အသာအယာသပ်။ ပြီးတော့မှ ပြန်ပြုံးပြီး၊

"အား... ဟုတ်တယ်ဗျို့၊ စာရေးဆရာတွေ ဟောပြောရင် ခေါင်းစဉ်တွေနဲ့ချည်းပဲ။ ကျွန်တော့်ဟာက အား... ဟုတ်သားပဲ၊ ခေါင်းစဉ်မရှိဘူး၊ ဟင်း... ဟင်း... ပေးမထားတာ မဟုတ်ဘူးဗျ။ ခေါင်းစဉ်ပေးဖို့ကို စိတ်မကူးမိတာ ကိုင်း... လက်စနဲ့ လုပ်ဗျာ၊ ခေါင်းစဉ်လေးတစ်ခုခု..."

"ကိုဦးရဲ့ ဟောပြောချက်နဲ့ လိုက်ဖက်တဲ့ ခေါင်းစဉ်လေးတစ်ခု၊ ကျွန်တော့ စိတ်ထဲမှာ ပေါ်နေတယ်။ အဲဒါကတော့ 'ဂီတဖြင့်ဖွင့်သော စာပေတံခါးတဲ့' "

"ဂီတဖြင့် ဖွင့်သော စာပေတံခါး"



သူ လိုက်ရေရွတ်တယ်။ စဉ်းစားနေတယ်။ စိတ်ထဲမှာ ရွတ်ကြည့်နေပုံရပါတယ်။ နောက်တော့ "အား၊ ကောင်းတယ်။ နောက်ကို ဒီလိုဟောရင် ဒီခေါင်းစဉ်တပ်ရမယ်။ ကျေးဇူးပဲဗျာ"တဲ့။

နောင်များမှာ သူဘယ်နေရာ ဘယ်လို ဟောဖြစ်သေးသလဲ မသိရပါ။ ဒီခေါင်းစဉ်ကို သုံးဖြစ် မသုံးဖြစ်လည်း မသိပါ။ ကျွန်တော်တို့နဲ့ စာပေ ဟောပြောပွဲမှာ အဲဒီအကြိမ်ဟာ ပထမဆုံးနဲ့ နောက်ဆုံး ဆုံဖြစ်တာပါ။ ရန်ကုန်မှာ အခွင့်အခါသင့်လို့ သူ့ရဲ့ ဘားလမ်း (မဟာဗန္ဓုလလမ်း) စန္ဒာတိုက်ခန်း ထပ်ခိုးလေးမှာ ဆုံဖြစ်ကြတော့လည်း ဒီအကြောင်း စကားမစပ်ဖြစ်တော့ပါဘူး။ မှတ်မှတ်ရရကတော့ အဲဒီ ရေနံချောင်း ဟောပြောပွဲနောက်ပိုင်းမှာ သူနဲ့ ခင်မင်မှုက ပိုပြီး ရင်းနှီးလာခဲ့ပြီး စန္ဒာမှာ အခန်းဆက်ဝတ္ထုရှည်ရေးဖို့ စာမူခ သုံးလစာကို ကြိုထုတ်ပေးခဲ့ပါတယ်။ နှစ်လစာ ကျွန်တော်ရေးပြီးပေးခဲ့ပါတယ်။ ပန်းချီပုံအပ်တဲ့ ကိစ္စမှာလား၊ ဘာလား မမှတ်မိတော့ပါ။ အဆင်မပြေ ဖြစ်ပြီး အဲဒီစာမူဟာ စန္ဒာမှာ မပါနိုင်ခဲ့တော့ပါဘူး။ နောင်ကျတော့ သဘင် မဂ္ဂဇင်းမှာ အခန်းဆက်ဖော်ပြပြီးလုံးချင်း (ပ+၃)ရိုက်နှိပ်ထုတ်ဝေခဲ့တဲ့ 'ပန်းမှုံဝေ'ဖြစ်လာပါတယ်။

သူ့ရုပ်ရှင်ကားတွေ၊ သူ့သီချင်းတွေ။ တီဗီမှာ၊ ကက်ဆက်မှာ မြင်ရကြားရတိုင်း သူနဲ့ဆုံခဲ့ရတဲ့ အဲဒီ စာပေဟောပြောပွဲလေးကိုပဲ ကျွန်တော် သတိရလို့ နေပါတော့တယ်။ ဪ... ကိုဝင်းဦး၊ သူလည်း အကြွေစောခဲ့ပါလား။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## အကဲဒမစ် အနုပညာသမား
## (သို့မဟုတ်)
## တက္ကသိုလ်ဘုန်းနိုင်

ဆရာကြီး (ဦး)ဆန်းထွန်း (မန်းတက္ကသိုလ်) အကြောင်းကို 'ဆရာတို့ကိုသာ ....လွမ်း'မှာ ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ အဲဒီထဲမှာ ဆရာ တက္ကသိုလ်ဘုန်းနိုင်နဲ့ ပတ်သက်တဲ့ ဇာတ်ကွက်လေးတစ်ကွက် ပါခဲ့ပါတယ်။

၁၉၈၆-၈၇တစ်ဝိုက်၊ မော်လမြိုင် ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ဆရာအမှုထမ်းခဲ့စဉ်ကာလမှာ ဆရာဘုန်းက ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်)နဲ့ ကျွန်တော့်ကို မော်လမြိုင်ကောလိပ် စာပေဟောပြောပွဲအတွက် ဖိတ်ခဲ့ပါတယ်။ ကျွန်တော်တို့ မော်လမြိုင်ရောက်တော့ ဆရာက အရေးကြီးတဲ့ အစည်းအဝေးတစ်ခုအတွက် ရန်ကုန်လာရလို့ လွဲသွားခဲ့ပါတယ်။

ပြန်တွေ့မယ်တွေ့တော့ နှစ်လသုံးလနီးပါး ခရီးရှည်ကြီးတစ်ခုကို အတူတွဲလို့ ပွန်းတီးရင်းနှီးစွာ ထိတွေ့ဆက်ဆံခွင့်ရခဲ့တဲ့ တွေ့ပုံမျိုး။ ဆရာရဲ့ 'သူ့ကျွန်မခံပြီ' ဝတ္ထုကို ရုပ်ရှင်ရိုက်တဲ့ကာလ ၁၉၉၆-၉၇။ ကျွန်တော်က

www.burmeseclassic.com



ဇာတ်ညွှန်းရေးသူအဖြင့် (ART DIRECTOR) ဆိုတဲ့ တာဝန်ပါ ယူရလေတော့ ရုပ်ရှင်မရိုက်ခင် လိုကေးရှင်းကြည့်တာကအစ ဒါရိုက်တာကြည်စိုးထွန်းနဲ့ တပူးတွဲတွဲ အလုပ်လုပ်ခဲ့ရပါတယ်။ ရုပ်ရှင်ရိုက်ကြပြီဆိုတော့လဲ ရိုက်ကွင်းအစအဆုံး၊ မန္တလေး၊ ပြင်ဦးလွင်ဒေသတွေမှာ ထဲထဲဝင်ဝင် ပါခဲ့ရတာပါ။ ဆရာဘုန်းလည်း သူ့ဝတ္ထုကနေ ရုပ်ရှင်အဖြစ် ကူးပြောင်းရေးမှာ အနီးကပ် ကြီးကြပ်သူအဖြစ် တောက်လျှောက်လိုက်ပါခဲ့ပါတယ်။ ဒီကာလ၊ ဒီအတွေ့အကြုံကို နောက်ခံထားပြီး ဆရာဘုန်းရဲ့ ရုပ်ပုံလွှာကို ရေးခြယ်ရရင် ရေးကွက်တွေ အများကြီးပါပဲ။ သို့သော် ယခု 'ဆရာတို့ကိုသာ... လွမ်း' ဟာ စာပေဟောပြောပွဲ ဘက်ဂရောင်းခံတဲ့ ရုပ်ပုံလွှာ တစေ့တစောင်းအဖွဲ့ ဖြစ်ပါတယ်လို့ ကျွန်တော် နိဒါန်းပျိုးခဲ့ပါတယ်။ ဒါကြောင့် 'သူ့ကျွန်မခံပြီ' ရုပ်ရှင်ရိုက်ကွင်း နောက်ခံကားချပ်ကို ကျွန်တော် မယူပါ။

တကယ်တော့လဲ ရုပ်ရှင်ရိုက်ကွင်းတွေမှာ ဆရာဘုန်းရော ကျွန်တော်ပါ 'စာရေးဆရာ'ဆိုတဲ့ ဘဝကို ခဏမေ့ထားခဲ့ကြတယ်လေ။ မမေ့လို့လဲ မရပါဘူး။ လူတွေ တစ်လှေကြီးနဲ့ စုစုရုံးရုံး၊ ရှုပ်ရှုပ်ထွေးထွေး အလုပ်လုပ်ကြရတဲ့ ရုပ်ရှင်အလုပ်မှာ တစ်ကိုယ်တော် မွေ့လျော်တတ်တဲ့ စာရေးဆရာ ဝိညာဉ်ကိန်းအောင်းလို့ မရနိုင်ပါဘူး။

ဆရာဘုန်းလို့ ကျွန်တော်တို့ခေါ်ကြတဲ့ ဆရာတက္ကသိုလ်ဘုန်းနိုင်နဲ့ ကျွန်တော့် စာပေဟောပြောပွဲခရီး အတူထွက်ဖြစ်တာဟာ အကြိမ်နည်းလှပါတယ်။ ခရီးရှည်လည်း မဟုတ်ပါ။ တစ်ညအိပ်နှစ်ရက် စသည်ဖြင့် ခရီးတိုပါ။ ဒါပေမယ့် အဲဒီအချိန်တိုတို တောင်းတောင်းအတွင်းမှာပဲ ဆရာ့ ရုပ်ပုံလွှာကို ကျွန်တော် မိမိရရကောက်ကြောင်း ဖော်နိုင်တယ်လို့ ထင်ပါတယ်။ ကျွန်တော် တော်လို့၊ စေ့စပ်လို့ အကဲခတ်လေ့လာမှု အောင်ဗဟုေ ရှင်းကောင်းလို့ မဟုတ်ပါ။ ဆရာကိုယ်နှိုက်ကိုယ်က သိသာစွာ ထင်းထင်းကြီး ဖြစ်နေလို့ပါ။



ဆရာနေတဲ့ သန်လျင် ဓမ္မရောင်ခြည်ကျောင်းတိုက် အနီးက နှစ်ထပ်အိမ်ကလေးကိုသွား၊ ဆရာ့ကို ဝင်ခေါ်ချိန်ကစလို့ ဆရာ့ရုပ်ပုံလွှာဟာ သိသာထင်ရှားလာတာကလား။ စကားထဲက ဇာတိပြတယ်လေ။ ဆရာဘုန်းဟာ အင်မတန် စကားပြောနိုင်သူဖြစ်ပါတယ်။ (စကားများသူ TALKATIVE မဟုတ်ပါ။) ဘယ်လို စကားပြောနိုင်သူလဲ ဆိုတော့ ဘာ အကြောင်းကိုပဲ စလိုက် စလိုက် အဲဒီအကြောင်းအရာဟာ ဆရာသိတဲ့ ကျွမ်းတဲ့ ကိစ္စဖြစ်နေတော့တယ်။ သိပုံကျွမ်းပုံကလည်း လေဖမ်းဒန်းစီးသိပုံမျိုးမဟုတ်။ ခြေခြေမြစ်မြစ် ပိုင်ပိုင်နိုင်နိုင်သိပုံမျိုး၊ စာတွေ့ ငါတွေ့သိပုံမျိုး ကိုယ်တိုင်ကိုယ်ကျလက်တွေ့ ဖြတ်သန်းတွေ့ကြုံခဲ့ရုံသာမက သိပ္ပံနည်းကျ တရားနဲ့ပါ အပိုင်ထုတ်ပြ ဆွေးနွေးတာမျိုး၊ ဆိုင်ရာ ပညာရပ်ရှုထောင့်ကနေ ရှင်းလင်းပြတာမျိုးဖြစ်ပါတယ်။ ဒါကြောင့် ဘာကိုပဲမေးမေး ဆရာဖြေနိုင်တာချည်းပါပဲ။

ဂေါက် (GOLF)အကြောင်းလား လာခဲ့၊ အရက်သေစာကို ပါဏုပေတံ လုပ်ထားပေမယ့် အရက်အမျိုးမျိုးစပ်ပုံ၊ သောက်ပုံအကြောင်းလား လာခဲ့။ နိုင်ငံရေးခြား အတွေ့အကြုံလား လာခဲ့။ တေးဂီတ၊ ပြဇာတ်၊ ရုပ်ရှင်၊ စာပေ ဆရာ့ခေါင်းထဲမှာ ဘာသာရပ်အလိုက် (INDEX) တွေ၊ အများကြီး၊ မေးလိုက်ရင်လည်း ဒီလိုဗျဆိုပြီး တရစပ်ဖြေတော့တာ။

တစ်ခုပဲ ဆရာ မဖြေတဲ့ မေးခွန်းတစ်ခု၊ ကျွန်တော်က စပ်စုကြည့်ပါတယ်။ "ဆရာ့ဝတ္ထုတွေထဲမှာ ဇာတ်လိုက်မင်းသမီးကို ထားဆိုတဲ့ နာမည် အမြဲပေးလေ့ရှိတယ်။ ထားဆိုတာ ဘယ်သူလဲ။ ဆရာ့တကယ့်ဘဝမှာ ထားဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဘယ်လောက်ပတ်သက်ခဲ့ဖူးသလဲ ဆရာ"ဆိုတဲ့ မေးခွန်းပါ။ ဒီမေးခွန်းကို ဆရာဘုန်းမဖြေပါဘူး။ ရယ်ကြဲကြဲနဲ့ အင်း... လို့ပဲပြောပါတယ်။

ဒီမေးခွန်းကို မဖြေပေမယ့် ဆရာဘုန်းပြောလေ့ရှိတဲ့ စကားတစ်ခွန်းက "စိန်ကောင်း၊ ကျောက်ကောင်း၊ ပတ္တမြားကောင်းတို့ မပြည်သည်မှာ တစ်နေရာရာမှာတော့ အနာလေးတစ်စက်ရှိတတ်တယ်။ အဲဒါမှလဲ

www.burmeseclassic.com



တကယ့် ရတနာမည်တယ်။ အလားတူပဲ ယောက်ျားကောင်းတို့ အသည်းနှလုံးဆိုတာမှာလဲ အနာလေးတစ်ခုတော့ရှိစမြဲ”တဲ့လေ။

ဆရာဘုန်းဟာ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ မော်လမြိုင် တက္ကသိုလ်၊ ကောလိပ်များနဲ့ ပညာရေးတက္ကသိုလ်မှာ ပါမောက္ခချုပ်အထိ တာဝန်ထမ်းခဲ့ဖူးတာဆိုတော့ သွားလေရာရာ တပည့်တပန်းတွေက လက်ညှိုးထိုးမလွဲပါပဲ။ အဲဒီတပည့်တွေက ဆရာရောက်နေတယ်ဆိုရင်လဲ လာကန်တော့ကြ၊ နှုတ်ဆက်ကြနဲ့ ကျွန်တော်တို့က ဘေးကကြည့်ပြီး ပီတိဖြစ်ရပါတယ်။ သူ့တပည့်တွေဆိုတာကလည်း ပညာတတ်တွေ၊ ရာထူးရာခံကြီးကြီးလူတွေပါ။ ဒါပေမယ့် ဆရာဟာ ဟိတ်ဟန်လုံးဝမရှိပါဘူး။ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင် ဘဝနဲ့ပဲ ကျွန်တော်တို့ကို ဆက်ဆံပါတယ်။ သူ့ကိုယ်သူ ဘကြီးဖြစ်ခဲ့သူ၊ ညာကြီးဖြစ်ခဲ့သူဆိုတဲ့ ပပဥ္စတရားမထားပါဘူး။ ဒါဟာ စာရေးဆရာတစ်ယောက်အနေနဲ့ အလွန်ချစ်စရာကောင်းတဲ့ စရိုက်ပါ။

ဟောပြောပွဲမှာလည်း ဆရာဟာ အမြဲနောက်ဆုံးမှာ နေပါတယ်။ မှတ်မှတ်ရရ ရေတာရှည်မှာ ဆရာရယ်၊ ကိုဖေမြင့်ရယ်၊ ကျွန်တော်ရယ် သုံးယောက် နွဲကြတဲ့ပွဲ။ ဆရာဖေမြင့်က ရှေ့ဆုံးဟော၊ ကျွန်တော်က အလယ်၊ ကျွန်တော်တို့ နှစ်ယောက်စလုံး လမိုင်းကပ်ကပ်နဲ့ တစ်ယောက်ကို တစ်နာရီခွဲစီလောက် အချိန်ယူခဲ့ကြတယ်။ ဆရာ့အပြုံးမပျက်ပါဘူး။ မပျက်အောင် လုပ်ထားတဲ့ အပြုံးမဟုတ်ပါ။ တကယ်ကို နှစ်နှစ်လိုလို ရှိနေတာပါ။ “ဆရာကျွန်တော်တို့ အချိန်အတော်လေး ယူဖြစ်သွားတယ်”လို့ပြောတော့ “ဒီလောက်တော့ ဟောရမှာပေါ့ဗျာ၊ ဒါမှ အရေလည်မှာပေါ့၊ ဆရာနားလည်ပါတယ်။ မကြောင့်ကြပါနဲ့”လို့ ဆိုရှာပါတယ်။

အဲဒီလို စာရေးဆရာ၊ အနုပညာသည် လူကြီးပီသတဲ့ ဆရာဘုန်းရဲ့ ရုပ်ပုံလွှာဟာ ဟောပြောပွဲပြီးလို့ တည်းတဲ့အိမ်ပြန်ရောက်တဲ့အခါမှာ ပိုပိုပြီးထင်ရှား ပီပြင်လာပါတော့တယ်။ ဘယ်လိုလဲဆိုတော့...။



စာပေဟောပြောပွဲနဲ့ တစ်ဆက်တည်းရှိနေတဲ့ စိတ်ဝင်စားစရာ နောက်ထပ် ပွဲနှစ်ပွဲရှိပါတယ်။ အဲဒါကတော့ ရေးသူဖတ်သူ ဆွေးနွေးပွဲ ခေါင်းစီးအောက်မှာ အခမ်းအနားဆန်ဆန် လုပ်တဲ့ပွဲနဲ့ အခမ်းအနားမပါဘဲ တည်းခိုတဲ့နေရာမှာ ဧည့်သည်စာရေးဆရာနဲ့ ဒေသခံစာသမားတို့ ဒူးတိုက် ဆွေးနွေးကြတဲ့ပွဲဖြစ်ပါတယ်။ အချို့ စာရေးဆရာများက စာပေဟောပြောပွဲဟာ ပရိသတ်နဲ့၊ စင်မြင့်နဲ့၊ မိုက်ကရိုဖုန်းနဲ့ ဟောသူက ဟော၊ နာသူကနာ တစ်လမ်းသွားဆက်သွယ်မှု (ONE WAY RELATION)ဖြစ်ပြီး အခမ်းအနား ဆန်လွန်းတယ်ဆိုပြီး သိပ်အာရုံမထားကြပါဘူး။ ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးပြောဆိုကြတဲ့ ရေးသူဖတ်သူ ဆွေးနွေးပွဲသာလျှင် အပြန်အလှန် နှစ်ဦးနှစ်ဖက် ဖွင့်ဟခွင့်ရှိတဲ့ (TWO WAYS RELATION) ဖြစ်တယ် ဆိုပါတယ်။

တကယ်တော့လည်း စာဖတ်သူဘက်က ဘာတွေပြောချင်သလဲ၊ ပြောလာမလဲဆိုတဲ့အချက်ဟာ အရေးကြီးပါတယ်။ စာရေးသူဟာ စာဖတ်သူရဲ့အသံကို တိုက်ရိုက်နားကြားခွင့်ရှိတာ ပိုကောင်းပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ အားလုံးကို သဘောကျပါတယ်။ ဆွေးနွေးပွဲဖြစ်နိုင်ရင် ပိုကောင်းတယ်လို့ ပြောရပါတယ်။ ဒီအထဲမှာ အခမ်းအနား သဘောလုံးဝမပါဘဲ ဒူးတိုက်ဆွေးနွေးပွဲကတော့ ရင်ခုန်စရာ အကောင်းဆုံးပါပဲ။

ဆရာဘုန်းရဲ့ ရုပ်ပုံလွှာဟာ အဲဒီလို ဒူးတိုက်ဆွေးနွေးပွဲကျမှ အထင်ရှား အပြတ်သားဆုံး ပေါ်လာတော့တယ်။ ဟောပြောပွဲပြီးချိန်က ည ၁၂ နာရီကျော်။ ဟောရပြောရနဲ့ ဗိုက်ကလည်းဆာနေပြီ။ ဒေသခံများက ညစာလယ်စာများ စီစဉ်ထားပြီး တည်းတဲ့နေရာမှာ အမာခံစာပရိသတ်များနဲ့ စာရေးဆရာများ ထပ်ဆုံ (ဝိုင်းဖွဲ့)ဖြစ်ကြပါတယ်။

အဲဒီဝိုင်းမျိုးမှာ မိမိတို့နှစ်သက်ရာ ယမကာလေးများလည်း ပါတတ်ပါတယ်။လူဆယ်ယောက် ဝိုင်းဖွဲ့ဖြစ်ရင် ယမကာသောက်တဲ့သူရှိလို့

www.burmeseclassic.com



နှစ်ယောက်သုံးယောက်ပါပဲ။ 'အရိုင်'လေးနဲ့ဆိုတော့ စကားဝိုင်းက ပိုပြီးပြည့်နှေးထွေးတယ် မဟုတ်လား။ ရာသီဥတုကလဲ အေးလာပြီ မဟုတ်လား။ အကြောင်းပြချက်တွေက အဲဒီလို ခိုင်လုံနေပါတယ်။

ဒီဝိုင်းမျိုးမှာ လက်ဖက်ရည်ချိုပေါ့ကျ တစ်ခွက်၊ နှစ်ခွက် ရေနွေးကြမ်းကျကျ၊ စီးကရက်တစ်လိပ်ပြီးတစ်လိပ်နဲ့ ဒိုင်ခံပြောသူကတော့ ဆရာဘုန်းပါပဲ။ ဒိုင်ခံပြောတယ်ဆိုတဲ့ နေရာမှာ တစ်ယောက်တည်း စွပ်တင်နေတာမျိုး မဟုတ်ပါ။ တကယ့်ကိုပဲ ဆရာဘုန်းဟာ 'ဒိုင်' ဖြစ်လာတော့တာပါ။ ကျန်တဲ့ လူတွေက 'ထိုးသား'တွေလို ဖြစ်သွားတယ်။ ဒိုင်ဆိုတော့ လာသမျှ လက်ခံပြီး ဘယ်သူကဖြင့် မှန်(နိုင်)တယ်။ ဘယ်သူကဖြင့် မှား(ရှုံး)ပြီ ဆိုတာမျိုးကို သိမ်မွေ့စွာ ဆုံးဖြတ်ပေးတာမျိုး။

နောက် ဒိုင်ဖြစ်ပုံတစ်ခုက ဘောလုံးပွဲမှာ ကစားသမားတွေကို လိုက်လံထိန်းကြပ်ပေးတဲ့ ဒိုင်လူကြီးလိုလဲ ဆရာဘုန်းဖြစ်သွားပါတယ်။ နောက်တစ်မျိုးက စပါးလှည်းတွေက လာသွင်းတဲ့ စပါးတွေကို စုပုံ လက်ခံဆုံးဖြတ်တဲ့ အဝယ်ဒိုင်မျိုးလဲ ဖြစ်သွားတတ်ပါတယ်။

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သမိုင်းကြောင်း၊ အချစ်၊ စိတ်ပညာ၊ ဒဿနိကဗေဒ၊ ယမကာ၊ အားကစား၊ နိုင်ငံရပ်ခြားအတွေ့အကြုံ၊ အနုပညာနယ်က သွားလေသူများအကြောင်း၊ ရှိနေသူများအကြောင်း၊ ဗုဒ္ဓ ဓမ္မအရိယာဆိုက် ဆရာတော်ကြီးများအကြောင်း၊ လာသမျှ အကြောင်းစုံကို ဆရာဘုန်းဟာ ဒိုင်ခံပြောပါတော့တယ်။ နှုတ်စ အာစ ရှင်စေတယ်ဆိုတဲ့ ယမကာမှီဝဲထားသူများဟာ လက်ဖက်ရည်၊ ရေနွေးကြမ်းသောက်တဲ့ တက္ကသိုလ်ဘုန်းနိုင်ရဲ့ အာဝဇ္ဇန်းအောက်မှာ အသံ 'ဆိတ်'နေကြတော့တယ်။

သူပြောသမျှတိုင်းဟာလဲ အကြောင်းနဲ့၊ အကျိုးနဲ့၊ သမိုင်းနောက်ခံနဲ့ အခိုင်အမာပါ။ နားထောင်ကောင်းရုံ မည်ကာမတ္တ မဟုတ်သေးဘူး။ ခြေခြေမြစ်မြစ်နဲ့ ပညာရပ်ပိုင်းဆိုင်ရာ သီဝရီတွေနဲ့ အကိုးအကားတွေနဲ့ လက်တွေ့သာဓကတွေနဲ့ အဲဒီလို 'စေ့'နေအောင် ပြောနိုင်တာပါ။



ယုတ်စွအဆုံး အရက်အကြောင်း ပြောကြဦးမလား တစ်ခါဆိုတာ ဘယ်လို၊ ဘယ်အရက်နဲ့ဘယ်အရက် ဘယ်လိုစပ်ရတယ်၊ ဘာရှည်းရတယ်၊ ဝိုင်ကို ဘယ်လိုစနစ်နဲ့ သောက်ရတယ်။ ကော့ညက်သောက်ရင် ဘယ်လို ရှောင်ရ ဆောင်ရတယ် ဆိုတာမျိုးတွေ။

ကဲ၊ ယက္ကန်းစင်တောင် ဆရာတော်ဘုရားကြီး အကြောင်းလား၊ တိဗက်က သမထပေါက် ပုဂ္ဂိုလ်ကြီးတွေအကြောင်းလား၊ မဟိဒ္ဓိသိဒ္ဓိရှင်များရဲ့ ကွန်ဖရင့်အကြောင်းလား ဒါတွေကိုလဲ ဆရာဘုန်းက ခြေခြေမြစ်မြစ် ပြောနိုင်ပါတယ်။

သူ့ဝတ္ထုတွေထဲက ခိုင်၊ စွယ်တော်ရွက်၊ အစော၊ ဆောင်းညှို၊ တယောပြား၊ စကီဇိုဖရီးနီးယားတွေအကြောင်းများ တစ်ယောက်ယောက်က မစလိုက်နဲ့။ ဒါက ဆရာဘုန်းရဲ့ အပိုင်ကွက်လေ၊ သူ့နယ်လေ။ အဲဒီဒူးတိုက်ဆွေးနွေးဝိုင်းမှာ သက်လတ်၊ သက်ငယ်၊ စာပေသမားတွေအားလုံး ညှို့နှစ်ချက်သုံးနာရီ အတုံးအရုံး လဲသွားကြပေမယ့် ရေနွေးကြမ်းတစ်ကျိုက်၊ စီးကရက် တစ်ရှိုက်နဲ့ မားမားကြီးကျန်ရစ်ခဲ့သူက ဆရာဘုန်းပါပဲ။

တစ်ခါတော့ ကတ်သီးကတ်သတ်ခေါ် မလား၊ ကျွန်တော်က မေးမိတယ်၊ "ဆရာ စာအုပ်တိုင်းမှာ 'ငါ့ စာဖတ်၍ မမြတ်တိုင်စေ၊ မရှုံးစေသား ဖျင်းပြေနှစ်ခြိုက်၊ တွေးထိုက်ဖွယ်ရာ၊ တစ်ပိုဒ်တလေ၊ တွေ့ငြားပေမူ၊ စာပေကျေးကျွန်၊ ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်၊ ငါ့အတတ်ဟု၊ စာဖတ်သူပေါ်၊ ခေါင်းကိုကျော်၍။ ငါသော်ဆရာ၊ မလုပ်ပါတည်း"ဆိုတဲ့ ကဗျာလေး အမြဲပါတယ်။ ကျွန်တော်မေးချင်တာက အဲ သီချင်လာတာဆိုပါတော့ ဆရာရယ်၊ ဆရာက 'ငါသော်ဆရာ၊ မလုပ်ပါတည်း' ဆိုပေမယ့် ဆရာ့ဝတ္ထုတွေမှာ စာဖတ်သူ သိစေ တွေးစေ၊ ဆင်ခြင်စေချင်လို့ ဆရာ 'ဆရာလုပ်' ထားတာတွေ တွေ့ရပါတယ်။ အဲဒါ ဘယ်လိုလဲ ဆရာ"

ဆရာဘုန်းက ပြုံးပါတယ်။ အမြဲလိုလို အရောင်တောက်နေပြီး စဉ်းစားတွေးဆဟန် အငွေ့တွေ့နဲ့ ဝန်းဖွဲ့နေတဲ့ ဆရာ့မျက်အိမ်တွေဟာ ချင်ခင်ဖွယ် မှုန်မှိုင်းသွားသလိုပါပဲ။ သူက ဒီလို ဖြေပါတယ်။ "စနိုက်

www.burmeseclassic.com



ဝါသနာဆိုတာ ရဟန္တာကြီးများတောင် မပယ်နိုင်ကြဘူး သားရဲ့" (သူ တစ်ခါတစ်ရံ စိတ်လိုလက်ရ ရှိလာပြီဆိုရင် သားလို့ ခေါ်တတ်ပါတယ်။) ဆရာက ပုထုဇဉ်လေ၊ အထုံဝါသနာ အလေ့ဆိုတာရှိတာပေါ့။ ဆရာ့ အရေးအသား၊ အဟောအပြောတွေဟာလဲ ပဋိသမ္ဘိဒါပတ္တ အရိယာအရှင် မြတ်ကြီးတွေလို စ၊ လယ်၊ ဆုံး အပြစ်ကင်းဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဒီတော့ သားပြောသလို ဆရာလုပ်တဲ့ လေသံလေးတွေ ပါသွားနိုင်ပါတယ်။ ဆရာလုပ်လိုက်တယ် ဆိုတာမျိုးတော့ မဟုတ်ဘူး။ တစ်သက်လုံးက သူများကို စာသင်ပေးလာတာဆိုတော့လဲ ဆရာ မလုပ်တော့မှ သင်ကြား ပို့ချတာမျိုးတော့ ဖြစ်သွားနိုင်ပါတယ်"

★

ဆရာဘုန်းဟာ ၂၀၀၂၊ မေ ၁၀မှာ ကွယ်လွန်သွားခဲ့ပါပြီ။ အသက် ၇၂နှစ်အရွယ်မှာ ဆရာ အနိစ္စရောက်ခဲ့တာပါ။ ဆရာကွယ်လွန်ချိန်မှာ မီဒီယာတစ်ခုက ကျွန်တော့်ကို မေးပါတယ်။ ဆရာဘုန်းနဲ့ပတ်သက်ပြီး တစ်ခုခု ပြောပါတဲ့။ ကျွန်တော့် ရင်ထဲမှာ အဲဒီအချိန်က ဆရာရေးခဲ့တဲ့ ကျွန်တော်တို့ အစွဲကြီးစွဲခဲ့တဲ့ ဝတ္ထုကြီးတွေထက် ဆရာ့ရဲ့ 'ခပ်သိမ်းကလျာ ရှုဖွယ်သာတည်းနဲ့ လီရ ရနာဂဂါရောဝတီ' အခန်းဆက် ဆောင်းပါးကြီးတွေက ပိုပြီး ထိထိခတ်ခတ်ရှိနေဆဲဆိုတော့ မီဒီယာအမေးကို "ဆရာဘုန်း ကို ဝတ္ထုရေးဆရာကြီးအဖြစ်ထက် စာပေ၊ ကဗျာဆိုင်ရာ သဘောတရားတွေကို ခြေခြေမြစ်မြစ်၊ ခိုင်ခိုင်မာမာ ပြုစုပေးနိုင်တဲ့ ကျမ်းပြုဆရာကြီးအဖြစ် ကျွန်တော်ပိုပြီး နှမြောမဆုံး ရှိရပါတယ်"လို့ ဖြေခဲ့ပါတယ်။

ဆရာကွယ်လွန်ချိန်အရွယ် ၇၂နှစ်ဆိုတာ ဆရာ့အနေနဲ့ ရင့်ကျက်တည်ငြိမ်နက်ရှိုင်းလို့ကောင်းတုန်း အသက်အရွယ်ပါ။ ပညာရှင်တစ်ဦး အနေနဲ့ဆိုရင် အသက် ၇၀ကျော်ဆိုတာ နောက်ထပ်အနည်းလေး ဆယ်နှစ် ဆယ်ငါးနှစ်နေပြီး နက်ရှိုင်းခမ်းနားတဲ့ အဖိုးတန်အနုပညာ သဘောတရားတွေကို ပြုစုသွားရဦးမှာပါ။ အခုတော့....



ရေတာရှည်ဟောပြောပွဲ (၂၀၀၀ပြည့်နှစ်)က အပြန် ကားပေါ်မှာ သူ့အိမ်ကို လိုက်အပို့ ဆရာဘုန်း ပြောခဲ့တာတွေကို သတိရနေဆဲ၊ ကြားယောင်နေဆဲ။

"အနော်ရထာအကြောင်း ဆရာဝတ္ထုကြီးရေးဖို့ သန္နိဋ္ဌာန်ချခဲ့တာ ကြာပြီ။ ဆရာမရေးနိုင်သေးဘူး၊ မရေးရဲသေးဘူး၊ အနော်ရထာမင်းကြီးကို ဆရာ ဝင်စားပူးကပ်ကြည့်တိုင်း ကြက်သီးမွေးညင်း ထစရာတွေနဲ့ချည်းပဲ။ ဒါပေမယ့် သူ့ရုပ်လုံးက ဆရာ့နှလုံးသားထဲမှာ တဖြည်းဖြည်းပုံပေါ်လာပြီ၊ မြန်မာ့နှလုံးသား၊ မြန်မာရုပ်ပုံလွှာ၊ မြန်မာ့စရိုက်ကို အနော်ရထာကနေ ဆရာပုံဖော်ယူမှာ"

"ဆရာ့ ခေတ်ပြဇာတ်ရှည်ကြီးတစ်ပုဒ်ရေးဖို့လဲ အချက်အလက်တွေစုထားတယ်။ မရေးနိုင်သေးဘူး၊ ဆရာ့မှာ အချိန်ဆင်းရဲနေတယ်"

ကျွန်တော်တို့ ဘယ်သောအခါမှ ဖတ်ခွင့်ရမှာ မဟုတ်တော့တဲ့ စာအုပ်တွေ ဘယ်နှစ်အုပ်များရှိလေမလဲ။ ဦးခင်မောင်တင့်အနေနဲ့ ဘယ်လိုမှ မပြောသာပေမယ့် တက္ကသိုလ်ဘုန်းနိုင်အနေနဲ့တော့ ဆရာထွက်ခွာသွားတာ စောနေပါတယ်။ ဆရာ နေသင့်ပါသေးတယ် ဆရာရယ်....။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## ဝေဒနာကို စွမ်းအင်အဖြစ်သို့ အောင်မြင်လှပစွာ ကူးပြောင်းယူခြင်း

(သို့မဟုတ်)

**စန္ဒရားချစ်ဆွေ**

ရန်ကုန်အမျိုးသားဇာတ်ရုံ မြန်မာ့ရိုးရာ အဆိုအကအရေးအတီး ပြိုင်ပွဲ။ ပြိုင်ပွဲတွေက ပြီးသွားပါပြီ။ ဆုချီးမြှင့်ပွဲတောင် လုပ်ပြီးခဲ့ပါပြီ။ ဒါပေမဲ့ ဇာတ်ရုံကြီးထဲမှာ၊ တက်ရောက်သူအပြည့်ရှိနေဆဲပါ။ ရှေ့ခုံတန်းတွေမှာပဲ အစိုးရ အဖွဲ့ဝင်၊ ပြိုင်ပွဲနာယက အဖွဲ့ဝင်ဝန်ကြီးများ၊ ထိပ်တန်းအရာရှိကြီး များက ထိုင်နေကြဆဲပါ။

ဒီအခမ်းအနားက ဆိုကရေးတီးပြိုင်ပွဲကြီးရဲ့ တကယ့်နိဂုံးကမ္ပတ် အဆုံးသပ်ပွဲဖြစ်ပါတယ်။ ဧည့်သည်တစ်ယောက်ယောက်ကများ၊ ဒီပွဲကို လာပြီးတက်မယ်ဆိုရင် ဒီဇာတ်ရုံကြီးထဲမှာပဲ မြန်မာတစ်ပြည်လုံးက ဂီတ (အဆို+အတီး) အနုပညာရှင်ကြီးတွေ၊ အက (ဇာတ်+အငြိမ့်+ရုပ်သေး) အနုပညာရှင်ကြီးတွေ၊ တေးရေးဆရာကြီးတွေ အားလုံးကို တစ်စုတစ်စည်း တည်း တွေ့မြင်လိုက်ရတဲ့ အခွင့်ထူးကြီးကို ရသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ...။

www.burmeseclassic.com

www.burmeseclassic.com



ဆုရဆိုကရေးတို့ ပြိုင်ပွဲကြီး တစ်လျှောက်လုံး၊ ပြိုင်ပွဲ ဘာသာရပ် အသီးသီးမှာ အကဲဖြတ်အမှတ်ပေးခဲ့ကြတဲ့၊ အနုပညာရှင်များကို ဂုဏ်ပြုတဲ့ ဂုဏ်ပြုပွဲ၊ ပြီးတော့ တစ်ဆက်တည်း ကျင်းပမယ့် ညစာစားပွဲ...။ အခမ်းအနား ဖြစ်လို့ပါပဲ။

သဘင်ဘက်ကဆိုရင် အသက် ၉၀ကျော်ပြီဖြစ်တဲ့ ဦးရွှေဒေါင်းညို၊ (တက်ရောက်ဂုဏ်ပြုခံထဲမှာ အသက်အကြီးဆုံး)၊ သူ့ထက် သီသီငယ်တဲ့ ဦးစိန်အောင်မင်း၊ ဦးရွှေနန်းတင်၊ ဦးစိန်မာဒင်၊ ဒေါ်ရွှေလိပ်ပြာ၊ ဒေါ်အမာစိန်၊ ဒေါ်နွဲ့နွဲ့စန်း အစရှိတဲ့ အနုပညာရှင်ကြီးတွေ။

ရုပ်သေးဘက်ကဆိုရင် ဦးရဲဒွေး၊ ဦးချစ်စံဝင်း... အစရှိသူတွေ၊ ဆိုင်းဘက်ကဆိုရင် ဦးစိန်ဘမော်၊ ဦးစိန်နွဲ့... အစရှိသူတွေ။

အရေးဘာသာရပ် ဦးဗိုလ်ကလေးတင့်အောင်၊ ဦးမောင်မောင်လတ်...

အတီး (စန္ဒရား+ပတ္တလား၊ တယော+နဲ့....) ဘာသာရပ်... ဂီတလုလင်ဦးကိုကို၊ စန္ဒရား စိန်သောင်း၊ စန္ဒရားတင်ဝင်းလှိုင်....

အဆို..................။နောက်ပြီးတော့ ဇာတ်သဘင်ပြိုင်ပွဲမှာ အကဲဖြတ် အမှတ်ပေးခဲ့ကြတဲ့၊ ဆရာမကြီး ဒေါ်စောမုံညင်း၊ ဆရာကြီး ဦးမြင့်ကြည်၊ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)... အစရှိတဲ့ စာပေပညာရှင်ကြီးတွေ....။

ဗဟိုနှင့်ပြည်နယ်၊ တိုင်း အကဲဖြတ် အမှတ်ပေး (ဒိုင်) အနုပညာရှင်ကြီးများ စုံညီတဲ့ပွဲကြီး ဝှဲချီးဆင်ယင် ကျင်းပနေတာ ဖြစ်ပါတယ်။ ဒီအထဲမှာ ဆရာ့တပည့်တွေလဲပါရဲ့၊ လုပ်ဖော်ကိုင်ဖက်တွေလဲပါရဲ့၊ ငယ်ပေါင်းကြီးဖော်တွေလဲပါရဲ့...။

အခမ်းအနားက မစ,သေးပါဘူး၊ လူကြီးတွေ နေရာမယူသေးပါဘူး၊ အခမ်းအနားမှူး ဦးလှဝင်းကတော့ ကျေညာသူနေရာမှာ ထိုင်နေပါပြီ။ ဘာသာရပ်အလိုက်၊ သတ်မှတ်ထားတဲ့ ခုံတွေမှာ၊ ကိုယ့်အမည်တွေကို



ကပ်ပေးထားတာမို့ SEATING PLAN နဲ့ ထိုင်ကြရတာပါ။ အဲသလို ထိုင်ကြရင်းနဲ့ရှေ့နားလေး အစွန်ထိပ်မှာ ထိုင်နေတဲ့ လူငယ်တစ်ယောက်ကို သူ့နောက်ခုံမှာ ထိုင်နေတဲ့ လူကြီးတစ်ယောက်က ပုခုံးပုတ်တဲ့ပြီး လှမ်းပြောလိုက်ပါတယ်။

"....ပုရစ်ဖူးအပျိုတွေက၊ မဖြစ်ဘူးအစ်ကို၊ မဖြစ်ဘူး အစ်ကိုလို့... အချစ်လူးကာ ဆိုရတဲ့.... ဟော့ကောင်လေး.... ချစ်ဦးညို"

လှည့်ကြည့်စရာမလိုပါ။ ဒီလိုနဘေထပ်နဲ့ ဒီလို နောက်ရွတ်ပြီး နှုတ်ဆက်တတ်တဲ့ ပုဂ္ဂိုလ်။ လှည့်ကြည့်လိုက်မယ်ဆိုရင်လဲ... ပိရိသေသပ် စွာဖြီးထားတဲ့ ဆံပင် (အမောက်ကလေးက ယောင်ယောင်လေး)၊ ပြည့်ဖြိုးတဲ့ မျက်နှာ၊ အသားအရေက ညိုစိမ့်စိမ့်၊ အိပ်ရာထဲမှာတောင် တပ်ထားမလားထင်ရတဲ့၊ မချွတ်တမ်း ဆင်မြန်းသော ပါဝါနေကာမျက်မှန်။ စေ့စပ်တဲ့ နှုတ်ခမ်း။ ကျော့မော့တောက်ပနေတဲ့ ဝတ်စားဆင်ယင်မှု... တွေနဲ့... သူ... အစ်ကိုကြီးကို တွေ့ရမှာပါပဲ။

သူ... အစ်ကိုကြီး စန္ဒရား ချစ်ဆွေပါ။

ကျွန်တော်က လှည့်ကြည့်တဲ့ပြီး

"အစ်ကိုကြီး... အရင်အတိုင်းပဲလား"

"ဒါပေါ့ကွာ... မောင်ချစ်ရ၊ အရင်အတိုင်း၊ ဒီအတိုင်း၊ အပြောင်းအလဲမရှိ"

ကျွန်တော်တို့ချင်းသာ သိတဲ့ စကားဖြစ်ပါတယ်။

ဒီစကားကို ထပ်ပြီး ဝိဂြိုဟ်ပြုရရင် ဒီလိုလာပါတယ်။

"မောင်ချစ်ရဲ့ အနုပညာသမားဆိုတာ ဘဝတစ်လျှောက် ကြုံခဲ့ရသမျှ ကြုံနေရသမျှ ဝေဒနာတွေကို ဖယ်ထုတ်မပစ်ရဘူး၊ သိမ်းဆည်းထားရတယ်။ ဒါပေမဲ့ ဝေဒနာကို ဝေဒနာအတိုင်း ထားရင်တော့ မောင်ရင် ဝေဒနာသည်ကြီးပဲ ဖြစ်နေမှာပေါ့။ ဒီလို မဟုတ်ဘူးကွ၊ အဲဒီ ဝေဒနာတွေ မင်း လွမ်းရဆွေးရတာပဲဖြစ်ဖြစ်၊ ပျော်ရွှင်ရတာပဲဖြစ်ဖြစ်၊ အုံ့ဩရတာပဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၊ ကြည်နူးရတာပဲဖြစ်ဖြစ်....၊ ဘာပဲခံစားခံစားရ ဝေဒနာတွေသိမ်းထား။ ပြီးတော့ အဲဒါတွေကို အနုပညာပစ္စည်းအဖြစ် ပြောင်းယူလိုက်၊ ကုန်ချော ထုတ်လိုက်၊ ဒါအရေးကြီးတယ်ကွ၊ ဖျောက်မပစ်နဲ့။ STORE လုပ်ထား။ KEEPလုပ်ထား"

PHYSICS(ရူပဗေဒ)မှာ အပူမှသည် စွမ်းအင်သို့ဆိုတာ ရှိပါ ရောလား။ (FROM HEAT TO ENERGY) ဆိုတာလေ....။

အေး.... အဲဒါပဲ။

"ဒါဖြင့် အစ်ကိုကြီးကကော တစ်လျှောက်လုံး အဲဒီလိုလုပ်ခဲ့တာပဲ လား။

"ဒါပေါ့ကွ.... တစ်ပုဒ်တစ်လေမှ မလွတ်ဘူး"

"ဒါဖြင့်...."

ကပ်သီးကပ်သပ်နိုင်မယ့် မေးခွန်းတစ်ခု ကျွန်တော့်ခေါင်းထဲ ပေါ်လာပါတယ်

"မိန်းကလေး သီချင်းတွေ အစ်ကိုကြီး ရေးပေးတာကကော"

"အငှားခံစားမှု၊ အငှားဝေဒနာ...." ဝါ-တစ်နည်းအားဖြင့် ကရုဏာ.... စာနာမှု"

အနုပညာဆိုင်ရာ သီဝရီ တစ်ခုကို သူ ပေ့ါပါးစွာ ရှင်းပြနေတာပါ လားလို့ သဘောပေါက်လိုက်ရတယ်။

"အဲဒီ ဝေဒနာတစ်ခုခုက လျော့ပါးသက်သာသွားရင်ကော၊ ဒါမှ မဟုတ် အချိန်ရဲ့တိုက်စားမှုကြောင့် ပျောက်ကွယ်သွားရင်ကော...."

"နှစ်မျိုးရှိတယ်ကွ"

နေကာအရောင်ပါးပါးနောက်က သူ့မျက်လုံးတွေပိုပြီး စဉ်းယ် မှေးသွားသယောင်။

"တစ်ချို့က အသိမ်းအဆည်းမတတ်လို့ လျော့သွားတယ်၊ ဒါမှမ ဟုတ် ပျောက်သွားတယ်။ အဲဒီလိုဖြစ်ခဲ့ရင် အဲဒီ ဝေဒနာကို အကြောင်းပြု ပြီး မင်း.... အနုပညာပစ္စည်း မထုတ်လုပ်နဲ့။ လျော့.... ပျောက်သွားတဲ့



ဝေဒနာကို အကြောင်းခံပြီး အနုပညာလုပ်လိုက်ရင် မင်း သစ္စာမဲ့ရာ ကျသွားမယ်၊ အင်ထုရာ ရောက်သွားမယ်ပေါ့ကွာ"

'ဟယ်' လို့ရင်ထဲမှာ မြည်ဟီးသွားပါတယ်။ လှလိုက်တဲ့ ဖြစ်ခြင်း။

"နောက်တစ်မျိုးက လျော့သွား ပျောက်သွားတယ်ဆိုကတည်းက မင့်ဝေဒနာဟာ နဂိုကတည်းက နစ်နစ်နဲနဲ မရှိလို့ပဲ။ အဲဒီလို ဝေဒနာမျိုးကို အကြောင်းပြုပြီး မင်းအနုပညာတစ်ခုခုလုပ်ရင် မင်းအနုပညာလဲ ပေါက် ပေါက်ရောက်ရောက် ရှိမှာ မဟုတ်ဘူး"

တက္ကသိုလ်၊ ဒဿနိကဗေဒ ဘာသာရပ်မှာ ကျွန်တော်တို့ သင်ခဲ့ ရတဲ့ ရသပညာ (AESTHETICS)ထဲက အရေးကြီးလှတဲ့ ဝိဘာဂ (CATEGORY) တစ်ခုကို သူက သမ္မာရင့် အနုပညာရှင်ကြီး အနေနဲ့ လက်ချာ မဟုတ်သော လက်ချာပေးနေတာပါလား....။ ကျွန်တော် အဲဒီလိုပဲ သဘော ပေါက်လိုက်မိပါတယ်။

သူ့စကားတွေက ဆွဲအားပြင်းလွန်းလေတော့ ကျွန်တော့်ဆီက နောက်ထပ် မေးခွန်းထွက်လာပြန်ပါတော့တယ်။

"အစ်ကိုကြီး ရေးဆို သီချင်းတွေအားလုံးလိုလို၊ အို.... အားလုံးပဲ ဆိုပါတော့ အစ်ကိုကြီး စကားနဲ့ဆိုရင် အားလုံး ပေါက်ပေါက်ရောက်ရောက် တွေချည်း ဒီလိုဆိုတော့။ အစ်ကိုကြီးမှာက ရသမျှ ဝေဒနာတွေ အားလုံးကို သိမ်းကြုံးပြီး.... အဲ၊ နစ်နစ်နဲနဲ သိမ်းထားတာပေါ့၊ ဟုတ်လား၊ လျော့သွား ပျောက်သွားတာကို မရှိဘူးပေါ့-ဟုတ်လား"

သူ့မျက်နှာ ပြုံးယောင်ယောင် ဖြစ်သွားပါတယ်။

(ပြုံးယောင်ယောင်လို့ ပြောတာ စန္ဒရားချစ်ဆွေ နှစ်ခြိုက်စွာ ပြုံးလိုက်တာမျိုး တစ်ခါမှ မတွေ့ဖူးလို့ပါ။ ရယ်မောတယ်ဆိုတာတော့ သူ့ မျက်နှာ အဘိဓာန်မှာ မရှိတဲ့ စကားလုံးပါပဲ။)

"မင်း.... ပေါက်တတ်ကရတွေ လျှောက်မေးမနေနဲ့"

★

www.burmeseclassic.com

www.burmeseclassic.com



ဖျာပုံ၊ ကျိုက်လတ် တစ်ခုခုပါပဲ။

ကျွန်တော်(တို့)က စာပေဟောပြောပွဲ။ (အစ်ကိုလေး)လို့ ကျွန်တော်တို့ အားလုံးက ချစ်စနိုး ခေါ်ကြတဲ့ (ဘဘ) ဗိုလ်ကလေးတင့်အောင် ဦးစီးတဲ့ အဆိုအတီးအဖွဲ့က ဖျော်ဖြေပွဲ။

စင်ထက်၊ မီးရောင်အောက်၊ တောက်ပဝင်းလက်နေတဲ့ စန္ဒရားမှာ ထိုင်ပြီး KEY တစ်ခုခု လက်စမ်းလိုက်တဲ့ သူ့ကို ကျွန်တော်ချစ်ခင် လေးစားစွာ ကြည့်နေမိပါတယ်။ မဟော်ဂနီရောင် နက်မှောင်တောက်ပနေတဲ့ စန္ဒရားသေတ္တာကြီးဟာ သူဝင်ထိုင်လိုက်ချိန်မှာ အရောင်မှိန်ဖျော့သွားတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘာကြောင့်လဲ။ သူ့ရဲ့ တောက်ပစွန်းလက်ခြင်းက ဖုံးလွှမ်းလိုက်လို့ပါပဲ။ သူဝတ်ပုံစားပုံနေပုံထိုင်ပုံဟာ စမတ်ကျလွန်းပါတယ်။ ဆံပင်ကို အကျအနစွဲပြီး ဖြီးသင်ထားလိုက်ပုံကလဲ ဆံမျှင်လေး တစ်မျှင်တောင် ထောင်နေတာ၊ ထွက်နေတာ မရှိနိုင်ပါဘူး။

လည်ကတုံးရှပ်၊ တိုက်ပုံ၊ ပုဆိုး... အရောင်အသွေးလိုက်ဖက်စုံပြည့်မှုကိုလဲ သူ့ရွေးတတ် ဝတ်တတ်လွန်းပါတယ်။

အို... နေဦး... စန္ဒရားကြီး အရောင်မှိန်သွားတာဟာ၊ အဲဒီ မဟော်ဂနီ ကိုယ်ရောင်ကိုယ်ဝါတွေချည်း သက်သက်ကြောင့်တော့ မဟုတ်ဘူး၊ ဘာကြောင့်လဲ 'စန္ဒရားချစ်ဆွေ' ဆိုတဲ့ အနုပညာရှင်ကြီးကြောင့်...။

သူ့ကိုကြည့်ရင်း ကျွန်တော့်အာရုံထဲမှာ...

အလွန်လှပကျော့ရှင်းပြီး ကြန်အင်လက္ခဏာကောင်း အပေါင်းတို့နဲ့ ပြည့်စုံသော မြင်းနက်ကြီးတစ်စီးအပေါ်၊ မြင်းစီးသူရဲကောင်းကြီး ချပ်ဝတ်တန်ဆာအပြည့်၊ လက်နက် အပြည့်အစုံ ချိတ်ဆွဲလို့... လွှားခနဲ တက်လိုက်တဲ့ မြင်ကွင်းတစ်ခု ထင်လာတယ်။

မြင်းကြီး... ဖက်စင်း... ကျောခင်းပြီး ငြိမ်လို့လေ။

မကြာပါဘူး၊ လာပါပြီ၊ မြင်းစီးသူရဲကောင်းရဲ့ အသထိုရ် ကျွမ်းကျင်မှုစွမ်းရည်။

မိုက်ကရိုဖုန်းကို သူစိတ်ကြိုက်အနေအထားဖြင့်...



သူ့လက်တွေက စန္ဒရားခလုတ်ရဲ့ ဝဲဘက်ကနေ ယာဘက်တွေဆီ ရွှေ့လျား...။ ပြီးသကြည်မြတဲ့ အသံတွေက လေအဝှေ့မှာ ပန်းပွင့်တွေ ဖျောဖျောကြွေကျလာသလို... ။ ပြီးတော့...

"မွှေး... လွန်းသည့်... ပန်း... မနမ်းဝံ့ပြီ"

သူဆိုနေတာလား၊ သူတီးနေတာလား။

အဲဒီလက်ချောင်းတွေနဲ့ အဲဒီ အသံဖြစ်ပေါ်ရာ ဌာန်တွေက ဘယ်လိုနည်းနဲ့ အံ့မခန်း ပေါင်းစည်းညီညွတ်၊ တစ်ခုနဲ့တစ်ခု ယှက်လိမ်လူး လွန့်... ဖြစ်နေကြတာလဲ...။

"....ဆုံးရှုံးခြင်းသာ... ရင်မှာပိုက်လို့... ငိုရှိုက်ကာအဝေး... ပြေးရပါတော့မည်...."

လက်ခုပ်သံတွေပြိုကျလာပါတယ်။ အဲဒီလက်ခုပ်သံတွေထဲမှာ ကျွန်တော့် လက်ခုပ်သံ မပါပါ။ ကျွန်တော် လက်ခုပ်တီးဖို့ မေ့နေတာလား၊ ဒါမှမဟုတ် လက်ခုပ်တီး ဩဘာပေးခြင်းကို လွန်သွားတာလား....

ဟင့်အင်း... ပန်းစည်းတက်မပေးချင်ဘူး၊ လက်ဆွဲနှုတ်မဆက်ချင်ဘူး၊ အဲဒါတွေက (ကျွန်တော့်အတွက်)၊ သူ့ကို ထိုက်တန်စွာ ဂုဏ်ပြုခြင်း မဟုတ်ဘူး။ အဲဒါတွေက သူ့အတွက် လျော့နိမ့်နေတယ်...။

သူပြောတဲ့ စကားက နားထဲ ပဲ့တင်ရိုက်လာတယ်။

"အပူမှသည် စွမ်းအင်သို့ဆိုတာ ရှိပါရောလား၊ အေး... အဲဒါပဲ"

သူ့အလှည့်ပြီးလို့၊ ဇာတ်ခုံပေါ်က ပျောက်ကွယ်သွားပေမဲ့ ကျွန်တော့် အာရုံထဲမှာ- သူ မပျောက်ကွယ်။

★

လောကဇာတ်ခုံပေါ်က သူပျောက်ကွယ်သွားပေမဲ့ ကျွန်တော့်ရင်ထဲမှာ သူ မပျောက်ကွယ်။

သူ့မိသားစုဝင်တွေက သူ့ 'လက်ကလေး'တွေပေါ်မှာ ရွေ့ချနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမသိတော့ဘူး၊ သူမရှိတော့ဘူး။

မဟုတ်သေးဘူး၊ သူရှိနေသေးတယ်။

စန္ဒရားချစ်ဆွေက ရှိနေသေးတယ်။ ဘယ်အထိ ရှိနေမှာလဲ။

သူ့ကိုချစ်တဲ့ လူတွေအားလုံး တစ်ယောက်မှ မရှိတော့တဲ့ အချိန်ကျမှ သူပျောက်ကွယ်မှာ။ စန္ဒရား ချစ်ဆွေကို ချစ်တဲ့လူတွေ... လောကကြီးမှာ တစ်ယောက်တည်းပဲ ကျန်နေတဲ့အထိ သူရှိနေဦးမှာ ဖြစ်တယ်။

ဟောဒီကမ္ဘာမြေပေါ်မှာ... လူသားဆိုလို့ တစ်ယောက်တည်းပဲ ကျန်တော့တယ်ဆိုပါတော့။ နောက်ဆုံး အသက်ရှင် ကျန်ရစ်တဲ့ လူသား တစ်ယောက်ဆိုပါတော့၊ အဲဒီလူသားက...

"သာယာသော ကန်အကွေ့မှာ... တွေ့ကြတုန်း... ပြုံးလို့... စိန်ပန်းပြာနဲ့ ပန်ရသူရေ..." ဖြစ်ဖြစ်။

"အို... ဒါပေမဲ့... ချစ်ကြမ္မာကံရယ်... ချစ်ဗိမန်နန်းကို... ပျံသန်းရင်းကွယ် အတောင်ကျိုးခဲ့ရတဲ့ ငှက်ငယ်သဖွယ်" ဖြစ်ဖြစ်။

"ကြည်သာ ရွှင်ပြုံး ကြော့ဆုံးသက်လျှာ... ငါးဖြာဂုဏ်အင်... ဇမ္ဗူတွင် ပြိုင်ဘက်ရှား" ဖြစ်ဖြစ်။

"ညိုပြာပြာ၊ လတာပြင်ခြေရင်း-လှိုင်းတက်ရာ ဗေဒါတက်၊ လှိုင်းသက်ရာဆင်း" (စန္ဒရားချစ်ဆွေ အသံထည့်) ဖြစ်ဖြစ်

"မုန်းဆက်ဆက်မရှယ်... အသက်ထက် အသည်းချင်းချည်နှောင်" ဖြစ်ဖြစ် ရမိရရာ တစ်ပိုဒ်ဖြစ်ဖြစ်၊ တစ်လုံးတစ်ပါဒ ဖြစ်ဖြစ်... ဆိုညည်း... နေတဲ့ အချိန်အထိ... သူရှိနေတယ်... သူရှိနေမှာဖြစ်တယ်။

★

သူရဲ့အသက် (၇၀)ပြည့်မွေးနေ့နဲ့ အနုပညာသက်တမ်း (၅၆) နှစ်မြောက်၊ အမှတ်တရ ဂုဏ်ပြုခဲ့ကြတဲ့ ပွဲကြီးမှာ၊ သူကလွဲလို့ အားလုံးစုံညီရောက်ရှိနေကြပါပြီ။

"မွေးနေ့ရှင်က မွေးနေ့ပွဲ မတက်နိုင်တော့ဘူးတဲ့"



"အို... မဟုတ်တာ၊ ဘာဖြစ်လို့လဲ"

"သူ အတော်နေမကောင်း ဖြစ်နေတယ်"

"DEHYDRATE....ရေဓာတ်ခမ်းခြောက်တာဆိုလား"

အားလုံး လည်တဆန့်ဆန့် ဖြစ်နေကြတယ်။

"ဟော... သူလာပါပြီ"

"ကုတ်အင်္ကျီကြီးနဲ့ ပါလား"

ကျွန်တော်လှမ်းကြည့်လိုက်တော့... အမြဲ တောက်ပစိုပြည်ရွှင်းသန့်နေတဲ့ စန္ဒရားချစ်ဆွေမှ မဟုတ်ပဲ။ အကြော့ဆုံး၊ အသားနားဆုံး ဝတ်စားဆင်ယင်လာမယ့် စန္ဒရားချစ်ဆွေကို ကျွန်တော်က ကြိုမြင်ပြီး မျှော်နေတာ... အခုတော့။

ဘလေဇာကုတ် မီးခိုးရောင်နဲ့၊ မျက်နှာကလည်း ညှိုးလို့...။

"မချို (ချို့ပြုံး) တစ်ယောက်တော့၊ ခန်းမ အပြင်ထွက်ငိုနေပြီ"— တဲ့။

"ဟင်... ဘာဖြစ်လို့လဲ"

"သူ့ရောဂါအခြေအနေကို မချို အပါအဝင် လူအချို့ သိသွားကြပြီလေ"

သူ့မွေးနေ့ကို ဂုဏ်ပြု ကျင်းပပေးတဲ့ ကဗျာဆရာ မောင်ဟေမာ (ဦးမောင်မောင်အေး-အလင်္ကာဝတ်ရည်)လည်း မျက်စိမျက်နှာပျက်လို့...။

ထိပ်ဆုံးစားပွဲ၊ အစ်ကိုလေး ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင် ဦးကိုကိုတို့နဲ့အတူ သူဝင်ထိုင်လိုက်ချိန်မှာပဲ။ အခမ်းအနားမှူး ကိုတာတူးလေး (ရန်ပိုင်စိုး)က စင်မြင့်မှာ နေရာယူလိုက်ပါတယ်။ ကျေညာပြီးနောက်မှာ...

စန္ဒရားမောင်လှအေး အဖွဲ့နဲ့အတူ ဂုဏ်ပြုတီးလုံးနဲ့ဂုဏ်ပြုတေးတို့ နာမည်ကြီး အဆိုတော်များက စုပေါင်းသီဆိုကြတယ်။ ကိုလှအေးကလည်း သူ့ဆရာကို ပူဇော်ထားလိုက်တာ...။ သူ့ဆရာသီချင်းတွေရဲ့ တေးသွား

www.burmeseclassic.com

www.burmeseclassic.com



(MELODY) တွေကို အလိုက်သင့်စပ်ဟပ်တွဲဖက်ပြီး 'တီးလုံးပန်းကုံး'ကြီး တစ်ကုံးဖြစ်အောင် 'သီ'ထားပါတယ်။ လှလိုက်မွှေးလိုက်တာ။

မလှမ်းမကမ်း စားပွဲတစ်ခုကနေပြီး သူ့ကို ကျွန်တော် လှမ်းကြည့်လိုက်ပါတယ်။

"အားမရလိုက်တာ၊ အစ်ကိုကြီးရာ....၊ မျက်နှာကလည်း ညှိုးနေလိုက်ပုံများ"

ရင်ထဲက မြည်တမ်းမိပါတယ်။

ရန်ပိုင်စိုး ပြန်တက်တယ်။ အစီအစဉ်ကို ထူးထူးခြားခြားလေး လုပ်ထားပါတယ်....။ "သီချင်းဆိုဝါသနာကြီးကြတဲ့ စာပေနယ်က စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ စာနယ်ဇင်းဆရာတွေ.... ကစပြီး အလှည့်ကျ သီချင်းတွေဆိုကြပါစေ...."တဲ့၊ အဲဒါ... သူ.... စန္ဒရားချစ်ဆွေ၊ အစ်ကိုကြီးရဲ့ ဆန္ဒ.... တဲ့။ သြော်.... အစ်ကိုကြီးရယ်....။

အလင်္ကာဝတ်ရည် စတူဒီယိုမှာ ကီးချိန်၊ သီချင်းတိုက်ထားခဲ့ပြီး ဖြစ်လို့ ကျွန်တော် သွေးမလန့်ပါဘူး။ သူ့ရှေ့မှာ သူ့သီချင်းဆိုရမှာ ဖြစ်လို့လဲ မတွန့်ပါဘူး....။ ဒါပေမယ့်.... ကျွန်တော်ဆိုလည်း ဆိုချင်တယ်။ မဆိုလည်း မဆိုချင်ဘူး အစ်ကိုကြီးရယ်....။

ရန်ပိုင်စိုးက ခေါ်ပါပြီ၊ ပထမဆုံး အလှည့်ကျသူက ချစ်ဦးညို။ သူ့နားက အဖြတ်မှာ သူ့ကို ကျွန်တော် လက်အုပ်ချီခဲ့ပါတယ်။ စင်ပေါ်ရောက်တော့လည်း လက်အုပ်ချီ ကန်တော့ပါတယ်။

'မွှေးနေ့ရှစ် သက်တော်ရာကျော်ရှည်....' ဘာညာပြောဖို့ အခွင့်မသာတော့ပါ။ စန္ဒရား ကိုလှအေးက 'အင်ထရို' ဝင်ပါပြီ။

"မွေး.... လွှမ်းသည့်ပန်း.... မနမ်းဝံ့ပြီ
လှလွှမ်းသည့်ပန်း.... မလှမ်းဝံ့ပြီ...
မာယာပရိယယ်.... နှစ်သွယ်ထက်လို့....
ရက်စက်မှုအပေါင်း.... သရဖူဆောင်းခဲ့ပြီ...."

သီချင်းထဲ အာရုံနှင့်၊ အသံကိုထိန်း၊ ဘယ်သံညာသံ၊ ဂရုလဟု ၊



ဒီယ၊ ရသ၊ အဆွဲအငင်၊ အဖြတ်အတောက်....။

"....ဆုံးရှုံးခြင်းသာ.... ရင်မှာပိုက်လို့...
ငိုရှိုက်ကာအဝေး ပြေးရပါတော့မည်...."

သီချင်းပြီး။ လက်အုပ်ချီ။ စင်ပေါ်က ဆင်း။ သူ့စားပွဲဆီသွား....

"အစ်ကိုကြီး.... ကျွန်တော် ORIGINAL KEY အတိုင်း ကြိုးစားဆိုပါတယ်"

ယောင်ယောင်လေး.... သူခေါင်းညိတ်ပါတယ်။

အဲဒါဟာ.... 'အေးပါကွာ'လဲ ဖြစ်နိုင်တယ်။ 'မောင်ချစ် အပူမှုသည် စွမ်းအင်သို့နေ'ဲ လည်း ဖြစ်နိုင်တယ်။ ဘာတဲ့။ ဝေဒနာကို သိမ်းထားတဲ့ ....။ ဟုတ်လား၊ အစ်ကိုကြီး....။

★

အလှည့်ကျ တက်ဆိုကြတယ်။

မွေးနေ့ရှင်ကတော့ ခဏပဲနေပြီ ပြန်သွားပြီ.... တဲ့။

သူပြန်သွားတာ ကျွန်တော်မသိလိုက်ပါ။

သီချင်းသံ၊ ဂီတသံ၊ စကားပြောသံ၊ နှုတ်ဆက်သံ၊ ပုလင်းသံ၊ ဖန်ခွက်သံ၊ ဌွန်းသံ၊ ခက်ရင်းသံ၊ ....အသံ.... အသံတွေ ရှုပ်ထွေး ဆူညံလို့....။

နောက်ဆုံးတော့ အသံတွေရဲ့ ဆူညံရှုပ်ထွေးခြင်းဟာ အမြင့်ဆုံး အကျယ်လောင်ဆုံး၊ အမြည်ဟီးဆုံးကို ရောက်သွားပြီး.... အခြားမဲ့မှာတော့ တိတ်ဆိတ်ခြင်း၊ ပကတိ တိတ်ဆိတ်ငြိမ်သက်ခြင်း....။

အဲဒီ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက်ခြင်းထဲမှာ....

စန္ဒရားသံလေးနဲ့.... သီချင်းဆိုသံလေးပဲ.... သဲ့သဲ့လွင့်လာနေတယ်။

"သင့်အားတုဖက်ပြိုင်.... ကျွန်တော်မျိုးတော့ဖြင့် မနိုင်ပါပြီ...."

(သင်....ဆိုတာ မရဏကို ပြောတာလား-အစ်ကိုကြီးရယ်)

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## ထွက်သက်ဝင်သက်တိုင်းမှာ၊ ဂီတဖြင့်
## ရှင်သန်(ပေါက်ဖြောက်)သူ
## (သို့မဟုတ်)
## ဂီတလုလင်မောင်ကိုကို

"ဆရာကိုလို့ မခေါ်စမ်းပါနဲ့ကွယ်၊ ကိုရင့်အဖေနဲ့ကိုယ်နဲ့က ညီအစ်ကိုလို နေခဲ့ကြတာပါ။ ကိုရင့်အဖေက အကြီးပေါ့။ ကိုယ်က အငယ်ပေါ့..."

"ဒါဆိုရင်.... ဦးလေးကိုလို့ ခေါ်မယ်လေ"

"အေး... ကြိုက်ပြီ"

ဆိုကရေးတီးပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲ အကဲဖြတ်ဒိုင်လူကြီးများ ညှိနှိုင်းဆွေးနွေးပွဲအပြီးမှာ ဦးလေးကိုနဲ့ ကျွန်တော် အဲဒီလို ပြောဖြစ်ခဲ့ကြပါတယ်။

သူ့ကို ဆရာကိုလို့လည်း ခေါ်ကြ၊ ဒက်ဒီကိုလို့လဲ ခေါ်ကြတာ များပါတယ်။ အဲဒီအခေါ်အဝေါ်တွေထဲက ကျွန်တော့်ရဲ့ 'ဦးလေးကို' ကို သူ နားမြိန်ရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘဲမြီးဆံပင်လေးနဲ့အရပ်ပြတ်ပြတ်နဲ့ မျက်နှာကလည်း ထူးထူးခြားခြား ခပ်ပြားပြား...။ သူ့အသွင်က ထင်းခနဲနေအောင် သိသာခြားနားပါတယ်။ သူ့အသံကလည်း ထူးထူးခြားခြားပါပဲ၊ စကားပြောတာကောင်မှ ပီသကြည်မြလှတယ်။ စကားလုံး အပိုအလို မရှိ၊ ချက်ကျလက်ကျ ပြောတတ်တယ်။ နာယကကြီး အမှူးပြုတဲ့ ဆိုကရေးတီး ဖိုင်ချုပ်များနဲ့ အခြားဌာနဆိုင်ရာ စစ်ဘက်နယ်ဘက် အရာရှိကြီးများ တွေ့ဆုံညှိနှိုင်းကြတဲ့ အစည်းအဝေးမှာ သူက စကားပြောရင်လဲ ေးပြီး နားထောင်ရတယ်။ ဂါရဝနိဝါတ တရားနဲ့ယှဉ်တယ်။ လိုရင်းကို ဒက်ခနဲရောက်အောင် ပြောနိုင်တယ်။ သိပ် COMPACT ဖြစ်ပါတယ်။

ဂီတလုလင်မောင်ကိုကိုဆိုတဲ့ ထို 'ပဂေး' ကြီးနဲ့ တွဲဝရီးလို ရင်းနှီးအလုပ် အတူတူလုပ်ခွင့်ရလာလိမ့်မယ်လို့ ကျွန်တော်ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ။ ရင်းနှီးချစ်ခင်စွာနဲ့ (ကျွန်တော့်ဘက်က လေးစားစွာဆိုတာကို ထပ်ဖြည့်) လက်တွဲလုပ်ခွင့်ရလာတော့ ကြည်နူးဝမ်းသာ ရှိလိုက်တာ။

"အေးချမ်းသာတဲ့ မြန်မာပြေ (ပြည်)" ခတ်ပြားသီချင်းသံ တစ်ပြည်လုံးမှာ ဝဲပျံ့နေခဲ့စဉ် ကျွန်တော်က ရှိလှ ၇ နှစ် ၈ နှစ်။

အဲဒီသီချင်းဟာ ပြည်တော်သာစီမံကိန်း လှုံ့ဆော်တေးဖြစ်ကြောင်း၊ ရေးစပ်သီဆိုသူဟာ ဂီတလုလင်မောင်ကိုကိုဖြစ်ကြောင်း၊ မသိဘဲနဲ့ ချာတိတ်ကျွန်တော်ဟာ အားပါးတရ ဟစ်ခဲ့ဖူးပါတယ်။ နောက်တော့ ၇ တန်း၊ ၈ တန်းလောက် အရွယ်မှာ ဂီတလုလင်မောင်ကိုကို ကို၊ သီချင်းစာအုပ်တွေထဲ မြင်ဖူးလာပါတယ်။ ဟင်... 'လုလင်' ဆိုပြီး... ချောလဲ မချောဘူးလို့ အောက်မေ့ခဲ့ပါသေးတယ်။

ဒီလိုနဲ့... သူကလည်း သူ့ဘဝ သူ့ဂီတနဲ့တည်ဆောက်၊ တစ်စထက်တစ်စ ကြီးထွား ခံ့ညားလာနေချိန် ကျွန်တော်ကလဲ တက္ကသိုလ်တွေတက်၊ ဘာညာစာရှူးပေရှူး ဘဝနဲ့ နှစ်ကာလများ ကြာညောင်းလာခဲ့ပြီး...

သူနဲ့ နီးနီးစပ်စပ်ဖြစ်ဖို့ ဖန်လာတဲ့အကြောင်းက...



'မြေပဒေသာမှ ပြဇာတ်ပဒေသာ' ပွဲဖြစ်ပါတယ်။

မြေကျေးရှင်းက ဗိုလ်မှူးတင်အောင်ဦးစီးပြီး ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ ပူးပေါင်းတင်ဆက်ကြတဲ့... ပွဲ။ ကန်တော်ကြီး မြေပဒေသာကျွန်း၊ လေဟာပြင်ဇာတ်ရုံမှာ ဇာတ်တိုက်ကြ၊ ကကြ၊ ဆိုကြ၊ တီးကြ

ကျွန်တော့် ဘခင်ကြီး (ဦးရွှေဒေါင်းညို)က အကမှန်သမ္မတာဝန်ခံ၊ တေးသရုပ်ဖော်၊ ပြဇာတ် တာဝန်ခံက (အစ်ကိုလေး) ဗိုလ်ကလေးတင့်အောင်၊ သီချင်းဂီတ တာဝန်ခံက အစ်ကိုလေးရဲ့ညီ... သူ —— ဂီတလုလင်မောင်ကိုကို။

သူတို့တွေ ဇာတ်တိုက်ကြတိုင်း ကျွန်တော် လိုက်လိုက်သွားပါတယ်။

"ဆရာဒေါင်း... ကျွန်တော့် တီးလုံးက မြန်မာသံနဲ့ အနောက်တိုင်းသံကို မျှတအောင် ချိတ်ပြီးစပ်ထားတယ်။ အနောက်တိုင်းသံ အသွားထဲမှာ စခွန့်သံ၊ ပတ်မချက်သံတွေပါတယ်။ အဲဒါကို ကကွက်သွင်းဖို့"

"ဖြစ်ရစေမပေ့ါ... ကိုကိုရယ်"

ဘခင်ကြီးက... သူ့ကို... ကိုကို...တဲ့။

သူတို့တတွေ၊ အလုပ်လုပ်ကြပုံများ၊ ထုံဆစ်လိုက်ကြပုံများ၊ ဆိုင်ရာ ဆိုင်ရာ ပညာရှင် ပဂေးကြီးတွေဆိုတော့၊ တစ်ယောက်အထာတစ်ယောက်နားလည်။ အပေးအယူမျှ လိုက်ကြပုံများ...

မြေပဒေသာမှ ပြဇာတ်ပဒေသာဟာ ၁၉၆၀-၁၉၇၀ခုနှစ်များကာလမှာ သရုဖူဆောင်းခဲ့တဲ့ ပွဲသဘင်ကြီး ဖြစ်ခဲ့ပါတယ်။

ရုပ်ရှင်ဘက်က ဆိုရင်လည်း ထိုစဉ်က နာမည်ကြီး မင်းသားမင်းသမီးတွေ။ သရုပ်ဆောင်တွေ။ ဂီတ၊ ထိုနည်းတူ။ ပြဇာတ်... ထိုနည်းတူ

အဆိုတွေ၊ တေးသရုပ်ဖော်တွေ၊ တစ်ခန်းရပ်ဟာသပြဇာတ်တွေ၊ သိမ်းအကတွေ (ဘူးသီး၊ ခရမ်းသီး၊ ရုံပတီသီးယိမ်းလိုအကမျိုးတွေတောင် ပါပါတယ်) တကယ့်ကို တစ်ထိုင်တည်းနဲ့ တစ်ဝကြီးကြည့်ရတဲ့ သဘင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပါပဲ။

ပွဲစတာ ၇ နာရီဆိုပေမယ့် ညနေ ၄ နာရီလောက်ကတည်းက 'သူတို့' ဟာ ကန်တော်ကြီး မြေပဒေသာကျွန်းက ရေစပ်တံတားလေးမှာ 'ဝိုင်းဖွဲ့' နေကြပါပြီ။ ဗိုလ်မှူးတင်အောင် အထူးစီမံထားတဲ့ ရေပေါ် RESTAURANT အသေးစားလေး။ ဦးရွှေဒေါင်းညို၊ ဗိုလ်ကလေး တင့်အောင်၊ ဗိုလ်မှူးတင်အောင် ပြီးတော့ နောင်အခါ ကျွန်တော့်ရဲ့ ဦးလေးကို ဖြစ်လာမယ့်...သူနဲ့ အခြား အနုပညာရှင်ကြီးတွေ...။ ကန်တော်ကြီးရေပြင်၊ သစ်ပင်စိမ်းစို၊ ပန်းပွင့်ရောင်စုံ၊ နေညိုညို။ ပြီးတော့ အမြည်း အစုံအလင်နဲ့ သူရာရည်။

ထိုစဉ်က တက္ကသိုလ် ဒုတိယနှစ်လောက်သာရှိသေးတဲ့ ကျွန်တော် ဟာ သူတို့ဝိုင်းနား မကပ်ရဲဘဲ၊ ထမင်းစားလက်မှတ် ကူပွန်လေးကိုင်ပြီး မလှမ်းမကမ်းကနေ ငေးနေခဲ့ရတာပါ။ ဇာတ်ရုံဘက်ဆီကလဲ ရယ်သံတွေ တဝါးဝါး၊ ဦးကျော်လီဆွေရဲ့ ပြက်လုံး(ပုံပြင်)များ၊ လူရွှင်တော် (ဦး)အေးကို ရဲ့ ဘင်ဂျိုလက်စမ်းသံ။ ဦးဖိုးပါကြီးရဲ့ မျက်လှည့်ပစ္စည်းတွေ ရွှေ့သယ်ပြင် ဆင်သံ၊ ကိုတင်ဦးလေး (အဲဒီပွဲကနေ တင်ဦးလေးဖြစ်လာတာ)ရဲ့ "ခွင့်မပန် ပဲ သွားပါနဲ့လားကွယ်" ဆိုညည်းသွေးပူလေ့ကျင့်ခန်းအသံ။ မေခလာ (ငြိမ်း ငြိမ်း/ရုပ်ရှင်မင်းသမီး)ရဲ့ ဒိုင်ယာလော့ဂ်ကျက်ဖတ်သံ၊ ပြည်လှဖေ ကိုယ်တိုင် နန်းဝတ်နန်းစားနဲ့ လှုပ်ရှားမယ့်၊ 'နန်းကေသီ' တေးသရုပ်ဖော် ဇာတ်လုံး အစမ်းဖွင့်သံ.... .... .... ....။

ဒဿနိကဗေဒ ဘာသာရပ်တွေနဲ့ စိတ်ဖိစီးမှု ရနေတဲ့ ကျွန်တော် ဟာ အဲဒီအခင်းအကျင်းထဲမှာ 'အဲလစ်စ်အင်န် ဝမ်းဒါးလဲ့န်ဒ်' ဖြစ်သွားပါ တယ်။

ငေးကြည့်နေတဲ့ ကျွန်တော့်ကို ဘဘ(ဦးရွှေဒေါင်းညို)က လှမ်း ခေါ်လိုက်ပါတယ်။

"ကျော်ကျော်၊ ဒီနားလာထိုင်လေကွာ"

'သူ'က လှမ်းကြည့်တယ်။ ပြီးတော့ ဘဘကိုမေးပါတယ်။



"ကျော်ကျော်ဆိုတာက...."

"ကိုယ့်သား အကြီးဆုံး၊ တက္ကသိုလ် ဒုတိယနှစ်"

"ဩ.... ဟုတ်လား.... ကျော်ကျော် လာလေကွာ"

သူကပါ ကျွန်တော့် ငယ်နာမည်ကို ခေါ်ပါတယ်။

ကျွန်တော် ဝင်မထိုင်ရဲပါ။ ပြုံးပြီး ခေါင်းယမ်းပြလိုက်ပါတယ်။

ဂီတလုလင်မောင်ကိုကို(ကြီး)ကို အနီးကပ် စတင်မြင်လိုက်ရတာ ပါ။

☆

"လူတိုင်း မြတ်နိုးကြတဲ့ အနုပညာ အမှန်ပင်၊ ကြေးကြိုးသားရေ လေ လက်ခုပ်.... သရုပ်ဖော်ကာ.... စွမ်းဆောင်ကြသည်အစဉ်.... စည်းနဲ့ဝါး.... စည်းနဲ့ဝါး...."

"ဂျင်ရဲ့ ကိုယ်လုံး ရစ်ဖုံးနှောင်ဖွဲ့ ကြိုးနဲ့ပတ်ချည်၊ ညှဉ်းကြသည် လေ သူ့ကို ကိုင်မြှောက်၊ ပေါက်သည့်အင်အား.... ကြီးမားလေလေ...."

"အံ့ပုန်းချစ်.... တစ်ရက်လောက်ချစ်ရတာရယ်၊ လင်မယားချစ် တစ်သက်လိုက်လို့ မမီပါတယ်"

"ပန်းမြိုင်လယ်.... သာနယ်ထွေ.... မျှော်လေတိုင်း...."

"နေလုံးရယ်နီ.... တိမ်ပန်းချီနေသွေးနဲ့.... နတ်ရေးသည်သို့...."

ခွန်အားကြီးမားစွာ၊ လှပစွာနဲ့ သူ့ရဲ့အရေးတွေ၊ အတီးတွေ၊ အဆို တွေက၊ အနုပညာ အဇ္ဈာထက် ပျံ့သန်းနေချိန်မှာ ကျွန်တော် ဆိုခရေးတိစ်၊ ကားလ်မတ်၊ ဘာထရန်ရပ်ဆဲ.... တွေနဲ့ လုံးထွေးနေတုန်း။

☆

'သူကျွန်မခံပြီ' (တက္ကသိုလ်ဘုန်းနိုင်)ကို၊ ကျွန်တော်က ဇာတ်ညွှန်း ရေး(ART DIRECTOR)လုပ်၊ ဒါရိုက်တာ ကြည်စိုးထွန်းက ရိုက်...၊ အသံသွင်း ဘားပြီးလို့ (DUBBING) လုပ်ကြတော့ ဦးလေးကို လက်ထဲအပ်၊ ခင်စပယ်ဦး စတူဒီယို ဧည့်ခန်းမှာ သူက ဘလက်လေဘယ်လေးနဲ့ ချိစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မြို့နေလေရဲ့။

"ကျော်ကျော်... လာလေ၊ တစ်ခွက်တစ်ဖလား..."

"ဟင့်အင်း... ဦးလေကို မစို့မပို့ ဖြစ်သွားလိမ့်မယ်"

"မစို့မပို့ ဖြစ်ချင်လို့... ကိုရင့်ကို စစ်ကူခေါ်တာ၊ ကိုယ်ကDUB လုပ်ရဦးမှာ၊ များသွားလို့ မဖြစ်ဘူး"

"ဟင်... ဒါဖြင့် စေတနာပါလို့ မဟုတ်ဘူးပေါ့"

"ဟဲ... ဟဲ... စေတနာလေးလဲပါရှာပါတယ်ကွယ်"

နှစ်ကိုယ်ချင်းဆိုရင် မြေပဒေသာကျွန်းတုန်းက စ,ခေါ်သလို 'ကျော်ကျော်' လို့ပဲ ကျွန်တော့်ကို ခေါ်ပါတယ်။ အများ ရှေ့ကျတော့ 'ဆရာလေး...' ပါတဲ့။

ရုပ်ရှင် DUBBING ပညာဟာ အင်မတန်ပညာကြီးပါတယ်"

ဆိုင်ရာဆိုင်ရာ အရုပ်တွေရဲ့လှုပ်ရှားမှု၊ ဇာတ်ကွက် အတက်အကျ စတာတွေကို DURATION နဲ့ လိုက်မှတ်။ သင့်တင့်လိုက်ဖက်တဲ့ တီးလုံး သွင်း (သီချင်းစာသား မပါပါ) ဒီမှာလဲ မည်ကာမတ္တတီးလုံး မဟုတ်ပါဘူး။ ဇာတ်ကွက်၊ ဇာတ်ဆောင်စရိုက်ကိုလိုက်ပြီး တူရိယာပစ္စည်းကို 'နေရာတကျ' အသုံးပြုရပါတယ်။ တယောတစ်လက်တည်းလား... မောင်းဆိုင်းလေးလား၊ ဆိုင်းစုံဝိုင်းစုံလား။ နှဲကြီးလား။ ဒရမ်လား... အဲသလို လုပ်ရတာပါ။ ပြီးတော့ အသွား(MELODY)။ ဂီတက ဝေကြီးဖြစ်တဲ့ ဦးလေးကိုရဲ့ပညာ ဟာ ရုပ်ရှင် DUBBING မှာ ထင်ထင် ရှားရှားကြီးကို ပေါ်ထွက်လာပါ တော့တယ်။ (ဒီပညာကို ဦးလေးကိုနဲ့ မနီးရိုးစွဲအထိ အမွေရလိုက်သူက တော့ ကျွန်တော်တို့က နှုတ်ခမ်းဒမွှးလို့ခေါ်တဲ့ အကယ်ဒမီ ကိုခင်မောင်ကြီး ပါပဲ)

'သူ့ကျွန်မခံပြီ'မှာ အခြားလိုအပ်ချက်တွေရှိ ကောင်းရှိနိုင်ပေမဲ့ လုံးဝ အလိုအပိုမရှိ၊ ကွက်တိ ဂုဏ်မြောက်နေတာကတော့ ဦးလေးကိုရဲ့ DUBBING ဖြစ်တယ်လို့ ကျွန်တော် ပြောရပါတယ်။



ဆို၊ က၊ ရေး၊ တီး ဆီ ပြန်သွားပါမယ်။

အစည်းအဝေးတစ်ခုမှာ ဆွေးနွေးကြပုံက....

(ဇာတ်တော်ကြီးပြိုင်ပွဲမှာ ရာမယဏဇာတ်တော်ကြီးကို သတ်မှတ်ချိန်)

"ဇာတ်တော်ကြီး ပြိုင်ပွဲ၊ ဗဟိုအကဲဖြတ် ဒိုင်လူကြီးအဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ် ကျွန်တော်ကတော့ ချစ်ဦးညိုကို အဆိုတင်သွင်းပါတယ်"

ဒီစကားပြောလိုက်သူက အစ်ကိုလေး ဗိုလ်ကလေးတင့်အောင်ပါ။

"ကျွန်တော် ရာနှုန်းပြည့် ထောက်ခံပါတယ်"

သွက်သွက်ကြီးထ, တဲ့ ပြောလိုက်သူက ဦးလေးကို...။

အစည်းအဝေးထဲမှာ ကျွန်တော်က အံ့သြခြင်းကြီးစွာ၊ ငုတ်တုတ် မင်တက် ကြည့်ပါဦး။ အစည်းအဝေး စားပွဲဝိုင်းကြီးမှာ ထိုင်နေကြသူတွေက ရာမဦးအုန်းမောင် (ရေကျော်ရာမ) ဆရာမကြီး ဒေါ်စောမုံညင်း၊ ဒေါက်တာ ခင်မောင်ညွှန့် (သမိုင်း)၊ ရာမ ဦးစိုးအောင်၊ ရာမဦးဘိုနီ၊ ဆရာကြီး ဦးမြင့်ကြည် (မြန်မာစာ)... အပါအဝင် ယဉ်ကျေးမှုက ဇာတ်က ရာမပညာရှင်တွေ...။

ဦးလေးကိုက ဆက်ပြောပါတယ်။

"ဒီလိုပါ။ ကျွန်တော်တို့လည်း ဗိုလ်ကလေး၊ ကျိုတ်လတ်၊ ဖျာပုံ အဆက်နွယ်တွေပါခင်ဗျာ၊ ငယ်စဉ်ကတည်းက ဖျာပုံရာမနဲ့ ကြီးပြင်းခဲ့တာ ပါခင်ဗျာ"

မြန်မာပြည်မှာ လေးစားအပ်တဲ့ ရာမပညာရှင်ကြီးတွေ ပြောင် မြောက်တဲ့ ကိုယ်တိုင် ကတတ်ပြောတတ်သူတွေ၊ နေ့တတ်ဖွဲ့တတ်သူ တွေများစွာ ရှိနေတာကိုလဲ၊ ကျွန်တော်သိပါတယ်ခင်ဗျာ၊ အဲဒီလို မြတ်နိုး သည်နဲ့ လျော်ညီစွာ... တစ်ဖက်ကလဲ ရာမအဖွဲ့တွေ၊ ဒေသအသီးသီးမှာ ရှိနေကြပါတယ်။ ဒီတော့ ဘယ်လို ဖြစ်လာသလဲဆိုတော့ ဒေသဖွဲ့ ဆရာကြီး တွေနဲ့ မူကွဲတွေ၊ အင်း... ဂိုဏ်းလို့တော့ မပြောပါဘူး ခင်ဗျာ၊ အစုတွဲလေး တွေပေါ့။ အဲဒီလို ရှိနေကြပါတယ်။ ရာမပညာရှင်ကြီး တစ်ဦးဦးတို့

www.burmeseclassic.com

www.burmeseclassic.com



အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်မယ်ဆိုရင်.... သူက လည်း သူ့မူ၊ သူ့အဖွဲ့အတိုင်း ဆောင်ရွက်လိုက်မယ်ဆိုရင်.... မလိုလားအပ် တဲ့ ဖြေရှင်းရမှုလေးတွေ ပေါ်ပေါက်လာမှာကို ကျွန်တော်တို့ ပူပန်မိကြ ပါတယ်ခင်ဗျာ... ဒါက တစ်ချက်ပါ"

သူဘယ်လောက် စကားပြော၊ ရှင်းလင်းထိမိယဉ်ကျေး လိုက်ပါ သလဲ။

"နောက်တစ်ချက်က.... ကိုချစ်ဦးညိုဟာ ဆရာရွှေဒေါင်းညို သားပြီပြီ၊ သဘင်အပေါ်မှာ မြတ်နိုးစွာနဲ့ စေတနာကြီးသူဖြစ်တယ်လို့ ကျွန် တော်တို့ သိထားပါတယ်။ နောက်တစ်ချက်က သူရေးခဲ့တဲ့ လက်ာဒီပချစ် သူ၊ ဒါ... အားလုံးသိပြီးသားမို့ ဝိတ္ထာရမချဲ့တော့ပါဘူးခင်ဗျာ... သူဟာ ရာမယဏကို ကျမ်းကြေသူလို့ မဆိုနိုင်တောင်မှ အတော်ကြီးကို နှံ့စပ်ထား သူ ဖြစ်ပါတယ်ခင်ဗျာ...

"နောက်တစ်ချက်က ကိုချစ်ဦးညိုဟာ ဘယ်ရာမအဖွဲ့ကမှ မဟုတ်တာပါပဲ။ ဒါကြောင့် သူ့မှာ ဆရာစွဲ၊ ဒေသစွဲ၊ မူစွဲတွေကနေ ကင်း လွတ်နေပါတယ်။ ထို့ကြောင့်-ကိုချစ်ဦးညိုကို ဗဟိုအကဲဖြတ်အဖွဲ့ခေါင်း ဆောင်အဖြစ် ရွေးချယ်တာဝန်ပေးသင့်ကြောင်း၊ ကိုချစ်ဦးညိုကလည်း ရွေးချယ်တာဝန်ပေးအပ်လာမယ်ဆိုရင် မငြင်းပယ်ဖို့အကြောင်း ကျွန်တော် တင်ပြဆွေးနွေးအပ်ပါတယ် ခင်ဗျား"

သူပြန်ထိုင်လိုက်ပါတယ်။

အစည်းအဝေးက တုတ်တုတ်မှ မလှုပ်ပါဘူး။ သက်ပြင်းချသံ သဲ့သဲ့တော့ တစ်နေရာက ထွက်ပေါ်လာပါတယ်။ ချောင်းဟန့်လိုက်တဲ့ အသံလဲ ပေါ်လာပါတယ်။

နာယကကြီးက ကန့်ကွက်မယ့်သူ ရှိပါသလားလို့ သုံးကြိမ်မေး တယ်။

မရှိပါ၊ မရှိပါ၊ မရှိပါ။

ကျွန်တော် ဒိုင်ချုပ်လို့ ခေါ်တဲ့ အကဲဖြတ် အဖွဲ့ခေါင်းဆော 'တန်း' ဖြစ်သွားပါတော့တယ်။



အစည်းအဝေးပြီးတော့မှ သူတို့ ညီနောင်နှစ်ပါးက ကျွန်တော့်ကို ချောင်လေးတစ်ချောင်ဆီ ခေါ်သွားပြီး တိုးတိုးပြောကြပါတယ်။

"ငါတို့က.... လက်ဝါးရိုက်ထားပြီးသားကွ"

"မင်း... ဒိုင်ချုပ်ဖြစ်တာ တင့်တယ်ပါတယ်ကွာ"

ကျွန်တော် ဘာပြန်ပြောရဦးမှာလဲ။ တစ်ခုတော့ ပြောလိုက်မိပါ တယ်။

"စောစောစီးစီး၊ ကြိုပြောထားရောပေ့၊ အစ်ကိုလေး ရော... ဦး လေးကိုရော၊ အခုတော့ ကျွန်တော့်မှာ ချည်ပြီးတုပ်ပြီး"

"ကြိုပြောရင်... မင်းက.... အီလေးအာလေး လုပ်နေမှာမို့"

"မင်း... ရာမသမင်လိုက်ကဖူးတာရယ်၊ ဒဿဂီရိပန်းစိုက် ကဖူးတာရယ်၊ ဒါတွေလဲ ငါတို့အသိ"

ထိုစဉ်က ကျွန်တော့်ပုံက ဦးမြက် (မြတ်လေး)ရဲ့ ရုပ်ရှင်လို 'ငို၍ ရယ်၍မရသော မျက်နှာ' ဖြစ်နေမှာ သေချာပါတယ်။

ဆက်ပြောကြပါသေးတယ်။

"ငါက... ဖျာပုံရာမမှာ လေးတော်ဝန် လုပ်ခဲ့ဖူးတယ်" (ဗိုလ် ကလေးတင့်အောင်)

"ကိုယ်ကတော့ ကိုရင်ကြားရင် အံ့ဩမလား မသိဘူး၊ ကိုယ်လည်း ရာမဇာတ်ထဲမှာ ဝင်ကဖူးတယ်၊ ငယ်ငယ်ကပေါ့" (ဂီတလုလင်)

"မောင်ကို... ပြောလိုက်စမ်း၊ ပြောလိုက်စမ်း"

"ဟဲ... ဟဲ... ဘယ်နေရာက ထင်လဲ"

"လက္ခဏလား" (နှိုး)

"ဘိုးတော်လား" (နှိုး)

"သမင်" (နှိုး)

ကျွန်တော် ပြုံးချင်လာပြီး...

"ဒါဖြင့် ခုနှစ်ပြည်ထောင်မင်းသား" (နှိုး)

"ကိုင်း... မောင်ကိုရယ် ပြောပြလိုက်ပါတော့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ... ဟဲ... ကိုယ်ဝင်ကတဲ့နေရာက ရွှေမွေး"

"ဗျာ..."

"ရွှေမွေးလေ ...."

ဝါးခနဲ သုံးယောက်သား ရယ်လိုက်မိကြပါတော့တယ်။

ကျွန်တော့်မှာ ဟောဗျား... ဟောဗျား... ဦးလေးကို တကယ်... တကယ်... နဲ့...။

ရွှေမွေးဆိုတာက သိန်းယိုဋ္ဌပြည်ကို ဟနုမာန်ထောက်လှမ်းရေး အသွား လမ်းခုလတ်မှာ သမုဒ္ဒရာဖြတ်၊ ရေအောက်မှာ 'ငါးမ'ကြီး တစ်ကောင်နဲ့စစ်တိုက်။

ဟနုမာန်နိုင်၊ ငါးမနဲ့ညား။ အဲဒီကမွေးတဲ့၊ မျောက်တစ်ပိုင်း၊ ငါးတစ်ပိုင်း ကောင်ကလေး။ ရွှေမွေး။ စာအုပ်ထဲမှာတော့ မစ္ဆကပိ... ဆိုလား။

★

သူ့အိမ်ကို တစ်ရက်ဖိတ်ပါတယ်။ ဧည့်သည်က အစ်ကိုလေး၊ လယ်တွင်းသားစောချစ်၊ မောင်မောင်အေး (အလင်္ကာဝတ်ရည်)နဲ့ ချစ်ဦးညို ပါ။

သူ့ဧည့်ခန်းက သားနားလိုက်တာ၊ စန္ဒရားတစ်လုံးကလဲ နံရံ မျက်နှာပြု၊ ဒီဘက်နံရံက မီနီဘား။ နိုင်ငံခြား အရက်အကောင်းစား မျိုးစုံ တွေစီလို့။ သူက ဂီတနဲ့ နိုင်ငံရပ်ခြား အတော်များများ ရောက်ခဲ့တာက လား။ အမြည်းတွေကလဲ ကောင်းပ့ါ။

"အင်း... မြေပဒေသာကျွန်းတုန်းက ဖအေ ဆရာဒေါင်းနဲ့၊ အခု သား ချစ်ဦးညိုနဲ့ ကိုရင့်အဖေ သတိရသကွာ၊ ကဲ... ကျော်ကျော်ရေ၊ ဘာ သောက်ချင်သလဲ၊ ရွေး၊ ဂိုးလ်ဒ်လေဘယ်၊ ဘလူးလေဘယ်။ ကြိုက်တာ ပြော၊ ကိုယ်ကတော့ တောညက်လေးပဲ"



ဒီကာလမှာ ဦးလေးကို ကျန်းမာရေး မကောင်းတော့ပါ၊ သူ့ ပါးစပ် လေးဟဟပြီး အသက်ရှူနေရပါတယ်။ ဒီအထဲက စကားကွေလည်း ပြော လိုက်တဲ့ဖြစ်ခြင်း။

"ကျွန်တော်- ဘလက်"

"ဘလက် မနေစမ်းပါနဲ့၊ ဘလူးသောက်စမ်းပါ၊ ဘီလူးရယ်"

အရှိန်လေးရလာကြတော့ အစ်ကိုစောချစ်ရော၊ ကျွန်တော်ပါ 'ဖောက်'လာကြပါပြီ။

ကျွန်တော်က....

"ဦးလေးကို ကျွန်တော် ဂျင်မလေးဂျမ်း ဆိုချင်တယ်"

လယ်တွင်းသားက

"ကျွန်တော်က၊ ချစ်မိုးကြီး..."

"ကိုင်း... လာကြ... လာကြ..."

သူ့စန္ဒရားခုံမှာ ဝင်ထိုင်ပါတယ်။

အလိုလေး- ဘလူးလေဘယ် ဝီစကီ၊ ဂျင်မလေးဂျမ်း၊ စည်းဝါး ထိုင်ပေးသူက ဗိုလ်ကလေးတင့်အောင်၊ စန္ဒရားက ဂီတလုလင် မောင်ကို ကို။ အလိုလေး... ဒါဟာ တကယ်ပဲလား...။ တကယ်ပဲလား...။

"သူ့ကိုပင်လျှင် ဝန်းကျင် အသိုင်းအဝိုင်း မြင်သူတိုင်းက ကျောခိုင်း ရှောင်ပြေး ဝေးဝေး... မှနေ"

ဂျင်မလေးဂျမ်းကို ကျွန်တော် မက်မက်စက်စက် ဆိုခဲ့ဖူးပေါင်း များလှပါပြီ LIVE ရော၊ KARAOKE-KTV....၊ အလွတ်၊ မယ်ဒိုလင်နဲ့ ရော။

အခု... 'ဂျင်မလေးဂျမ်း'ရဲ့ ဖခင်ကြီးနှစ်ပါးနဲ့ စာသားက အစ်ကို လေး တေးသွားက ဦးလေးကို။ အစ်ကိုကြီး(ဦး)မင်းနောင်သော်မှ ဒီလို 'ရွှေ အခွင့်အရေး' ရခဲ့ပါလေစ။

ဩော်... ဂီတလုလင်မောင်ကိုကိုဆိုတာ သည်သို့ပါတကားလို့ ဆတ်ဆတ်မုချ သိလိုက်ရပါတော့တယ်။ စန္ဒရားခလုတ်တွေ မှာ သူ့ရဲ့ လက်ချောင်းလေးတွေက ပန်းတောကြီးထဲမှ ပျားပိတုန်းလေး အလား...။

www.burmeseclassic.com



ဆိုလို့ ကောင်းလိုက်တဲ့ဖြစ်ခြင်း၊ သက်သာလိုက်တဲ့ဖြစ်ခြင်း။

သူ့ရဲ့ အလှူအလှိမ့်၊ အခေါ်အထောက်၊ အပို့အပေး၊ အဟန့်အဆီး၊ အဖော့အဖိ၊ လက်သံတွေကြားမှာ၊ ကျော့ကျော့ အသာလေးမွေးလိုက်၊ သွားရုံပါ။ ဆိုတဲ့ သူရဲ့အသံ၊ ဆိုပုံဆိုပေါက်တွေ အကောင်းဆုံး၊ အမြင့်ဆုံး ထွက်လာအောင် တီးပေးခြင်း...။ ဒါဟာ အနုပညာရှင်ကြီးရဲ့ အတ္တ လုံးဝကင်းသော ကြီးမြတ်တဲ့စိတ်ထား...။ ငါတီး... ငါကောင်း မလုပ်တဲ့ စိတ်ထား။ ကျေးဇူးတင်လိုက်တာ ဦးလေးကိုရယ်။

"တစ်ယောက်ထဲအတွက် လျှောက်လဲချက် မဟုတ်ပါပြီလေ"

"ဂျင်မလေး ပုံပြင်များ... မကြားဘယ်ခါ... ဤလူ့ရွာ ကမ္ဘာ...မြေ"

လက်ခုပ်သံဖြောင်းဖြောင်း တီးသူက တစ်ဦးတည်းသော ပရိသတ် အစ်ကိုစောချစ်..." သူက လက်ခုပ်တီးရင်းပြောသေး။

"ငါ့ညီရာ... ဂျင်မလေးဂျမ်းကို မင်းဆိုတာ၊ အကြိမ်တစ်သိန်းလောက် ငါနားထောင်ဖူးပါတယ်။ ဒီတစ်ခါကတော့ စံချိန်ပဲကွာ မင်း... ဒီထက်ကောင်းအောင် ဒီလောက်ကောင်းအောင်... ဘယ်တော့မှ ဆိုဖြစ်တော့မှ မဟုတ်ဘူး"

ဦးလေးကိုက ခုံက မထသေးဘဲ လှည့်ပြောပါတယ်။

"မင်းနောင်ထက်တောင်ကောင်းသေး..."

"ဟာ... ဦးလေးကို ဒါတော့ များသွားပြီ"

"ဟဲ... ဟဲ..." နဲ့ သူရယ်နေပါတယ်။

အစ်ကိုစောချစ်ရဲ့ ချစ်မိုးကြီးကလဲ ကောင်းလိုက်တာများ သူ့လိုပဲ ပြန်ပြောရရင် သူ့ချစ်မိုးကြီးဆိုတာကို ကျွန်တော် အကြိမ်တစ်သန်းလောက် နားထောင်ခဲ့ဖူးပါတယ်။ ဒီတစ်ကြိမ်ကတော့ အမြင့်ဆုံး RECORD ပါပဲ။

ဦးလေးကို ကို ဂူသွင်း (ဒီစကားလုံးကြီး ရေးရတာ၊ ကျွန်တော့်လက် ကျွန်တော်စက်ဆုပ်လိုက်တာ ဦးလေးကိုရယ်) ပြီးတော့...



ရှိုက်ကြီးတငင်ဖြစ်နေတာက အစ်ကိုလေး ဗိုလ်ကလေးတင့်အောင်မဟုတ်ပါ။ ဦးလေးကိုရဲ့ လက်ရင်းတပည့် နှုတ်ခမ်းမွှေး အကယ်ဒမီ ကိုခင်မောင်ကြီးပါ။

"နှုတ်ခမ်းမွှေးရေ ငိုနေလို့ မပြီးသေးဘူးနော်

ဆရာကို ကျေးဇူးဆပ်တယ်ဆိုတာ၊ ပညာနဲ့ ဆပ်ရတယ်၊ ဒါမှ တပည့်ကောင်း" လို့ ကျွန်တော်က ပြောလိုက်တော့

နှုတ်ခမ်းမွှေးက

"ကျွန်တော်သိပါတယ် ဆရာချစ်ရယ်၊ အခုတော့ ငိုလိုက်ပါရစေဦးဗျ"

"ငိုဗျာ... ငိုဗျာ..."

အို... ကျွန်တော့် အသံကလည်း တုန်ပြီး... နစ်သွား...။

ချစ်ဦးညို

စာကြွင်း။ ။ အစ်ကိုကြီး စန္ဒရားချစ်ဆွေနှင့် ဦးလေးကိုတို့ ဆက်စပ်နေကြပုံ တစ်ကွက်ရှိပါသည်။

အစ်ကိုကြီး၏(၇၀)ပြည့် မွေးနေ့ပွဲမှာ 'မွေးလွန်းသည့်ပန်း' ဆိုပြီး ပြန်ဆင်းလာ၊ အစ်ကိုကြီးကို လက်အုပ်ချီ၊ အစ်ကိုကြီး... ကျွန်တော်နဲ့ ORIGINAL KEY အတိုင်း ကြိုးစားပါတယ်' ဟု ပြောအပြီး ကိုယ့်စားပွဲဆီ ကိုယ်သွားမည် အပြုတွင် ကျွန်တော့်လက်ကို တစ်ယောက်ယောက်က ဖမ်းဆွဲလိုက်ပါသည်။ လှည့်ကြည့်လိုက်သောအခါ လက်ဆွဲသူမှာ ဦးလေးကို။ ဦးလေးကိုက ကျွန်တော့်ကို စကားတစ်ခွန်း ပြောပါ သည်။

"ချစ်ဦးညို... စာလေး ဘာလေးလဲ ရေးဦးနော်၊ တော်ကြာ စာရေးတာကို မေ့သွားမယ်... တဲ့"

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## အနုတွေအလုတွေနဲ့ သုတေသနစာရေးဆရာ
## (သို့မဟုတ်)
## ငြိမ်းကျော်

'အလွမ်း' ဆိုလိုက်တိုင်း ပူဆွေးသောက ဗျာပါဒများနဲ့ချည်း ခြုံသိုင်းနေတယ်လို့ မထင်ပါ။ ဝေဒနာ(SUFFERING)တွေပေါ်မှာ တည်ဆောက်ထားတဲ့ ဝါ- တစ်နည်း ပုဂ္ဂလိကသံယောဇဉ်ချင်း ဆက်သွယ်ချည်နှောင်ထားတဲ့ အလွမ်းမျိုးကတော့ သောကဗျာပါဒကို ပေါ်ပေါက်စေတယ်လို့ ထင်ပါတယ်။

နောက်အလွမ်းတစ်မျိုးရှိပါသေးတယ်။ အဲဒါကတော့

သွားလေသူရဲ့ စိတ်ကောင်းစေတနာကောင်း၊ ဉာဏ်ကောင်း၊ ဝီရိယကောင်းတို့ကို ချစ်ခင်မြတ်နိုးစွာနဲ့ လွမ်းတဲ့အလွမ်း။ ရိုးရိုးလေးပြောရရင် သူ့ကို သတိရလေတိုင်း 'နှမြော' စိတ်တွေ ဖြစ်ပေါ်နေတဲ့အလွမ်း....။ လူအများ ပြောလေ့ရှိတဲ့စကားနဲ့ ပြောရရင် 'အသေစောလို့ နှမြောလိုက်လေခြင်း' ဆိုတဲ့အလွမ်း....။

ဆရာငြိမ်းကျော်ကို ကျွန်တော် လွမ်းတဲ့အလွမ်း....က အဲဒီသို့ အလွမ်းမျိုး....။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အချို့(အတော်များများ) က ဆရာချစ်လို့ ခေါ်ကြပါတယ်။ ရွယ်တူ ခေတ်တူတွေက ဘိုချစ်။ ရင်းနှီးသူတွေက မောင်ချစ်။ ဖိုးချစ်။ ဆရာ့ဆရာကြီးတွေက ငချစ်။ အဲဒီလို ချစ်နဲ့ နာမတပ်ခေါ်လေ့ရှိကြရာမှာ ဆရာငြိမ်းကတော့ ခေါ်ပုံက တစ်သီးတစ်ခြား 'ဖိုးညို' တဲ့။ သူအဲဒီလို ခေါ်လိုက်ပြီဆိုမှဖြင့် ကျွန်တော့်မှာ ချစ်စနိုးနဲ့ ခေါင်းကို အပွတ်သပ်ခံလိုက်ရတဲ့ မျောက်ကလေးတစ်ကောင်လို ပျော်သွားမိတော့တယ်။

သူ့ရဲ့ နာမည်ကြီးလှတဲ့ 'အပြာရောင်သစ်ခွပွင့်ရဲ့သမိုင်းအစ' ဟာ မလိခ မြန်မာဝတ္ထုအညွှန်းပေါင်းချုပ်အရ သူ့ရဲ့ စတုတ္ထမြောက်လုံးချင်းဝတ္ထုဖြစ်ပါတယ်။ ထိုအချိန်မှာ သူဟာ သူ့ရဲ့ပထမဆုံးလုံးချင်း 'နှလုံးသားမြို့ဟောင်း တူးဖော်ချက်အစီရင်ခံစာ'(၁၉၇၅)နှင့် လျှမ်းလျှမ်းတောက် အောင်မြင်နေပါပြီ။ ငြိမ်းကျော်ရဲ့ 'အပြာရောင်သစ်ခွပွင့်' နဲ့ 'လက်ဘဒီပချစ်သူ' တို့ဟာ တစ်နှစ်တည်းဖွားများ ဖြစ်ကြပါတယ် (၁၉၇၇)။

သူဟာ ကျွန်တော့်ထက် ကလောင်သက်များစွာ စောသလို လူ့သက်လည်း အနည်းဆုံး ၄နှစ် ၅နှစ်ကြီးသူပါ။

အရွယ်အဝါရော၊ လူသက်ရော၊ ကလောင်သက်ပါကြီးတဲ့(ကျွန်တော့်ကို ဖိုးညိုလို့ခေါ်တဲ့) သူ့ကို၊ ကျွန်တော်က အလိုလိုပဲ အစ်ကိုကြီးလို့ ခေါ်ဖြစ်သွားပါတယ်။ တစ်ခါတစ်ရံ သူ့ပြောပုံလုပ်ပုံတွေအပေါ် နည်းနည်းစိတ်အလို မတွေ့တဲ့အခါတွေမှာတော့ 'ဘိုငြိမ်း'လို့ လယ်ဗယ်တန်းညီသလိုလိုနဲ့ ခေါ်မိတာ ရှိပါရဲ့။

လူပုံက ပိန်ပိန်ပါးပါး၊ ညှက်ညှက်။ အမြဲလိုလို ချိုနေတဲ့ မျက်နှာသွယ်သွယ်ပေါ်မှာ ကျောက်ဂေါက်မ သက်သက်။ မဖြီးမသင်ဘဲ 'ပုံကျ' နေတဲ့ဆံပင်ရှည်(သယောင်ယောင်)။ သွက်လက်ဖြတ်လတ်စွာ လှုပ်ရှားနေတတ်တဲ့အမူအရာ၊ သူ့ကိုယ်သူ ယုံကြည်မှုရှိနေတဲ့ မျက်လုံးအစုံ၊ စကားသုံးခွန်းပြောရင် တစ်ခွန်းခွဲက ရွှတ်ရွှတ်နောက်နောက် ပြောတတ်တဲ့ ဝေါဟာရ...။

အဲဒီအစ်ကိုကြီးဟာ ခင်မင်နှစ်လိုဖွယ်ကောင်းသူပါ။



"ဖိုးညို မင်းတို့၊ စမ်းစမ်းနွဲ့တို့ ကိုယ့်ဆီမှာလာပြီး စာရေး၊ စားသောက်နေထိုင်စရိတ်အားလုံး တာဝန်ယူတယ်။ ကိုးကားချင်တဲ့စာအုပ်မှန်သမျှ ကိုယ်အကုန်ထုတ်ပေးမယ်။ စရိတ်ငြိမ်း။ စာကောင်းပေကောင်းရေးနိုင်အောင် ကိုယ်စီစဉ်ထားတယ်"

အင်းစိန် ပေါက်တောရပ်မှာ ရှိတဲ့ သူ့ခြံထဲမှာ ဧရာမတိုက်ကြီးတစ်လုံး အစဖျိုးတည်ဆောက်နေချိန်မှာ သူ အဲဒီလို ပြောခဲ့ပါတယ်။

အဲဒီတိုက်အိမ်ကြီး အုတ်မြစ် မချခင်ကတော့ သူ့အိမ်ဟာ လှေကားသုံးလေးထစ်အမြင့် သာမန်သစ်သားအိမ်ပါ။ စာအုပ်တွေအပြင် စန္ဒရားလဲ ရှိရဲ့။ (သူစန္ဒယားတီးတာတော့ အသေအချာ မကြားဖူး မမြင်ဖူးပါဘူး။ ကိုတင်ဝင်းလှိုင်တစ်ယောက်တော့ မကြာမကြာ လာတီးပြီး ဂီတဆည်းဆာလေးတွေလုပ်ကြဆိုပဲ)။ သစ်သားအိမ်ခပြင်မှာ ဖျာတစ်ချပ်ခင်း၊ ရင်ဘတ်အောက် ခေါင်းအုံးခု၊ ဝမ်းလျားမှောက် အနေအထားနဲ့ စာရေးတာ ငြိမ်းကျော်ပါပဲ။

ကျွန်တော် မြင်ဖူးသမျှ စာရေးဆရာတွေရဲ့ လက်ရေးတွေထဲက လက်ရေးအလှဆုံး၊ အသပ်ရပ်ဆုံး၊ (ဒီဇိုင်းတောင်ဆန်ပါရဲ့)ထဲမှာ သူ ပါပါတယ်။ (အလားတူ လက်ရေးပိုင်ရှင်တွေက အစ်ကို ခမောင်သိန်းဆိုင်၊ ဆရာအောင်ပြည့်တို့ပါပဲ) စကားစပ်လို့ ပြောရရင် စိတ်ပျက်စရာအကောင်းဆုံးလက်ရေးကတော့ မောင်ဝဏ္ဏပါပဲဗျား။

ဘိုငြိမ်းဟာ စာရေးရင်လည်း အင်မတန် စနစ်ကျပါတယ်။ ဝတ္ထုရှည်ရေးမယ်ဆိုပါတော့။ အခန်းလိုက် အခန်းလိုက်ကို စကက်ချ် ချပါတယ်။ အကျဉ်းချုပ်(SYNOPSIS)သဘောမျိုးတည်ဆောက်ပါတယ်။ အဲဒီလို ဝတ္ထုသွားရဲ့(TEMPO)ကို ချိန်ညှိပြီးတော့မှရေးတဲ့သူ၊ ပြောရရင်ဇာတ်ညွှန်းတစ်ပုဒ်ရေးတဲ့ ပုံစံမျိုး။

စကားလုံး အသုံးအနှုန်း၊ ဝေါဟာရ အထားအသိုနဲ့ လိုအင်တဲ့နေရာတွေမှာ အသေးစိပ် သရုပ်ဖော်ပုံတွေကလည်း ငြိမ်းကျော်မှအပ အခြား မည်သူမျှ မလုပ်နိုင်တဲ့အရာပါ။ (အဲဒီလို ဘုရားပေးသောလက်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်နောက်တစ်ဦးက လောကကြီးမှာ စာရေးဖို့ လူဖြစ်လာသူလို့ ကျွန်တော်တို့ ပြောကြရတဲ့ နိုင်ဝင်းဆွေပါ)။

အရေးအသားပြေပြစ်ချောမွေ့တဲ့အပြင်၊ ဘိုငြိမ်းဟာ မိမိရရ 'စတိုင်' တစ်ခုကိုလည်း အောင်မြင်စွာ ထူထောင်နိုင်ခဲ့သူ ဖြစ်ပါတယ်။ အခြား ဟုတ်ပါရိုးလား။ စာလုံးအရေအတွက်များပြားလှတဲ့ ဝတ္ထုနာမည် ပေးခြင်းပါပဲ။ (နှလုံးသားမြို့ဟောင်းတူးဖော်ချက်အစီရင်ခံစာ)၊ (မိုးမသောက် မှောင်မိုက် အရိပ်မပြေးမီ)၊ (ခုတော့လဲ တစိမ်းတွေလိုပါပဲလား)—။ ပရိသတ်ကို ဖမ်းစားနိုင်ခဲ့တဲ့ အမည်နာမတွေ။ ဒါကို 'စတန့်' ထွင်တယ်လို့ ပြောချင်ရင်တောင်မှ အင်မတန် ဖတ်ကောင်းတဲ့စတန့်တွေလို့ ဝန်ခံကြရပါမယ်။ အဲဒီစတန့်(ဆိုပါစို့) ကနေပြီး ကိုယ်ပိုင်စတိုင်ကို သူရသွားပါတယ်။

☆

သူနဲ့အတူ စာပေဟောပြောပွဲနယ်ခရီး ထွက်ခဲ့ဖူးတဲ့ အကြိမ်ဟာ ရှိလှ သုံးကြိမ်ထက် မပိုဘူးလို့ ကျွန်တော် မှတ်မိပါတယ်။ အဲဒါကလည်း ညဉ့်အိပ်ညဉ့်နေ ခရီးရှည်တွေ မဟုတ်ပါ။ နေ့ချင်းပြန် နေ့ပွဲတွေပါ။

စာပေဟောပြောပွဲခရီးနဲ့ ပတ်သက်လို့ ဘိုငြိမ်း 'နာမည်ရ'ပုံတစ်ခုကို ပြောလိုက်ချင်ပါသေးတယ်။ 'နာမည်ရ'ဆိုလို့ 'နာမည်ကောင်းရ'တာ မဟုတ်ပါဘူး။ ကောင်းပြီကောင်းရဲ့နဲ့ ကတိပေးပြီးမှ ဘူတာရုံ၊ ကားဂိတ်မှာ (ကိုယ်မလိုက်နိုင်တော့ဘူး၊ မောင်ရင်တို့ သွားတော)ဆိုတဲ့ အင်ဖော်မေးရှင်းကို ပို့လိုက်တာပါပဲ။ ငြိမ်းကျော် ကပ်ကပ်ပြီး ဖျက်တယ်ဆိုတဲ့ 'နာမည်'တို သူအသေအချာ 'ရ'ပါတယ်။ ဟောပြောပွဲလိုက်ပါမယ်လို့ သူ အာမခံတာခံပြီးတော့မှ မလိုက်နိုင်တော့ဘူးလို့ ကပ်ပြီး အကြောင်းကြားတာ ဘာကြောင့်ပါလိမ့် ကျွန်တော် မသိပါ၊ ဉာဏ်မမီပါ။ စောစောစီးစီး ကြိုတင်ပြောသင့်တာပ၊ အခုတော့...။

အဲဒီလိုမျိုး သုံးလေးကြိမ် ကျွန်တော် ကြုံဖူးပါတယ်။ ကော်မတီက မျက်စိမျက်နှာပျက်နေချိန်မှာ ကျွန်တော်(တို့)ကတော့ သူ့ကို အမြင်တစ်



နေကြပါတယ်။ ပြန်လာကြတော့...

"ဘိုငြိမ်းရာ...ဒီလိုလုပ်တာ မကောင်းပါဘူး" ဘာညာနဲ့ ပြောတော့ ရယ်ဖြဲဖြဲနဲ့ "ဖိုးညိုရ ဘယ်တတ်နိုင်မလဲ ဟောပြောပွဲထက် အရေးကြီးတဲ့ကိစ္စက ပေါ်လာတာကိုး"တဲ့။ ဒါကို အပြစ်တစ်ခုလို့ ယူဆပုံ မရတဲ့ မျက်နှာမျိုး။

ရန်ကုန် ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်၊ ပထဝီဝင်ဌာနက ကျင်းပတဲ့ ဟောပြောပွဲတစ်ခုမှာတော့ သူနဲ့ကျွန်တော် ဆုံရပါတယ်။ ပြောရရင် သူတလျှမ်းလျှမ်းတောက်။ ကျွန်တော်က လူငယ်ခြေတက်(ဆိုကြပါစို့)။

"ကိုယ်အရင်ဟောမယ်၊ စာကြည့်တိုက်သွားစရာရှိလို့၊ နောက်ပိုင်းကို ဖိုးညိုက ထိန်းသွား"

"အစ်ကိုကြီး ကြိုက်သလိုသာ စီမံပါတော့ ခင်ဗျား"

သူ့ခေါင်းစဉ်ကလည်း သူ့ဝတ္ထုနာမည်တွေလိုပါပဲ။

'ကျွန်ုပ်တို့ ရေးနေကြသည်။ အသင်တို့ ဖတ်နေကြသည်။ သို့သော်—'

တဲ့။

အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ပရိသတ်ကို ဆွဲဆောင်ဟောပြောသွားတယ်လို့ မထင်လိုက်ပါနဲ့။ သူပြောချင်တာ ပြောသွားတာပါ။ "ကျွန်တော်တို့တာ လက်ကြောတင်းအောင်ရေးတဲ့ စာရေးဆရာတွေပါ" "ဝတ္ထုဆိုတာ ကံသုံးပါး အပြုအမူတွေနဲ့ အဲဒီအပြုအမူတွေ ဘာကြောင့် ဖြစ်ပေါ်၊ ဘယ်လိုသတ်ရောက်ဆိုတဲ့ လောကသဘာဝ၊ လူ့သဘာဝတွေကို ပြောပြ ရေးပြရတာ—"

သူ့ ဟောပြောချက်ကို ကျွန်တော် ကြိုက်ပါတယ်။ ပရိသတ်တာတော့ မကြိုက်ဖို့ များပါတယ်။ သူ့က ဟောပြောရင်းနဲ့ 'ဆရာကြီးလုပ်လိုက်သေးတာကလား။ အဲဒီအချိန်မှာ သူရှိလှ ၄၇ - ၄၈။ ဒါပေမယ့် အသက်နဲ့မမျှ သူ 'လူကြီးစိတ်' ဝင်နေတယ်လို့ ပြောရင်ရမလား၊ ရမယ်ထင်ပါတယ်။

ဘာဖြစ်လို့ပါလဲ။

☆

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၈-၂၀၀၉ ကာလ။ မုခ(FACES)မဂ္ဂဇင်းမှာ ကျွန်တော် အခန်းဆက်ဝတ္ထုရှည် ရေးခဲ့ပါတယ်။ အဆုံး မသတ်ပါ။ (ယခု အဆုံးသတ် အထိ ရေးနေပါတယ်။ ။ စကားချပ်) ဝတ္ထုနာမည်က 'သုမနု'။

အများသိကြတဲ့ သုမနေ ဒွေးမယ်နော်ဇာတ်ပါ။ ဇာတ်တွေက ပုံပြင် ရုပ်ပြစာအုပ်တွေထွက်နဲ့ ပရိသတ်အသိများတဲ့ ဇာတ်လမ်း ဖြစ်ပါတယ်။

'သုမနု'ကို ကျွန်တော် ရေးမယ် ဆုံးဖြတ်လိုက်ချိန်မှာ ခေါင်းထဲ ချက်ချင်းပေါ် လာ၊ ချက်ချင်းကောက်ဖွင့်လိုက်တဲ့ စာအုပ်ကြီးတစ်အုပ်ရှိပါ တယ်။

အဲဒါကတော့ (၁၉၇၃) အမျိုးသားစာပေ သုတပဒေသာ(ဝိဇ္ဇာ)ဆု ရစာအုပ် (ငွေတောင်)။ ရေးသူက (ငြိမ်းကျော်)။

အမည်အပြည့်အစုံက (ငွေတောင်၊ သုမနုမနောဟရီဇာတ်နှင့် သမိုင်းကြောင်း သုတေသန) ဖြစ်ပါတယ်။ ပုံနှိပ်မှတ်တမ်းကို ကူးယူဖော်ပြ ပါမယ်။

ပုံနှိပ်ခြင်း-ပထမအကြိမ်။ စောင်ရေ-၂၀၀၀။ မျက်နှာဖုံး-ဗဂျီ အောင်စိုး။ ဘလောက်-သောင်းလှ။ အဖုံးရိုက်-ကာလာမောင်မောင်လှ၊ မောင်ကိုဦး(၀၇၃၆) မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်တ ကုမာရစက်ဖြင့် ပုံနှိပ်၍ ဦးဖေသန်း(၀၁၀၉၁)၊ စာသဘင်စာအုပ်တိုက်၊ အမှတ် ၃၊ သဃ်န်းကျွန်းလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ စာသဘင်- ဖုန်း ၅၀၀၁၃။ စာသဘင်- စက်တင်ဘာ၊ ၁၉၇၃။

'စာရေးသူ၏အမှာစာ'လို့ ပြောရင်ရတဲ့ 'ကောသမ္ဗီမှ ကန္တာရဝတီ အစရှိသော' ခေါင်းစဉ်တပ် အမှာစာကပဲ ၁၈ မျက်နှာ ရှိပါတယ်။ စာအုပ် Size က (၈ လက်မ × ၁၀ လက်မ) ဖြစ်ပါတယ်။

သူ့အမှာစာကို မြည်းကြည့်ပါ။

- ခံစားမွေ့လျော်ဖွယ်ကောင်းသော ဆောင်းရက်များ၏ နံနက်စောစော တွင် တက္ကသိုလ်များဗဟိုစာကြည့်တိုက်၏ သလင်းကျောက်လှေကားနံ ပေါ်၌ တံခါးဖွင့်ချိန်ကို ထိုင်စောင့်ရသည်က များ၏.... .... ....



- အချိန်ကာလကို အဆမတန် စေးနည်းတွန့်တိုနေမိသည်။ အဘယ် ကြောင့်ဆိုသော် သုမနုမင်းသားနှင့် ဒွေးမယ်နော်ကိန္နရီပျိုမတို့က လမ်းစဖျောက်သွားမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်လေသည်....
- ကိန္နရီပျိုသည် သုမနုကို လက်ဆွဲခေါ် ယူကာ အာရှတစ်ခွင်နှင့် ဥရောပ ကုန်းမြင့်ဒေသအနှံ့ ပျံလေ၏။ ပျံလေသမျှတွင် အကွာရာအရေးအခြစ် များ ပြောင်း၍ ပြောင်း၍ သွားပေသည်။ ဘာသာစကားတို့လည်း အကွဲကွဲ အပြားပြား။ သက္ကတ၊ တရုတ်၊ တိဗက်၊ မွန်ဂိုလီးယား၊ ဂျပန်၊ ကိုးရီးယား၊ ပါဠိ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရိုတန်နှင့် အရှေ့တောင် အာရှဘာသာစကားများ။
- သုတေသနလုပ်ငန်းကို ဆယ်နှစ်လောက်မျှသာ တွေ့ကြုံရသူအဖို့ရာ၊ သုမနုအကြောင်းအရာသည် ကြောက်မက်ဖွယ် အထုအထယ်ကြီး ဖြစ်နေပေသည်။ လပေါင်းနှစ်ဆယ်ကျော်သောအခါ စတင် ရေးသား ရန် အသင့် ဖြစ်သည်။ နှစ်လကျော်မျှ ရေးသောအခါမှ ပြီးစီးသည်။ ပြီးစီးသော်လည်း စင်စစ် မပြည့်စုံသေးဟု နားလည်ပြီး ဖြစ်၏။
- ဒီချောင်းကို ဝင်မိလျှင် မထင်နဲ့ တစ်ခေါက်ထဲ
  တက်တုံ့ သက်တုံ့နဲ့
  တက်မကုန် သက်မစဲ၊ မောလောက်အောင်ပဲ။

အမျိုးသားကဗျာဆရာကြီး ဇော်ဂျီသည် ထိုကဗျာပိုဒ်ကို သုတေသန သမားများအတွက် ရည်ညွှန်းရေးသားထားသလော ဟုပင် တွေး လောက်ဖွယ်တည့်။

.... .... .... ဟိုတစ်စ ဒီတစ်စ ကောက်ထားတာလေးတွေ ဖြစ်ပါတယ်။

'ငွေတောင်'ကို အမှာစာ အဆုံးအောက်မှာ 'ငြိမ်းကျော်၊ ၁၉၇၂၊ အောက်တိုဘာ ၁၀' လို့ ရေးထိုးထားပါတယ်။ ဒါကိုထောက်ပြီး 'ငွေတောင်' ကို သူရေးဖို့ စတင်ချိန်ဟာ ၁၉၇၀။ အဲဒီအချိန်မှာ သူ့အသက်(၁၉၄၄ ဖွား ဆိုတော့) ၂၆နှစ်။ မြတ်စွာဘုရား....။

www.burmeseclassic.com

www.burmeseclassic.com



သူ ဝိဇ္ဇာဘွဲ့ရတာက ၁၉၇၄။

(ရန်ကုန်တက္ကသိုလ် သူ စတက်တာက ၁၉၆၇ ဆိုတော့ ဝိဇ္ဇာဘွဲ့ အတွက် တက္ကသိုလ်မှာ သူ ကျင်လည်နေခဲ့တာကိုက ၇ နှစ်)

ကျောင်းသားဘဝနဲ့ ရှု 'ငွေတောင်'ကို သုတေသနကျမ်းပြုနေခဲ့တာပါလား။ ဘွဲ့ရပြီးမှ၊ မဟာတက်ပြီးမှ၊ ပါရဂူဖြစ်ပြီးမှ ရေးခြင်း မဟုတ်ပါလား။ အသက်သုံးဆယ်မပြည့်သေးသော၊ ဘွဲ့မရသေးသော လူငယ်လေးတစ်ယောက်ရဲ့ 'ငွေတောင်'ပါလား။

ခင်ဗျား တော်လိုက်တာ အစ်ကိုကြီးရယ်။

☆

'ငွေတောင်'မှာ ဖော်ပြထားတဲ့ 'ကျမ်းကိုးစာရင်း'အရ မြန်မာစာအုပ်က (ဦးကုလား-မဟာရာဇဝင်တော်ကြီးမှအစ၊ ဦးအောင်သော်-ဗိဿနိုးမြို့ဟောင်း အထိ) (၄၄)အုပ် ရှိပါတယ်။ အင်္ဂလိပ်စာအုပ်က (AOKI, B- STUDY ON TIBETIAN CHRONICLES မှအစ THE ART OF INDIAN ASIAအထိ) (၁၉၁)အုပ် ရှိပါတယ်။ ဒီ'ငွေတောင်'ဟာ ပညာပဒေသာ စာစောင်မှာ ဖော်ပြဖို့ဆိုပြီး ရစ်သီရစ်သီ။ အကောင်အထည် မပေါ်ပြန်ဘဲ ရွှေရတုအထိမ်းအမှတ်အထူးထုတ်မှာ ဖော်ပြမယ်ဆိုပြီး ဝေ့လည်ဝေ့လည်။ တစ်ခါ မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်က ဖော်ပြမယ်ဖြစ်ပြန်ပြီး သဝေထိုး။ နောက်ဆုံး သူ့ဖခင် ဦးအေးမောင်ရဲ့ ငွေကြေးနဲ့ စာသဘင်စာအုပ်တိုက် ပုံနှိပ်လိုက်တော့မှ စာအုပ် ဖြစ်လာရပါတယ်။

ငြိမ်းကျော်ကို ရှည်လျားလှတဲ့ နာမည်တွေနဲ့ အရေးကောင်းတဲ့ အချစ်ဝတ္ထုစာရေးဆရာလို့ မှတ်ချက်ချရင် အဲဒီမှတ်ချက်ဟာ သူ့ဂုဏ်ပုဒ် အစစ်အမှန်ကို သုံးပုံတစ်ပုံသာ ထင်ဟပ်နိုင်တဲ့ (လျော့နည်းသောမှတ်ချက်) လို့ ကျွန်တော် အလွမ်းတွေ ကြားထဲက အတိအလင်း ဟစ်ကြွေးလိုက်ပါတယ်။



ကိုဘောဂလို ဝတ္ထုတိုမျိုး (မြဝတီမဂ္ဂဇင်း)

ကိုငှက်ရိုးလို အလှောင်အထေ့ ဝတ္ထုတို... အများ...

စာပေယဉ်ကျေးမှုဆိုင်ရာ၊ သုတေသနဆောင်းပါး အများ (ဦးမောင်မောင်ကြီး အမည်ရင်းနဲ့ရေး)။ .... ....။ မပြီးသေးပါ။

သူဟာ မပြီးသေးတဲ့စာတမ်းနှစ်စောင်ကို ချန်ထားခဲ့ပါသေးတယ်။

ပျူဂီတ ။ မဟာပရိနိဗ္ဗာနသုတ် ။

'ပျူဂီတ'က သရေခေတ္တရာ ပျူဂီတသံစဉ်နှင့် မုဒ္ဒန(MODE) လေ့လာချက်။

'မဟာပရိနိဗ္ဗာနသုတ်'က ပါဠိ၊ သက္ကတ၊ တိဗက်၊ တရုတ် မဟာပရိနိဗ္ဗာနသုတ်များနှင့် ပထမသင်္ဂါယနာတင်ပြဿနာ။

အဲဒီ'ငြိမ်းကျော်'ကို အချစ်ဝတ္ထုရေးသူလို့ ဆိုင်းဘုတ်ချိတ်လိုက်ကြမယ်ဆိုရင် မပြောကောင်း မဆိုကောင်း မမွစရီယဘွဲ့ရအရှင်ကို ပထမငယ်တန်းအောင်ပြီးသူလို့ ဆိုလိုက်ရာ ကျသွားပါလိမ့်မယ်။

☆

"ကိုယ် ငရုတ်သီးတွေ အစားများသွားတာကွ ဖိုးညို၊ရ၊ သိတဲ့အတိုင်း ကိုယ်က အပူအစပ်ကဲကဲ ချစ်တီးစာတွေ သိပ်ကြိုက်တာကိုး"

မပြီးတတ်သေးတဲ့ သူ့ရဲ့ဆောက်လက်စ ဗိမာန်ကြီးရဲ့ အိပ်ခန်းထဲက ကုတင်ပေါ်မှာ မှိန်ဖျော့လျော့နည်းနေတဲ့ သူ့အသွင်။

နံရံစင်ပေါ်မှာ ကြက်ပေါင်းရည်ဘူးတွေက အစီအရီ။

"ဖိုးညိုတို့ အားတင်းထား၊ မိစမ်းနွဲ့ကိုလည်း ပြောလိုက်၊ ကိုယ့်တိုက်မှာ မောင်ရင်တို့ လာနေပြီး စာရေးကြ၊ အားလုံး တာဝန်ယူတယ်"

အားတင်းပြီး ကျွန်တော် ပြောလိုက်တယ်။

"အစ်ကိုကြီး မြန်မြန် နေကောင်းအောင် လုပ်ဗျာ၊ သိပ်ပြီး မပူးစပ်တဲ့ ချစ်တီးထမင်းဟင်း သွားစားကြရအောင်"

သဘာဝမဟုတ်၊ လုပ်ယူထားတဲ့ စကားတွေ ပြောနေကြမှန်း နှစ်ယောက်စလုံး အသိပါ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၅၊ အောက်တိုဘာ ၁၇၊အင်းစိန် ပေါက်တောရပ်က အိမ်မှာပဲ သူ ကွယ်လွန်သွားပါတယ်။

နောက်ဆုံးလများမှာ သူ့ဝတ္ထု၊ သူ ဇာတ်ညွှန်းရေး၊ သူ ဒါရိုက်တာ လုပ်တဲ့ ဗီဒီယိုကား....။ ပြီးတော့ လူပြောများလှတဲ့ နာမည်ရှည်ကြီးတွေနဲ့ သူ့အချစ်ဝတ္ထု ကောင်းကောင်းတွေ....။ အဲဒါတွေထက် ....

သူ ကွယ်လွန်ပြီးနောက် 'ထား'ခဲ့တဲ့

'ငွေတောင်'၊ မပြီးသေးသော 'ပျူဂီတ'၊ မပြီးသေးသော 'မဟာ ပရိနိဗ္ဗာနသုတ်' ....။ ဒါကြောင့် ကျွန်တော့်အတွက် သူဟာ ....

အနုတွေအလှတွေနဲ့ သုတေသန စာရေးဆရာ - ပါ။

နှမြောတယ် အစ်ကိုကြီး ....။

ချစ်ဦးညို

၂၉၊ ၃၊ ၂၀၀၀။

www.burmeseclassic.com